# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


> **ချမ်းသာ၏**
>
> သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။
> သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။
> ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို
> မပြုခြင်းသည် ချမ်းသာ၏။
>
> ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၆)၊ အမှတ် (၀၈၆)


# ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ၁၈ ထပ် အဆောက်အအုံသစ်စီမံကိန်း မိတ်ဆက်
# နှစ်နှစ်အတွင်း တန်ဖိုးနည်းအိမ်ရာ အခန်းပေါင်း ၈၀၀၀ ကို ဦးစားပေးဆောက်လုပ်ရန်စီစဉ်



**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရောဝဏ်ရတနာ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း အပိုင်း(၁)၊ ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ ၁၈ ထပ် အဆောက်အအုံသစ်စီမံကိန်း မိတ်ဆက်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အဆိုပါအိမ်ရာစီမံကိန်း၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးပုံစံငယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ပုံစံငယ်နှင့် ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ ပုံစံငယ်တို့ကို ကြည့်ရှုစဉ်** (သတင်းစဉ်)

## ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာခင်မောင်ညွန့်၏ ကြေးရုပ်တုဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာခင်မောင်ညွန့် (၁၉၇၇-၁၉၉၃)၏ ကြေးရုပ်တုဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်စီးပွားရေးတက္ကသိုလ်ဝင်းအတွင်းရှိ ဒေါက်တာခင်မောင်ညွန့်၏ ကြေးရုပ်တု အနီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဒေါက်တာခင်မောင်ညွန့်၏ ကြေးသွန်းရုပ်တုကို ဖွင့်လှစ်၍ မင်္ဂလာပန်းကုံးဆင်မြန်းခဲ့ပြီး နိုင်ငံတော်သမ္မတ၏သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

သဝဏ်လွှာတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၌ ၁၉၆၀ ပြည့်လွန်နှစ်များက နိုင်ငံရေးအပြောင်းအလဲဖြစ်ခဲ့ပြီး စီးပွားရေးနှင့်ပညာရေးနယ်ပယ်တွင်လည်း အပြောင်းအလဲများ ဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ပညာရေးနယ်ပယ်တွင် ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်သည် မဟာဌာနစနစ်မှ ပညာရပ်ကိုအခြေခံသော ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ စီးပွားရေး၊ သစ်တော၊ ဆေး၊ စက်မှု၊ ကွန်ပျူတာ(ICT)နည်းပညာရပ်များကို အခြေခံသည့် အသက်မွေးဝမ်းကျောင်း (Professional)တက္ကသိုလ်(Institute) အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ်တွင် လူမှုရေးမဟာဌာန(Faculty of Social Science)သည် စီးပွားရေးတက္ကသိုလ်ဖြစ်လာခဲ့ပြီး စီးပွားရေးတက္ကသိုလ် စတင်ဖွင့်လှစ်ချိန်တွင် ဆရာကြီး ဒေါက်တာအေးလှိုင်က ပါမောက္ခချုပ်တာဝန်ထမ်းဆောင်၍ ဆရာကြီး ဦးသာထိုနှင့် ဆရာကြီး ဒေါက်တာအောင်ရှိန်တို့က ဘောဂဗေဒဌာန ပါမောက္ခအဖြစ်လည်းကောင်း၊ ဆရာကြီး ဒေါက်တာခင်မောင်ညွန့်က စာရင်းအင်းပညာဌာန ပါမောက္ခအဖြစ်လည်းကောင်း၊ ဆရာကြီး ဝီလျံပေါက ဝါဏိဇ္ဇဗေဒပါမောက္ခအဖြစ်လည်းကောင်း၊ ဆရာကြီး ဒေါက်တာ ခင်မောင်ကြည်က စီးပွားရေးသုတေသနပါမောက္ခအဖြစ်လည်းကောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ◆



စာမျက်နှာ - ၁၆၊ ၁၇




မြန်မာ့အလင်း

# လိမ်လည်ပြောကြားမှုများ၏နောက်ကွယ်မှ အကြောက်တရားများကို ရှင်းလင်းဖယ်ရှား

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့သည်ဟူသော ကောလာဟလများနှင့် ပတ်သက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်က ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မောင်တောဒေသသို့ သွားရောက်စုံစမ်းစစ်ဆေးခဲ့သည်။ တစ်ဖန် ပြည်တွင်းပြည်ပမှ မီဒီယာသမားများပါဝင်သည့် သတင်းမီဒီယာအဖွဲ့ကလည်း ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ အခင်းဖြစ်ပွားရာဒေသများသို့ သွားရောက်ကာ သတင်းရယူမှုများ ပြုလုပ်ခဲ့ကြသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ခရီးစဉ်အတွင်း စုံစမ်းမေးမြန်းရာတွင် အမျိုးသမီးတစ်ဦးက ၎င်းကိုယ်တိုင်အဓမ္မပြုကျင့်ခံရမှု မရှိကြောင်း၊ အခြားသူများ ပြုကျင့်ခံရမှုကိုလည်း မြင်တွေ့သိရှိခြင်း မရှိကြောင်း ပြောကြားခဲ့ပြီး ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ ခရီးစဉ်၌ မေးမြန်းရာတွင်မူ အဆိုပါအမျိုးသမီးကပင် ၎င်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မပြုကျင့်ခဲ့ကြောင်း ကွဲလွဲစွာဖြေကြားခဲ့သည်။ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးနှင့် ကျူးလွန်ခဲ့သူများအားအရေးယူရေး၊ နစ်နာသူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးအပ်နိုင်ရေးအတွက် အဆိုပါအမျိုးသမီး နေထိုင်ရာကျေးရွာသို့သွားရောက်တွေ့ဆုံရာတွင်မူ တိမ်းရှောင်သွားခဲ့ပြီး ၎င်းအမျိုးသမီးနေအိမ်အနီးဝန်းကျင်နေထိုင်သူများကမူ အဓမ္မပြုကျင့်မှုဖြစ်စဉ်မှန်ကန်မှုမရှိကြောင်း၊ ၎င်းတို့၏ကျေးရွာတွင် ဖြစ်ပွားသည်ဟုလည်း မကြားမိကြောင်း ဖြေကြားကြသည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက ယမန်နေ့က ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အခြားဖြစ်စဉ်တစ်ရပ်တွင်မူ ပြည်တွင်းပြည်ပမီဒီယာများ၏ မြေပြင်ကွင်းဆင်းသတင်းရယူရာတွင် မေးမြန်းမှုများနှင့်စပ်လျဉ်း၍ တပ်မတော်နှင့် ရဲတပ်ဖွဲ့က မီးရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ မတရားဖမ်းဆီးခြင်းမရှိကြောင်း၊ ကျေးရွာများတွင် လှုံ့ဆော်မှုများရှိကြောင်း ပြန်လည်ဖြေကြားခဲ့သူ ကျေးရွာစေတနာ့ဝန်ထမ်းစာကြည့်တိုက်မှူးတစ်ဦးမှာမူ ဖြေဆိုမှုများပြုလုပ်ပြီး မရှေးမနှောင်းမှာပင်လုပ်ကြံသတ်ဖြတ်မှုကိုခံလိုက်ရခြင်းဖြစ်သည်။ အထက်ဖော်ပြပါဖြစ်စဉ်များကို လေ့လာသုံးသပ်ခြင်းအားဖြင့် မမှန်မကန်ပြောဆိုနေခြင်းများ၏နောက်ကွယ်တွင် တစ်စုံတစ်ရာသော ကြိုးကိုင်မှုများရှိနေပြီး ၎င်းတို့လိုလားသည့်အတိုင်း ပြောဆိုခြင်းမပြုပါကလည်း အသက်အန္တရာယ်ကို ရန်ရှာသည့်အင်အားစုများမှာ အခင်းဖြစ်ပွားရာဒေသတွင်းရှိ လူမှုအသိုက်အဝန်းများအတွင်းမှာပင် ငုပ်လျှိုးနေထိုင်နေကြခြင်းဖြစ်သည်ကို ထင်ရှားစွာတွေ့မြင်နိုင်မည်ဖြစ်သည်။

အကြမ်းဖက်တိုက်ခိုက်မှုများကို စတင်ဖြစ်ပွားစေခဲ့သည့် လူမှုအသိုက်အဝန်းများအတွင်း တည်ငြိမ်အေးချမ်းစွာနေလိုသူများ၊ နီးရာဓားကိုကြောက်နေရသူများ၊ ဆန့်ကျင်ဘက်စိတ်ဓာတ်ရှိသူများ၊ အကြမ်းဖက်လိုသူများ စသည့်အမြင်အမျိုးမျိုးရောထွေးနေသည့် အနေအထားမျိုးတွင် ရှိနေပြီး နယ်မြေအေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ မြန်မြန်ဆန်ဆန်ဖြစ်ပေါ်လာသည်နှင့်အမျှ ဆန့်ကျင်ဘက်အနေအထားတို့ တဖြည်းဖြည်းပါးလျားသွားမည်ဖြစ်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောခရိုင်တွင် ဖြစ်ပေါ်ခဲ့သည့်ဖြစ်စဉ်များမှာ ဘက်ပေါင်းစုံမှရေရှည်ကိုင်တွယ်ဆောင်ရွက်သွားရမည်ဖြစ်သည့်အလျောက် မမှန်မကန် လိမ်ညာပြောကြားကာ အခြေအနေကိုရှုပ်ထွေးအောင်ဖန်တီးနေမှုများကို လျော့ပါးပပျောက်သွားစေရန် လိုအပ်သကဲ့သို့ တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသူ၊ တရားဥပဒေကိုလေးစားလိုက်နာလိုသူ၊ မှန်မှန်ကန်ကန်ပြောကြားလိုသူများကိုလည်း အားပေးရန်နှင့် အကြောက်တရားများကို ဖယ်ရှားပေးရန်၊ ထိထိရောက်ရောက်အကာအကွယ်ပေးရန် လိုအပ်သည်ဟု ရှုမြင်ပါကြောင်း။ ။

# ၂၀၁၇ ခုနှစ်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

## သီပေါမြို့ မြို့လယ်ချောင်း အမှိုက်များပိတ်ဆို့မှုရှင်းလင်းပြီး

**သီပေါ ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂)တွင် ပါရှိသည့် "ထင်သာမြင်သာ ပြုပြင်စရာ" ကဏ္ဍ၌ သီပေါမြို့ မြို့လယ်ချောင်း အမှိုက်များ ပိတ်ဆို့မှုရှင်းလင်းရန်လိုအပ်သတင်းပါဝင်မှုနှင့်ပတ်သက်၍ သီပေါမြို့နယ် စည်ပင်သာယာရေးဌာနမှ ယင်းချောင်းအတွင်း စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များအား ရှင်းလင်းဆောင်ရွက်ခဲ့ပြီး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး ပညာပေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၂၄-၁၂-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၃၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ ・ ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ ・ ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ ဝင်းအတွင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟာလှေကားပင် စိုက်ပျိုးပေးစဉ် (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ၁၈ ထပ်အဆောက်အအုံသစ်စီမံကိန်း မိတ်ဆက်ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ် (သတင်းစဉ်)

❒ ***ရွှေဖုံးမှ***

ရှေးဦးစွာ ရတနာနှင်းဆီ အဆင့်မြင့် အိမ်ရာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ အင်ဂျင်နီယာမှူးကြီး ဒေါ်စန်းစန်း အေးနှင့် ရွှေတောင်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်သန်းတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးသည်။

**ပုံစံငယ်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များသည် မြို့ပြ နှင့် အိမ်ရာဖွံ့ဖြိုးရေးပြခန်းအတွင်း ပြသ ထားသည့် ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး ပုံစံငယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ပုံစံငယ်နှင့် ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ ပုံစံငယ် တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယခုဆောင်ရွက်သည့် ဒဂုံ ဆိပ်ကမ်းမြို့နယ် ရေဝဏ်လမ်းမကြီးနှင့် ရတနာလမ်းပေါ်ရှိ ရတနာနှင်းဆီအိမ်ရာ စီမံကိန်းမှာ ကနဦး မြို့ပြဖွံ့ဖြိုးရေး သဘောထားပုံစံအရ မြို့ပြဇဟိုခွဲတစ်ခု အဖြစ် မျှော်မှန်း၍ Compact, Integrated and Comprehensive Urban Development ဖြစ်စေရန် Neighbourhood Concept ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

**မျှော်မှန်းထား**

အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ၂၀၁၆ -၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ အိမ်ရာဖွံ့ဖြိုးမှု (၅)နှစ် စီမံကိန်းရေးဆွဲထားရာ စုစုပေါင်းအိမ်ရာ ၁ ဒသမ ၈ သိန်းအထိ အကောင်အထည် ဖော်တည်ဆောက်နိုင်မည်ဟု မျှော်မှန်း ထားပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၆-၂၀၁၇ မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ နှစ်နှစ်အတွင်း တန်ဖိုးနည်းအိမ်ရာ အခန်း ပေါင်း ၈၀၀၀ ကို ဦးစားပေးဆောက်လုပ် သွားရန် စီစဉ်ထားပြီး တန်ဖိုးနည်းအိမ်ရာ ကို အိမ်ခန်းတစ်ယူနစ်လျှင် ငွေကျပ်သိန်း ၁၀၀ ဖြင့် ရောင်းချပေးနိုင်အောင် စီမံ ကိန်း ကုန်ကျစရိတ်ကို တန်ဖိုးမြင့်စီမံကိန်း မှ တန်ဖိုးနည်းစီမံကိန်းသို့ စိုက်ထုတ် ကျခံပေးသည့် နည်းလမ်း (Cross Subsidy) ဖြင့် ကျခံဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း။

သာမန် မိသားစုများသည် သင့် လျော်ကောင်းမွန်သည့် အိမ်ရာများကို တစ်လုံးတစ်ခဲတည်း ဝယ်ယူနိုင်စွမ်း မရှိ သည့်အတွက် ပြည်သူများ အိုးပိုင်အိမ်ပိုင် ဖြစ်လာစေရေး သင့်လျော်သည့် အိမ်ရာ ဘဏ္ဍာငွေကြေးစနစ်များကို ထူထောင်စီမံ ပေးလျက်ရှိပါကြောင်း။

**အရစ်ကျပေးဆပ်သည့်စနစ်**

ပြည်သူလူထု၏ နေရေး အဆင့် မြှင့်တင်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို ၂၀၁၄ ခုနှစ် က ထူထောင်ခဲ့ကြောင်း၊ ယခုအခါ သိန်း ၁၀၀ အောက် တန်ဖိုးနည်းအိမ်ရာ များကို ပြည်သူလူထုထံသို့ ကနဦး တစ်လုံးတစ်ခဲတည်း ၃၀ ရာခိုင်နှုန်း ပေး သွင်းစေပြီး ၇၀ ရာခိုင်နှုန်းကို ဆောက်လုပ် ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ် ဆက်၍ လစဉ် (၈ နှစ်၊ ၁၀ နှစ်၊ ၁၂ နှစ်၊ ၁၅ နှစ်) အရစ်ကျပေးဆပ်သည့်စနစ်ဖြင့် စီမံဖြည့်ဆည်းပေးလျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အိမ်ရာ များကို တန်ဖိုးနည်း၊ တန်ဖိုးသင့် တန်ဖိုး မြင့်ဆိုပြီး ခွဲထားကြပါကြောင်း၊ အများ အထင်တွင် တန်ဖိုးဆိုသည်မှာ ငွေရေး ကြေးရေးအရ ခွဲထားသည်ဟု ထင်မှတ် စရာဖြစ်ပါကြောင်း၊ တန်ဖိုးဆိုသည်မှာ အရေးအကြီးဆုံး မိမိတို့ပြည်သူများ ကိုယ်နေသည့် အိမ်ရာလုံခြုံခြင်းဆိုသည့် စိတ်ချမှုကို ဆိုလိုပါကြောင်း၊ လုံခြုံမှု ဆိုရာတွင် ပတ်ဝန်းကျင်လုံခြုံရေးအပြင် အဆောက်အအုံလုံခြုံရေးလည်း ပါဝင် ပါကြောင်း၊ အဆောက်အအုံလုံခြုံရေး သည် ရှိသင့်ရှိထိုက်သော အဆောက်အအုံ လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီ မှုကို ဆိုလိုပါကြောင်း။

ဒုတိယတန်ဖိုးမှာ ထိုအဆောက် အအုံများ၌ နေထိုင်သည့်ပုဂ္ဂိုလ်များ၊ အဆောက်အအုံများကို အသုံးပြုမည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ နောက်လာ မည့် အဆောက်အအုံများ၌ ရုံးခန်းများ၊ အခြားလိုအပ်သည်များ ပါရှိလာမည် ဖြစ်ပါကြောင်း၊ အားလုံး၏ လိုအပ်ချက်နှင့် ကိုက်ညီသည့်တန်ဖိုးကို ပြောခြင်းဖြစ်ပါ ကြောင်း။

**ဝိုင်းဝန်းကူညီမည်**

တတိယတန်ဖိုးမှာ ပတ်ဝန်းကျင်နှင့် ဆီလျော်သည့် တန်ဖိုးဖြစ်ပါကြောင်း၊ မိမိ တို့နိုင်ငံသည် အင်မတန်မှ လှပသည်ဟု လူတိုင်းလူတိုင်းက ချီးမွမ်းကြပါကြောင်း၊ ရန်ကုန်မြို့သည် တစ်ချိန်တစ်ခါတုန်းက အရှေ့တိုင်း၌ အလှပဆုံးမြို့ဆိုပြီး ထင်ရှားခဲ့ပါကြောင်း ယခုအချိန်တွင် ထို ပုံစံအတိုင်းမဟုတ်တော့သည်ကို မိမိတို့ ဝန်ခံရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်ကို ပြန်ပြီး လှပတင့်တယ်ရန်ဆိုလျှင် အားလုံး ဝိုင်းပြီး ရုန်းကန်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ရန်ကုန်အစိုးရတစ်ခုတည်းလုပ်၍ မပြီးပါ ကြောင်း၊ ရန်ကုန်အစိုးရတွင် အဓိက တာဝန်ရှိသည်ဆိုသော်လည်း ဗဟို ပြည်ထောင်စုအစိုးရကလည်း ဝိုင်းဝန်း ကူညီသွားမည်ဖြစ်ပါကြောင်း။

**ပြန်လည်မွမ်းမံစီစဉ်နေ**

မိမိတို့ ယခု ရန်ကုန်မြို့ကြီးကို ပြန်လည်မွမ်းမံရန် စီစဉ်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရန် မိမိတို့တွင် စီမံကိန်း လိုပါကြောင်း၊ စီမံကိန်းမရှိဘဲ ပြန်ပြီး တင့်တယ်လှပအောင်လုပ်ရန် မလွယ်ပါ ကြောင်း၊ ယခုဆိုလျှင် ကုန်းလမ်း သာမက ရေလမ်းကပါ ပြန်ပြီးသုံးစွဲနိုင်ရန်၊ ပြည်သူ့အတွက် တန်ဖိုးရှိနိုင်ရန် ကြိုးစား နေသည့် အချိန်ဖြစ်ပါကြောင်း၊ ရန်ကုန် ၌ အောင်မြင်နိုင်ပြီဆိုလျှင် တစ်တိုင်း ပြည်လုံးအတိုင်းအတာဖြင့် ၅၀ ရာခိုင်နှုန်း အောင်မြင်သည်ဟု ပြော၍ရပါကြောင်း၊

ယင်းမှာ ကျန်သည့်နေရာများကို တန်ဖိုးမထား၍ မဟုတ်ပါကြောင်း၊ သို့ရာ တွင် ရန်ကုန်သည် မိမိတို့နိုင်ငံ၏ မျက်နှာစာဟုပြောလျှင် မမှားပါကြောင်း၊ ထို့အပြင် လူဦးရေအများဆုံး မြို့တော်ကြီး လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ Commercial Centre ဟု ခေါ်၍ ရသည့် စီးပွားရေးမြို့တော်ကြီးလည်း ဖြစ်ပါကြောင်း၊ စီးပွားရေးမြို့တော်ကို အောင်မြင်ခြင်း၊ တိုးတက်ခြင်းပြနိုင်မှ တစ်တိုင်းပြည်လုံးကလည်း အားရမည်၊ မိမိတို့နိုင်ငံကို ကမ္ဘာကလည်း တိုးတက် လာပြီဆိုပြီး အသိအမှတ်ပြုမည် ဖြစ်ပါကြောင်း။

**ယာဉ်ကြောပိတ်ဆို့**

ယခု ရန်ကုန်၌ ပြဿနာကြီး တစ်ခုမှာ လမ်းများတွင် ကားများ ပိတ်ဆို့ နေမှု၊ ယာဉ်ကြောပိတ်ဆို့နေမှုဖြစ်ပါ ကြောင်း၊ ယာဉ်ကြောပိတ်ဆို့နေသည့် အတွက် အချိန်ကို အင်မတန်မှ ကုန်စေ ပါကြောင်း၊ အချိန်ဆိုသည်မှာ တန်ဖိုး ထားသင့်သည့်အရာ ဖြစ်ပါကြောင်း၊ အလုပ်သွားရန် လမ်းမှာ နှစ်နာရီကြာ နေလျှင် အချိန်နှစ်နာရီ အလကားဖြစ် သွားသည်ဟု မိမိယူဆပါကြောင်း။

ရန်ကုန်မြို့တော်ကြီးကို နေပျော်ရန် အတွက် မလိုအပ်သည့်၊ အချိန်မကုန်နိုင် သည့် မြို့တော်ကြီးဖြစ်ရန်လည်း လိုပါ ကြောင်း၊ ထို့ကြောင့် ယခုလို အိမ်ရာ စီမံကိန်း၊ မြို့ပြစီမံကိန်းများလုပ်လျှင် အသွားအလာဘက်ကိုလည်း စဉ်းစားရန် လိုပါကြောင်း။

**တန်ဖိုးရှိသောအိမ်ရာများဖြစ်**

ဤအိမ်ရာများ၌နေမည့် ပြည်သူ များ ဘယ်မှာအလုပ်လုပ်ကြသလဲ၊ သား သမီးများက ဘယ်မှာ ကျောင်းသွားတက် ရမလဲ၊ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ် ချက်ရှိလျှင် ဆေးရုံ၊ ဆေးခန်း ဘယ်မှာ ရှိသလဲ အားလုံးကို ထည့်တွက်ပြီးမှ နေရာ ချသည့်အခါ တကယ်တန်ဖိုးရှိသော အိမ်ရာများဖြစ်လာမည်ဖြစ်ပါကြောင်း။

ငွေရေးကြေးရေးအရ မြင့်မြင့် မားမားပေးရခြင်းကြောင့် တန်ဖိုးမြင့်လာ ခြင်း မဟုတ်ပါကြောင်း၊ မိမိတို့ ယခုလို တန်ဖိုးမြင့်၊ တန်ဖိုးသင့်၊ တန်ဖိုးနည်း အိမ်ရာစီမံကိန်းများ လုပ်သည့်အခါ မိမိ တို့က တန်ဖိုးငွေအရသာ မကြည့်ပါ ကြောင်း၊ တတ်နိုင်သူများရှိသကဲ့သို့ သိပ်မတတ်နိုင်သည့် ပြည်သူများလည်း ရှိပါကြောင်း၊ သိပ်ပြီး တန်ဖိုးမြင့်မြင့် မတတ်နိုင်သည့် ပြည်သူပြည်သားများ အတွက် အားလုံးဝိုင်းဝန်းပြီး ပံ့ပိုးသည့် အနေဖြင့် တန်ဖိုးမြင့်အိမ်ရာများမှ ရရှိ သည့်ဝင်ငွေများ၊ ဘဏ္ဍာငွေအတွက် အထောက်အကူများကို တန်ဖိုးနည်း အိမ်ရာများ၌ သုံးစွဲရန် အစီအစဉ်ရှိ သည့်အတွက် ဝင်ငွေအပေါ်မှာသာ အခြေခံခြင်းမဟုတ်ဘဲ ပြည်သူ ပြည်သား များ ဖြစ်သည်ဆိုသည့် အခြေအနေ အပေါ်မူတည်ပြီး အဆင့်ရှိသော တန်ဖိုးရှိ သည့်အိမ်ရာများ၌ နေနိုင်ကြရန် ဖြစ်ပါကြောင်း။

**ပြည်သူပြည်သားများ၏လိုအပ်ချက်**

အဆင့်ရှိသည်ဆိုသည်မှာ ပိုက်ဆံ ကုန်မှ အဆင့်ရှိခြင်းမဟုတ်ပါကြောင်း၊ လုံခြုံမှုလည်းရှိမည်၊ နေထိုင်သည့် ပြည်သူ ပြည်သားများ သုံးသည့်၊ ပြည်သူပြည်သား များ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးရန်လည်း လုံလောက်မည့်၊ ပတ်ဝန်းကျင်နှင့်လည်း ဆီလျော်သည့် တန်ဖိုးများရှိမည်ဆိုလျှင် ဤအိမ်ရာ များသည် တန်ဖိုးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ နေပျော်ပြီး မိမိတို့နိုင်ငံ အတွက် ဂုဏ်သိက္ခာရှိသော အိမ်ရာများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ထိုသို့ဖြစ်လာရန် အားလုံးက ဝိုင်းဝန်း ကူညီရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း စီမံကိန်းများ အောင်မြင်အောင် ဝိုင်းဝန်းပြီး အကူအညီ ပေးကြစေလိုကြောင်း၊ အစိုးရတစ်ခု တည်းသာ တာဝန်ရှိသည်၊ အစိုးရသာ လုပ်ရမည်ဆိုသည့် စိတ်ဓာတ်များ မမွေးမြူစေလိုကြောင်း၊ ယင်းမှာ ဒီမို ကရေစီစိတ်ဓာတ်မဟုတ်ပါကြောင်း။

ဒီမိုကရေစီ စိတ်ဓာတ်ဆိုသည်မှာ ပြည်သူလူထုတွင် အခွင့်အရေးများရှိ သကဲ့သို့ တာဝန်လည်းရှိပါကြောင်း၊ အားလုံးဝိုင်းဝန်းပြီး ကြိုးစားမည်၊ အားလုံးတွင် တာဝန်ရှိသည်၊ မိမိတို့နိုင်ငံ ၏ တိုးတက်ရေးသည် အားလုံး၏ တိုးတက်ရေးဆိုသည့် စိတ်ဓာတ်ဖြင့် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ အစိုးရ လုပ်ပေးမှုကိုသာ ထိုင်ပြီး ကြည့်မနေစေ လိုပါကြောင်း။

**အားလုံးကစိတ်ဝင်စား**

အစိုးရလုပ်တာကိုသာ ထိုင်ကြည့် နေရပြီး အစိုးရလုပ်ချင်တာလုပ်သွားလျှင် ပြည်သူလူထုအတွက် မကောင်းပါ ကြောင်း၊ *စာမျက်နှာ ၅ သို့*

# တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်စစ်ရေယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၆၉)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော် (ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခမ်းအနားသို့ တက်ရောက်လာကြသည့် အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် မိုးအောင်က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာရာ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင် အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင်လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များအား ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ် အောင်ဇေယျ ဦးဆောင်သော ဖရီးဂိတ် စစ်ရေယာဉ် ကျန်စစ်သား၊ ဆင်ဖြူရှင်၊ ဒုံးပျံတင်ကော်ဗက် စစ်ရေယာဉ် ဘုရင့်နောင်၊ အမြန်သွား တိုက်ခိုက်ရေးရေယာဉ်များက Single Line Formation ပုံပြမောင်းနှင်ပြီး ချီတက်အလေးပြုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခင်ကမြန်မာ့ကမ်းရိုးတန်း ကာကွယ်ရေးတွင် ယိုပေါက်များစွာရှိခဲ့ရာမှ စစ်ရေယာဉ်အရေအတွက် များလာခြင်း၊ စစ်ရေယာဉ်များ၏ စွမ်းဆောင်ရည် မြင့်မားလာခြင်းတို့ကြောင့် ယင်းယိုပေါက်များ နည်းနိုင်သမျှ နည်းလာပြီး မိမိတို့ပိုင်နက်ရေပြင်ကို ဝင်မလာဝံ့သည်အထိ လုပ်ဆောင်နိုင်ကြောင်း၊ ထိုသို့ နိုင်ငံတော်အတွက် ငွေကြေးသက်သာမှု များစွာရရှိစေပြီး စိတ်ဓာတ်ရေးအရလည်းကောင်း၊ စွမ်းရည်မြင့်မားစေရေးအတွက်လည်းကောင်း၊ တပ်မတော်(ရေ)ကို အဆင့်မြှင့်တင်ပေးနေသည့် စစ်ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းအသီးသီးတွင် တာဝန်ယူတည်ဆောက်နေကြသည့် တပ်မတော်(ရေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား ဂုဏ်ပြုကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ရေတပ်သင်္ဘောကျင်း ဌာနချုပ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ညနေပိုင်းတွင် ရောဝတီရေတပ်စခန်းဌာနချုပ်ရှိ (၆၉)နှစ်မြောက် တပ်မတော် (ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ်ပြခန်းနှင့် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ကျင်းပသည့် (၆၉)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် တပ်ဖွဲ့တင်စစ်ရေယာဉ် တစ်စင်း၊ ဒုံးပျံတင် ကော်ဗက် စစ်ရေယာဉ် တစ်စင်းနှင့် တင့်ကားတင် ကမ်းထိုးရေယာဉ် ခြောက်စင်းတို့ တပ်တော်ဝင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့၌ ကျင်းပသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ **(ယာပုံ)**




အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက်ဆွပ်ဟွန်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ အစည်းအဝေးသို့ လာအိုနိုင်ငံခြားရေးဝန်ကြီး ဆာလမ်စေကွန်မဆေ၊ ဗီယက်နမ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖန်ဗင်မင်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရမ်မဒီနိုင်တို့လည်း တက်ရောက်ခဲ့သည်။

အစည်းအဝေးမှ ပူးတွဲကြေညာချက်၊ ၂၀၁၆ ခုနှစ် မတ်လအတွင်း တရုတ်နိုင်ငံ ဆန်းယမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံခေါင်းဆောင်များ အစည်းအဝေးမှအတည်ပြုခဲ့သည့် ဦးစားပေးစီမံကိန်း ၄၅ ခု အကောင်အထည်ဖော်မှုဆိုင်ရာ တိုးတက်မှုအခြေပြဇယားနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးစားပေးနယ်ပယ်ငါးခုဖြစ်သော ပေါင်းစည်းဆက်နွယ်မှု၊ ထုတ်လုပ်မှုစွမ်းရည် ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနယ်ပယ်များ၌ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်တို့ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ အစည်းအဝေးတွင် မဲခေါင်ဒေသတွင်းရှိပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် ထောက်ပံ့ပေးသွားရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖြင့် မတည် တည်ထောင်ကြောင်း တရုတ်နိုင်ငံက အတည်ပြုကြေညာခဲ့သည်။ အစည်းအဝေးမှ တတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပသွားရန်နှင့် ဒုတိယအကြိမ် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားရန်ကိုလည်း ဆုံးဖြတ်ခဲ့သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် မဲခေါင်ဒေသခွဲတွင်း နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့အကြား ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ဖြစ်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးဆွေးနွေးပွဲတွင် စတင်အဆိုပြုချက်အရ နိုင်ငံရေးနှင့်လုံခြုံရေး၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူများအကြား အပြန်အလှန်ထိတွေ့ဆက်ဆံရေးစသည့် မဏ္ဍိုင်ကြီး သုံးရပ်တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်ဖြစ်သည်။

ဒုတိယဝန်ကြီးသည် အစည်းအဝေး တက်ရောက်စဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့်သီးခြားတွေ့ဆုံခဲ့ပြီး မဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စများနှင့် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

**အစည်းအဝေးမှ တတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပသွားရန်နှင့် ဒုတိယအကြိမ် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးကို ၂၀၁၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသွားရန်ကိုလည်း ဆုံးဖြတ်ခဲ့**

❀ *ကျောဖုံးမှ*

ထို့နောက် အာခါတိုင်းရင်းသားရိုးရာထိန်းသိမ်းရေးအဖွဲ့အကြီးအကဲ ဦးမင်းညိုက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘိုးဘေးတို့အား အောက်မေ့ဆုတောင်းခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ အာခါတိုင်းရင်းသား လူငယ်မောင်မယ်များက ခါးထောင်းဖား တေးသံနှင့် ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် အာခါခါးထောင်းဖားပွဲတော်မင်္ဂလာအခါသမယကို ကြိုဆိုကြသည်။

အာခါဇန်းခေါ် အာခါတိုင်းရင်းသားများ၏ မူလအစ ယုံကြည်ကိုးကွယ်မှုဘာသာ ဖွံ့ဖြိုးတိုးတက်စေရန်၊ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာသာသနာ၊ စာပေနှင့် ဝတ်စားဆင်ယင်မှု ရိုးရာဓလေ့များအား လေးစားဂုဏ်ယူနိုင်စေရန်၊ တိမ်မြုပ်နေသောရိုးရာယဉ်ကျေးမှုများအား ပြန်လည်ဖော်ထုတ်နိုင်ရန်နှင့် အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့နေသော အာခါတိုင်းရင်းသားများ တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံတွေ့နိုင်ရန် ပွဲတော်ကျင်းပခြင်းဖြစ်ကြောင်း အာခါယဉ်ကျေးမှု ထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ဦးမင်းညိုက ပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအာဗေလ၊ စစ်ဗျူဟာ အဖွဲ့(အခြေချ)တာချီလိတ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ကိုထိုက်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အာခါယဉ်ကျေးမှုထိန်းသိမ်းရေး အဖွဲ့ခေါင်းဆောင် ဦးမင်းညိုနှင့် ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စုံလင်စွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

## ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**သထုံ ဒီဇင်ဘာ ၂၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်၏ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သထုံမြို့နယ်ဝင်းပုန်း ကျေးရွာနှင့် ပုရစ်ခိုကျေးရွာတို့တွင် မြန်မာ့ရှုခင်းသမကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် စိမ့်စမ်းရေသွယ်ဆောင်ရွက်နေခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဇော်လင်း ထိုက်နှင့် အင်ဂျင်နီယာဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**၀၀၆၀**

*စာမျက်နှာ ၃ မှ*

မိမိတို့ ယခုလို စီမံကိန်းများစပြီး ဖော်ဆောင်ပြီဆိုလျှင် ပြည်သူများ ပါဝင်ပတ်သက်လာရေးသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ အားလုံးက စိတ်ဝင်စားကာ ဤစီမံကိန်းများကို အားပေးထောက်ခံလာပြီး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုပါကြောင်း၊ ရန်ကုန်နှင့် ပတ်သက်သည့် စီမံကိန်းများအားလုံး တစ်ခုချင်းစီ အောင်မြင်ရန်အတွက် တတ်နိုင်သည့်ဘက်မှ ပြည်သူများလည်း ပါဝင်ကြပါဟု မိမိအနေဖြင့် မေတ္တာရပ်ခံချင်ပါကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များကလည်း ဝိုင်းဝန်းပြီးကူညီစေချင်ပါကြောင်း၊ ယခုခေတ်တွင် အားလုံးပါဝင်ရမည်ဖြစ်ပါကြောင်း၊ Public Private Partnership ပုံစံဖြစ်ပါကြောင်း။

ပုဂ္ဂလိက ကဏ္ဍနှင့် အစိုးရပိုင်းဆိုင်ရာ ကဏ္ဍ အားလုံးပူးပေါင်းပြီး ဆောင်ရွက်မှ အောင်မြင်နိုင်မည်၊ မြန်မြန်ဆန်ဆန် တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့သူ မြို့သားများကလည်း မိမိတို့၏ မြို့တော်ကြီး တိုးတက်စေရန် ဝိုင်းဝန်းကူညီကြပါ၊ ယခု စီမံကိန်းများ၊ ဆောက်လုပ်ရေးစီမံကိန်းများကို ဝိုင်းဝန်းပြီး ကူညီပံ့ပိုးပေးကြပါဟု မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာဝင်းအတွင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟာလေ့ကားပင်ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သရဖီပင်ကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပုန်းညက်ပင်ကို လည်းကောင်း စိုက်ပျိုးပေးပြီး အိမ်ရာစီမံကိန်းအတွင်းရှိ ကစားကွင်း၊ ပန်းခြံနှင့် အဆောက်အအုံ ၁၇ လွှာရှိ နမူနာအခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာစီမံကိန်းသည် ရတနာလမ်းမကြီးဘေး၌ တည်ရှိသည်။ စီမံကိန်းကို ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်တွင် စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ စီမံကိန်း Parcel-G တွင် ဆောင်ရွက်ပြီးစီးသည့် တိုက် ငါးလုံး၌ ပါဝင်သည့် အခန်းများ၏ အကျယ်အဝန်းများမှာ ၆၀၀ စတုရန်းပေ အခန်း ၇၆၀ နှင့် ၁၂၀၀ စတုရန်းပေ အခန်း ၆၂၀၊ စုစုပေါင်း အခန်းအရေအတွက်မှာ ၁၃၈၀ ဖြစ်သည်။ ထို့ပြင် ရော်ဝဏ်လမ်းမကြီးဘေးရှိ ချမ်းသာရွှေမြေကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် အခန်းများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ စီမံကိန်းကို ပြည်သူများ စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရန် Livable and Inclusive ဖြစ်အောင် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အိမ်ရာစီမံကိန်းများအတွက် စံနမူနာကောင်း တစ်ခုအနေဖြင့် မိတ်ဆက်ဖွင့်လှစ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဤရတနာနှင်းဆီအိမ်ရာစီမံကိန်းကို အစိုးရသစ်၏ ပြည်သူများ အိုးပိုင်အိမ်ပိုင်ရရှိရေးအတွက် ကနဦးခြေလှမ်းဖြင့် စတင်ခြင်းဖြစ်ကြောင်း၊ မကြာခင်ကာလတွင် တန်ဖိုးနည်းအိမ်ရာ ၂၂၀၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ၏ဇနီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်အား Centre for Economic and Leadership Development (CELD)အဖွဲ့အစည်းက Global Inspirational Leadership Award 2016 ဆု ဂုဏ်ပြုချီးမြှင့်




ဓာတ်ပုံ - Amazons Watch Magazine

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်အား ၎င်း၏ မြန်မာနိုင်ငံ ပညာရေးကဏ္ဍနှင့် အမျိုးသမီးများနှင့် ကလေးများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကဏ္ဍများ၌ ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် Centre for Economic and Leadership Development (CELD) အဖွဲ့အစည်းက Global Inspirational Leadership Award 2016 ဆု ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ၊ ဒူဘိုင်းမြို့ရှိ Shangri-La ဟိုတယ်၌ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် South America -Africa - Middle East-Asia Women Summit (SAMEAWS) ၌ အဆိုပါဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဒေါ်စုစုလွင်၏ကိုယ်စား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးခိုင်က တက်ရောက်လက်ခံခဲ့သည်။

အလားတူ CELD မှ ထုတ်ဝေသည့် Amazons Watch Magazine ၌လည်း ဒေါ်စုစုလွင်၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအတွက် Top 100 Most Influential Women In Emerging Economies အဖြစ် ထည့်သွင်းဖော်ပြခဲ့ပြီး CELD ၏ Global Women Leaders 2016 ဆုတံဆိပ်ကိုလည်း ချီးမြှင့်ခဲ့သည်။

Centre for Economic and Leadership Development (CELD)အဖွဲ့အစည်းသည် ကုလသမဂ္ဂစီးပွားရေးနှင့်လူမှုရေးကော်မရှင် (ECOSOC) ၏ Special Consultative အဆင့်အတန်း ရရှိထားသည့် အကျိုးအမြတ်မယူသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ကျောက်ကပ်သွေးသန့်စင်ကုသဌာန ဖွင့်လှစ်



**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ကျောက်ကပ်ဝေဒနာရှင်များအတွက် ကျောက်ကပ်သွေးသန့်စင်ကုသခြင်းကို စနစ်တကျ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျောက်ကပ်သွေးသန့်စင်စက်ကိရိယာ ငါးလုံးဖြင့် ကျောက်ကပ်သွေးသန့်စင်ကုသဌာနကို ယနေ့ နံနက်က ဖွင့်လှစ်ခဲ့ရာ သံဃာတော်နှင့် သီလရှင်များအား ကုသပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ကျောက်ကပ်သွေးသန့်စင်ခြင်းစနစ်မှာ ကျောက်ကပ်ဝေဒနာရှင် လူနာ၏ မသန့်စင်သော သွေးကို သွေးသန့်စင်စက်သို့ ပို့ဆောင်၍ ထိုသွေးတွင်ပါဝင်သော အဆိပ်အတောက်များ၊ ပိုနေသော အရည်ကိုသွေးသန့်စင်စက်မှ စနစ်တကျဖယ်ထုတ်၍ ကျန်ကောင်းမွန်သော လူနာ၏သွေးကို လူနာ၏ခန္ဓာကိုယ်သို့ ပြန်လည်ပို့ဆောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ဆီးနှင့် ကျောက်ကပ်ကုသရေးဌာနမှ ဒေါက်တာလှအောင်က “ကျောက်ကပ်သွေးသန့်စင်ဌာန ဖြစ်ပေါ်ဖို့ရယ်၊ ကျောက်ကပ်သွေးသန့်စင်တဲ့အခါမှာ လိုအပ်မယ့် ရေသန့်စက်တွေကို ဘယ်လိုစီမံရမလဲဆိုတာ ကူညီခဲ့ပါတယ်။ နောက်ပြီး ဒီလုပ်ငန်းမှာ ပြုစုပေးမယ့် သူနာပြုတွေကို ကျောက်ကပ်သွေးသန့်စင်လုပ်ငန်း ဝါရင့်အတွေ့အကြုံရှိ ဆရာမကြီးကတစ်ဆင့် သင်တန်းတွေပေးဖို့ စီစဉ်ပေးခဲ့ပါတယ်။ လောလောဆယ် စက်ငါးလုံးနဲ့ စနေပြီး တချို့သံဃာတော်တွေက မသိကြသေးဘူး။ နောက်ပိုင်း မြန်မာတစ်နိုင်ငံလုံး ကျောက်ကပ်သွေးသန့်စင်တဲ့ဌာနတွေ အများကြီးပေါ်ပေါက်လာဖို့ ကြိုးပမ်းရပါမယ်”ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်သွေးသန့်စင်ခြင်းများကို အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပုဂ္ဂလိကဆေးရုံ ဆေးပေးခန်းများ၌ တစ်ကြိမ်လျှင် ငွေကျပ် သုံးသောင်းခွဲမှ ခြောက်သောင်းအထိ ကုန်ကျကြောင်း သိရသည်။

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က “ဒီလိုဖွင့်လှစ်တာဟာ သံဃာတော်တွေ၊ သီလရှင်တွေအတွက် အလွန်ဝမ်းမြောက်စရာကောင်းပါတယ်။ နောက်ဆိုရင် လူတွေအတွက်ပါ ကုသပေးဖို့ အစီအစဉ်ရှိပါတယ်။ ကုသပေးတဲ့အခါ ငွေကျပ် နှစ်သောင်းထက် ပိုမယူဖို့ ဆုံးဖြတ်ထားပါတယ်။ ကျောက်ကပ်သွေးသန့်စင်စက်တွေကို တိုးချဲ့ဖွင့်လှစ်သွားမှာပါ”ဟု ပြောသည်။

ယခုနှစ် ဇွန်လတွင် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် ဒေါက်တာလှအောင်၏ ဦးဆောင်မှုဖြင့် ယခင်က မရှိသေးသည့် ကျောက်ကပ်သွေးသန့်စင်ဌာနကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆိုပါ ကျောက်ကပ်ဆေးစက်များနှင့် အဓိကလိုအပ်သည့် ရေသန့်စက်မှာ ဂျာမနီနိုင်ငံမှဖြစ်ပြီး လိုအပ်သည့် ကုန်ကျမှုများကို ပင်မအလှူရှင်များ၊ နေ့စဉ်အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် မတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဂိလာန ရဟန်းသံဃာများ၊ သီလရှင်များ၊ မကျန်းမာသောလူပုဂ္ဂိုလ်များအား နေ့စဉ် အချိန်မရွေး ရောဂါဝေဒနာများကုသပေးခြင်း၊ ဆေးရုံတက်ရောက်စေပြီး ဆေးဝါးကုသမှုပေးခြင်း၊ ပြင်ပလူနာဌာန ဖွင့်လှစ်၍ လူပုဂ္ဂိုလ်များအား အထွေထွေရောဂါများ ကုသမှုပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာရောဂါအလိုက် အထူးကုသမားတော်များဖြင့် ဆက်လက်ကုသပေးလျက်ရှိကြောင်း သိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ လက်ရှိ လုပ်အားပေးစေတနာရှင် ဆရာဝန် ၁၅၆ ဦးရှိကာ ၉၀ ရာခိုင်နှုန်းသည် အထူးကုဆရာဝန်ကြီးများဖြစ်သည်။ နေ့စဉ် ဆေးဝါးကုသနေသော လူနာဦးရေမှာ စုစုပေါင်း ၁၈၅၆ ဦးရှိကြောင်း သိရပြီး ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ကုန်းတလပေါင်ကျေးရွာ၌ ဆေးရုံခွဲတစ်ခု ထပ်မံဖွင့်လှစ်ထားကြောင်း သိရသည်။

ကျောက်ကပ်သွေးသန့်စင်ကုသဌာနဖွင့်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆေးဝန်ထမ်းများ တက်ရောက်ကြသည်။

**သတင်း- မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ- ဇော်မင်းလတ်**

◆ *ရှေ့ဖုံးမှ*

ဆရာကြီး ဒေါက်တာချစ်ဆွေက သင်္ချာဌာန ပါမောက္ခအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ စီးပွားရေးတက္ကသိုလ်၏ ဦးဆောင်ဆရာကြီးများတွင် ဆရာကြီး ဒေါက်တာအေးလှိုင်နှင့် ဒေါက်တာ ဝီလျံပေါတို့၏ ဂုဏ်ကျေးဇူးကို နောင်လာနောက်သားများ အမှတ်ရစေရန် ကြေးသွန်းရုပ်တုတို့ကို စိုက်ထူထားပြီးဖြစ်ကြောင်း၊ ယနေ့တွင် ၁၉၇၇-၁၉၉၃ ခုနှစ်အထိ ၁၅ နှစ်ကျော် စီးပွားရေးတက္ကသိုလ်၌ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီး ဒေါက်တာခင်မောင်ညွန့် အမှတ်တရ ကြေးသွန်းရုပ်တုကို ဆရာကြီး၏ ဂုဏ်ကျေးဇူးအား နောင်မျိုးဆက်သစ်များ အမှတ်တရရှိနေစေရန် ရည်ရွယ်၍ စိုက်ထူခဲ့ခြင်းဖြစ်သည်ဟု ပေးပို့ထားကြောင်း သိရသည်။ ထို့နောက် ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးက ဂုဏ်ပြုအမှတ်တရစကား ပြောကြားပြီး မြန်မာနိုင်ငံစာရင်းအင်း ပညာအသင်း ဥက္ကဋ္ဌ ဒေါက်တာလေးကြည်က ကြေးရုပ်တုသွန်းလုပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၁၆၄)

ရန်ကုန်စီးပွားရေး တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ ခင်မောင်ညွန့် ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်

ဓာတ်ပုံ ထွန်းအောင်ရှိန်



## မိုးလေဝသအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့၌ ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့၌ ၀ ဒသမ ၄၃ လက်မနှင့် ကော့သောင်းမြို့၌ ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# ဂျလန်းမြေ၌ မြတ်ဗုဒ္ဓသာသနာ ဝေဖြာထွန်းလင်းတော့မည်

**စိန်အောင်ဖေ**

လွန်ခဲ့သော ရက်အချို့က ထူးခြားသော ဖိတ်စာတစ်စောင် လက်ဝယ်ရောက်လာခဲ့သည်။ ဖိတ်စာပါ အကြောင်းအရာကို ဖတ်ကြည့်တော့ ဂျလန်းကျွန်း ဆလုံရွာ သာသနာ့အောင်ပွဲကြီး မင်္ဂလာဖိတ်ကြားလွှာဟူ၏။

ဂျလန်းကျွန်း-အမည်ဆန်း၍ အလှမ်းကွာကာ တစ်မြေ ရပ်ခြား၌ရှိမည်ဟု ထင်မိပါ၏။ သို့သော် ဖိတ်စာတွင် ဖော်ပြသည်က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အတွင်းရှိ ကျွန်းစုများအတွင်းမှ ကျွန်းတစ်ကျွန်းတည်း။

မှီတင်းနေထိုင်သူများကား ဆလုံလူမျိုးများ အများစု၊ ဆလုံတို့အတွက် ဗုဒ္ဓသာသနာပြုလုပ်ငန်းကြီး တစ်ခုကို စိတ်ရောကိုယ်ပါ ဆောင်ရွက်နေသည့် အရှင်ကုသလဇောတိ၏ ဘုရားစေတီ၊ သိမ်၊ ကျောင်း၊ ဇရပ်နှင့် လမ်း၊ တံတား၊ ဆေးပေးခန်းနှင့် စာကြည့်တိုက် စသည်များ၊ အထူး အားဖြင့် လောကနာထသိမ်၊ ဘုရားစေတီတော် အလှူမင်္ဂလာ၊ ဒေဝဒေဝမဂ္ဂင်ဖောင်စီး ကရဝိက်ဗိမာန် ထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာပွဲနှင့် ဆလုံမျိုးနွယ်စုဝင်များ၏ ထူးခြားလှစွာ သော ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် အခြားအခြားသော သာသနာရေးဆိုင်ရာ ကုသိုလ်တော်ပြုပွဲ အစီအရီတို့ကို ကျင်းပမည်ဖြစ်၍ ပါဝင်တက်ရောက် ကြည်ညိုကာ သဒ္ဓါတတ်စွမ်းသရွေ့လှူဒါန်းထည့်ဝင်ကြရန် ဖိတ်ကြားလွှာ ဖြစ်ပေတော့သည်။

ဤကုသိုလ်မှုအစုစုတို့အား စီရင်ကြိုးကုတ် လုပ်ဆောင်တော်မူရန်အတွက် ဂျလန်းကျွန်းဆရာတော် အရှင် ကုသလဇောတိ (သာသနဓဇ ဓမ္မာစရိယ၊ B.Sc-Zoology)၊ နယ်လှည့်ဓမ္မကထိကဆရာတော်သည် ကိုးနှစ်တိုင်တိုင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ တရားဓမ္မများ ဟောကြား၍ အလှူခံရရှိသော ဓမ္မပူဇာ နဝကမ္မအလှူတော် ငွေတို့အား အသုံးပြုကာ သာသနာတော်ကို ကျေးဇူးဆပ်သည့်အားဖြင့် လှူဒါန်းကျင်းပခြင်းဖြစ်ပေသည်။



အထူးအားဖြင့် တိုက်ဆိုင်နေသည်မှာ ဤသာသနာပြု၊ သာသနာကျေးဇူးဆပ်ပွဲ ဆင်နွှဲခြင်းသည် ဆရာတော်၏ သက်တော် (၄၀)ပြည့် ဝိဇာတမင်္ဂလာနှင့် တိုက်ဆိုင်နေခြင်းပင်။

ပသို့ဆိုစေ မြန်မာနိုင်ငံ၏ တောင်ဘက်စွန်း စိမ်းလဲ့သော ပင်လယ်ကမ်းခြေအလွန်ရှိ လူသူမနီး ကျွန်းကြီးရောဖြစ်သော ဂျလန်းကျွန်းတွင် ကျွန်းနေဆလုံမျိုးနွယ်ပြည်သူများ ယုံကြည်ကိုးစား အားထားရာ မြတ်ဗုဒ္ဓသာသနာ၏ သာသနိက အဆောက်အအုံများ ပေါ်ပေါက်တည်ထားရေးနှင့် ဗုဒ္ဓဘာသာဝင်များ သံသရာဘေးမှလွတ်ကင်းရာ မဂ်လမ်းကို ရှုယ်နိုင်ရေး အတွက် ကြိုးပမ်းလုပ်ဆောင်နေသည့် ဆရာတော်၏ သာသနာကျေးဇူးဆပ်ပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက်မှ နှစ်သစ်ကူးနှစ်ဦး ဇန်နဝါရီ ၁ ရက်အထိ ဂျလန်းကျွန်းတွင် ကျင်းပဆင်နွှဲမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ကော့သောင်းမြို့နယ် ဂျလန်းကျွန်း ဆလုံမွန်ကင်းရွာသို့ အရောက်လှမ်းခဲ့ကာ ဒေသခံများနှင့်အတူ သာဓုအနုမောဒနာ ပြုကြပါမည့်အကြောင်း ဆရာတော်က နှိုးဆော်တိုက်တွန်းထားသည်။

ထို့အပြင် သာသနာ့ကျေးဇူးဆပ်ပွဲတော် ကျင်းပစဉ်အတွင်း နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ကျင်းပကာ အာဟာရဒါနလှူဒါန်းမည်ဖြစ်ပြီး ထီးတော်တင်ပွဲအပြီး၌ သံဃာတော် အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြမည်ဖြစ်ရာ အလှူဒါနပြုလိုသူများသည် ဂျလန်း ကျွန်းဆရာတော် အရှင်ကုသလသာမိ ၀၉-၄၉၈၇၉၂၀၀၊ ၀၉-၂၅၀၂၄၈၄၀၅၊ ဦးတင်ထွေး ၀၉-၅၆၄၁၄၂၆ နှင့် ဦးထွန်းအေး ၀၉-၂၅၄၀၉၉၆၃၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

ဂျလန်းကျွန်း သာသနိကနယ်မြေတွင် ဒီဇင်ဘာ ၃၁ ရက်ည ၇နာရီတွင် ဉူးသုမင်္ဂလ(ဒယ်အိုး)ဆရာတော်နှင့် ဓမ္မကထိက အကျော် ဆရာတော်သုံးပါးတို့က တရားရေအေး အမြိုက်ဆေးများတိုက်ကျွေးကာ သတ္တဝါဝေနေယျတို့အား ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ လမ်းပြကူးပို့ပေးမည်ဖြစ်ပါကြောင်း ဆင့်လောင်းနှိုးဆော်အပ်ပါသည်။ ထို့ကြောင့် ဂျလန်းကျွန်းတွင် မြတ်ဗုဒ္ဓ သာသနာ ဝေဖြာတောက်ထွန်းလင်းတော့မည့်အရေးအတွက် ပါရမီရှင် ကုသိုလ်ရှင်များ လာရောက်ထည့်ဝင်လှူဒါန်းနိုင်ပါစေကြောင်း ဖိတ်မန္တက ပြုအပ်ပါသည်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ထပ်ဆင့်ဂုဏ်ပြု

**ရန်ကုန် - ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ဘွဲ့နှင်း ဓမ္မာရုံကြီး၌ကျင်းပ သည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော် များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ တိုင်းဒေသကြီး သံဃာ့ နာယကဆရာတော်များ၊ ပင့်သံဃာ တော်များနှင့် သာသနာရေးနှင့်ယဉ်ကျေး မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ် တောင်တန်းဒေသ သာသနာ့နုဂ္ဂဟ အသင်း ဗဟိုဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေနှင့် ထိုင်းနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ တောင် ကိုရီးယားနိုင်ငံတို့မှ ဧည့်သည်တော်များ နှင့် အလှူရှင်များတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော် အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃာ့မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တကဒ္ဓိဗလက မဟာမင်္ဂလာအခမ်း အနား ကျင်းပရခြင်းအကြောင်း လျှောက် ထားပြီး အလှူရှင် ကမ္ဘာ့ငြိမ်းချမ်းရေး ဆုရှင် ကမ္ဘာ့ဗုဒ္ဓဘာသာခေါင်းဆောင် ဆုရ (Ph.D Economics) ဂုဏ်ထူးဆောင် ဘွဲ့ရ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ နုဂ္ဂဟအသင်း ဗဟိုဥက္ကဋ္ဌ အဂ္ဂမဟာသီရိ သုဓမ္မဇောတိ ဇောတဓရ ဝဏ္ဏာကျော်ထင် ဒေါက်တာ ခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီ လီမိတက်)က ဝမ်းမြောက်ကြောင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ကြီးအား ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် ထံမှ အနုမောဒနာ တရားနာကြားကာ ဆရာတော် သံဃာ တော်များအား ဆွမ်းဆန်စိမ်းလောင်း လှူကြသည်။ **(သတင်းစဉ်)**



# မောင်တော မြောက်ပိုင်းကျေးရွာ ၁၂ ရွာသို့ ဆန်အိတ် ၂၅၀ သွားရောက်ထောက်ပံ့ပေးအပ်

**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးတို့မှ အရေးပေါ်ကူညီထောက်ပံ့မှုများ လာရောက်ပေးအပ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် MAUK အဖွဲ့တို့ ပူးပေါင်းပြီး ယနေ့တွင် မောင်တော မြောက်ပိုင်းကျေးရွာ ၁၂ ရွာသို့ ဆန်အိတ် ၂၅၀ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်ထောက်ပံ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး)ဦးကျော်မင်း၊ MAUK အဖွဲ့နှင့် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ဖွဲ့ဝင်များလိုက်ပါပြီး မောင်တောဒေသ မြောက်ပိုင်းကျေးရွာများ ဖြစ်သည့် စပယ်ကုန်း၊ ရေမျက်၊ ငါးခူရ၊ မြို့သစ်၊ အထက်ပြူးပ၊ ပြူးမကညင်တန်း၊ ကပ်ပတောင်း၊ ရေမျက်တောင်၊ စံပယ်ပင်ရင်း၊ ခြံပြင်၊ ရွက်ညိုတောင်နှင့် သရက်အုပ် ကျေးရွာများသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကျေးရွာများသည် အောက်တိုဘာ ၉ ရက် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်ဖြစ်ပွားသည့် နောက်ပိုင်း စားဝတ်နေရေးအခက်အခဲဖြစ်နေသည့်အတွက် ယခုကဲ့သို့ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်ကလည်း မောင်တောမြောက်ပိုင်းရှိ နွားရုံတောင်၊ သီဟိုဠ်ကျွန်း၊ အောင်ဗလနှင့် ပြားသား(ခ)သုခမြိုင်ကျေးရွာများသို့ ဆန်အိတ် ၂၅၀ သွားရောက်ထောက်ပံ့ခဲ့ကြောင်း၊ ထိုသို့ ထောက်ပံ့ရာတွင် လူမျိုးဘာသာ မခွဲခြားဘဲ အစ္စလာမ်ဘာသာဝင်နှင့် တိုင်းရင်းသားကျေးရွာများကို အညီအမျှ ခွဲဝေထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်လွင်**

# ဘူးသီးတောင်၌ ဒီဇင်ဘာအားကစား လမ်းလျှောက်

**ဘူးသီးတောင် ဒီဇင်ဘာ ၂၄**

ဘူးသီးတောင်မြို့ ဒီဇင်ဘာအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲ(စတုတ္ထပတ်)ကို ယနေ့ နံနက် ၆ နာရီခန့်က ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့မှ စတင်ထွက်ခွာခဲ့သည်။

လမ်းလျှောက်ပွဲတွင် ခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ဦးနှင့် ဌာနဆိုင်ရာ များ၊အားကစားဝါသနာရှင်ပြည်သူများက မြို့တစ်ပတ်စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့မအားကစားကွင်း၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ ( ၁ ၊ ၂ ) တို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများက လက်ဖက်ရည်နှင့် ကောက်ညှင်းပေါင်းများ ကျွေးမွေးခဲ့ကြသည်။ ကလေးငယ်များအတွက် ပျော်ပွဲရွှင်ပွဲများအဖြစ် စည်ဘူးရိုက်ပြိုင်ပွဲ၊ မီတာ ၅၀ အပြေးပြိုင်ပွဲ၊ ကင်းမြီးကောက်ပြိုင်ပွဲများပြုလုပ်ပေးခဲ့သည်။ စုပေါင်း လူထု လမ်းလျှောက်ပွဲတွင် အားကစားဝါသနာရှင် စုစုပေါင်း ၄၅၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက် )**

# မြန်မာ့လက်မှုထည်ပစ္စည်းတင်ပို့မှု အလားအလာကောင်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာ့လက်မှုထည်ပစ္စည်းများ ပြည်ပတင်ပို့မှုသည် အလားအလာကောင်းများ ရရှိလာနိုင်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်မှုထည်ပစ္စည်း ပြည်ပတင်ပို့မှုဟာ စာရင်းဇယား အတိအကျမရှိပေမယ့် အီးယူကိုတင်ပို့တဲ့စာရင်းတွေကို ကြည့်မယ်ဆိုရင် အာဆီယံဒေသတွင်းမှာ ဗီယက်နမ်က အမေရိကန်ဒေါ်လာ ၄၄၇ သန်း၊ ကမ္ဘောဒီးယားနိုင်ငံက ၄၅ သန်း၊ မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ ၁၂ သန်းဖိုး နှစ်စဉ်တင်ပို့နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ လက်မှုထုတ်ကုန်တွေနဲ့ ဆက်စပ်နေတဲ့ ယဉ်ကျေးမှုအဆင့်အတန်းလည်း မြင့်မားတယ်။ လက်မှုထည်တွေ အမြောက်အမြားထုတ်လုပ်တဲ့ သင်တန်းတွေလည်း ပို့ချပေးမယ်။ တစ်ဖက်က နိုင်ငံတကာဝယ်လက်တွေနဲ့ ချိတ်ဆက်နိုင်တဲ့ကုန်စည်ပြပွဲကြီးတွေမှာ ဝင်ရောက်ပြသမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ လက်မှုအနုပညာပစ္စည်း တင်ပို့မှုဟာ အလားအလာကောင်းတွေ အများကြီးရှိနေပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

မြန်မာ့လက်မှုအနုပညာအသင်း၏ အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် မြန်မာ့လက်မှုအနုပညာပြပွဲ ၂၀၁၆ ကို ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပစဉ် ညွှန်ကြားရေးမှူးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံကို တင်ပို့မည့် GSP စာရင်းအရ ကုန်ပစ္စည်းအမည် ၅၀၀၀ ခန့် အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်အရ ကြိမ်ထည်ပစ္စည်းများ၊ ခရီးဆောင်အိတ်များ၊ လက်မှုအနုပညာပစ္စည်းများပါဝင်နေသည့်အတွက် မြန်မာ့လက်မှုထည်ပစ္စည်း တင်ပို့မှုသည် အလားအလာကောင်းများ ဖြစ်ထွန်းလာကြောင်း၊ အမျိုးသားပို့ကုန် မဟာဗျူဟာပထမအဆင့် ငါးနှစ်စီမံကိန်းတွင်လည်း မြန်မာ့လက်မှုထည်ပစ္စည်းများ တင်ပို့မှုကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ လက်မှုအနုပညာပြပွဲတွင် ၂၀၁၄ ခုနှစ်က ဖွဲ့စည်းလိုက်သော မြန်မာ့လက်မှုအနုပညာအသင်းလက်အောက်ရှိ အသင်းဝင်ဆိုင်များမှ သစ်၊ ဝါး၊ ကြိမ်၊ သတ္တုတို့ကို အခြေခံထုတ်လုပ်ထားသော လက်မှုထည်ပစ္စည်းများအဖြစ် ကျောက်စိမ်း၊ ကနုကမာတို့ကို အခြေခံထုတ်လုပ်ထားသော လက်ရာမြောက်လက်မှုထည်ပစ္စည်းအမျိုးမျိုးတို့ကို လာရောက်ခင်းကျင်းပြသခဲ့သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# ဒစ်ဂျစ်တယ်နည်းပညာသုံး အလုပ်အကိုင်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

အလုပ်လျှောက်လွှာများ သယ်ဆောင်လာရန်မလိုအပ်ဘဲ ဒစ်ဂျစ်တယ်အလုပ်လျှောက်လွှာများဖြင့် လွယ်ကူ လျင်မြန်စွာ အလုပ်လျှောက်ထားနိုင်မည့် ဒစ်ဂျစ်တယ် နည်းပညာသုံးအလုပ်အကိုင်ပြပွဲ (Paperless Job Fair) ကို လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် အင်းလျားကန်ပေါင်အနီးရှိ International Business Centre (IBC) ခန်းမ၌ ကျင်းပသွားမည် ဖြစ်ကြောင်း အွန်လိုင်း အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် work.com.mm မှ သိရသည်။

ပြပွဲသို့ အလုပ်အကိုင်လာရောက်လျှောက်ထားသူများအနေဖြင့် ကိုယ်ရေးရာဇဝင်အချက်အလက်များကို work.com.mm ၏ ဝက်ဘ်ဆိုက်တွင် ကြိုတင်၍အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ထားရန် လိုအပ်မည်ဖြစ်ကာ ကုမ္ပဏီများ လိုအပ်နေသည့် အလုပ်အကိုင်ရာထူးနေရာများတွင် ကိုက်ညီသည့်အလုပ်များ ပိုမိုရရှိနိုင်မည့် အခွင့်အလမ်းရရှိနိုင်မည်ဖြစ်ကြောင်း work.com.mm ၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မန်နေဂျာ မစ္စတာ ဘတ်ဇန်ဒစ်ခ်က ပြောသည်။

ထို့အပြင်ပြပွဲမတိုင်မီ မော်တော်ယာဉ်များ စီစဉ်၍ မြို့တွင်းလှည့်လည်ကာ စာရင်းသွင်းခြင်းများကိုလည်း အခမဲ့ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

work.com.mm အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်ကာ ရန်ကုန်နှင့် မန္တလေးမြို့များတွင် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲပေါင်း ငါးကြိမ်ကျင်းပခဲ့ပြီး ယခုအကြိမ်တွင် Paperless Job Fair ကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# မြစ်သားမြို့နယ်တွင် အရိုးအိုးအချို့နှင့် ပျူခေတ်လက်ရာဟုယူဆရသော အထောက်အထားများတွေ့ရှိ



**မြစ်သား ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင်းရှိ ရွာခိုင်ကြီးတိုက်နယ် ပိန္နဲပင်ကျေးရွာယာခင်းတစ်ခုအတွင်းမှ အရိုးအိုးအချို့နှင့် ပျူခေတ်လက်ရာဟု ယူဆရသော အထောက်အထားများတွေ့ရှိခဲ့ကြောင်း ဒေသခံများပြောပြချက်အရ သိရသည်။

အဆိုပါ ယာကွက်မှာပိန္နဲပင်ရွာနေ ဦးဌေးဝင်းပိုင် ကုန်းကွက်တစ်ခုဖြစ်ကြောင်း၊ ယင်းကုန်းမှတွေ့ရှိသော ပစ္စည်းများကို လက်ရှိယာခင်းပိုင်ရှင်က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲသို့ နိုဝင်ဘာလအတွင်းက သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ရှေးဟောင်းသုတေသနဌာန မန္တလေးဌာနခွဲသို့ မေးမြန်းကြည့်ရာ ၎င်းတို့အပ်နှံခဲ့သောပစ္စည်းများ ရှေးဟောင်းဖြစ် မဖြစ် စစ်ဆေးလျက်ရှိကြောင်း ဒီဇင်ဘာ ၁၄ ရက်ကစပြီး ယင်းကုန်းကို စတင်တူးဖော်သုတေသနပြုလုပ်နေပြီဖြစ်ရာ ရှေးဟောင်းဘာသာရေးအဆောက် အအုံဟုယူဆရသော အထောက်အထားများ တွေ့ရှိရကြောင်း၊ အတိအကျ မပြောနိုင်သေးသော်လည်း အုတ်ရိုးအင်္ဂတေလက်ရာများသည် ပျူခေတ်လက်ရာများဟု ယူဆရကြောင်း၊ မြစ်သားမြို့နယ်အတွင်းမှ မိုင်းမောပျူမြို့ဟောင်းနှင့် ပင်လယ်ပျူမြို့ဟောင်းတို့နှင့် ခေတ်ပြိုင်ဖြစ်နိုင်ကြောင်း သုတေသနတူးဖော်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှရွှေက ပြောသည်။ အဆိုပါတွေ့ရှိသော အုတ်ချပ်အချို့မှာ အလျားတစ်ပေ၊ အနံခြောက်လက်မခန့်ရှိပြီး အလေးချိန်ပေါ့ပါးကြောင်း၊ အုတ်ခဲပေါ်တွင် အရေးကြောင်းများပါရှိကြောင်း ယင်းတူးဖော်ရေး ဆိုက်အနီးရှိ ကုန်းများကိုလည်း ဆက်လက်ကွင်းဆင်းလေ့လာသွားမည်ဖြစ်ကြောင်း ထပ်မံပြောပြ၍ သိရသည်။ **ရွှေရည်ဦး(မြစ်သား)**

**သဘာဝပတ်ဝန်းကျင် သာယာစေဖို့**
**စုပေါင်းလက်တွဲဆောင်ရွက်စို့**

# ကမ်းနားလမ်းဖြတ်ရထားသံလမ်းပြန်လည်ခင်းကျင်း၊ မြို့ပတ်လူစီးရထားခရီးစဉ်တိုးချဲ့ပြေးဆွဲပေးရန်မျှော်လင့်

ရန်ကုန် ဒီဇင်ဘာ ၂၄

**အလုံမြို့နယ် ထော်လီကွေ့ရှိ ကမ်းနားလမ်းဖြတ် ရထားသံလမ်း ပြန်လည်ခင်းနေပြီး ဒီဇင်ဘာလ တတိယပတ်ကုန်တွင် မြို့တွင်းသို့သွားသော ယာဉ်ကြောများတွင် ပြီးစီးနေပြီဖြစ်ရာ မြို့ထဲမှလာသော ယာဉ်ကြောဖြစ်သည့် ကျန်လမ်းတစ်ဝက်တွင် ခင်းရန်ပြင်ဆင်နေသည်ကို မြင်တွေ့ရသည်။**



ဟုမ်းလမ်းဘူတာမှ ကမ်းနားလမ်း ကီလီကုန်ရုံနှင့်တကွ ကမ်းနားလမ်းတစ်လျှောက် ရထားသံလမ်းရှိခဲ့ပြီး ကုန်ရထားများ ပြေးဆွဲမှုရှိခဲ့ကာ လမ်းအသုံးပြုခ ကောက်ခံသည့် ကွန်ကရစ် ခင်းကမ်းနားလမ်းသစ်ဖောက်လုပ်ချိန်မှစ၍ ကမ်းနားလမ်းဖြတ် သံလမ်းများ ဖြုတ်သိမ်းခဲ့သည်။

ကွန်ကရစ်လမ်းသစ်နှင့် ကမ်းနားလမ်းဟောင်းမှာ အမြင့်နှစ်ပေခန့် အနိမ့်အမြင့်ကွာခြားမှုရှိနေပြီး ကမ်းနားလမ်းပေါ်ရှိ သံလမ်းများသာ ဖြုတ်သိမ်းသွားသော်လည်း လူနေရပ်ကွက်အတွင်း ဖြတ်သန်းသည့် ရထားလမ်းတစ်လျှောက် အမှိုက်များ ဖုံးသွားခဲ့သည်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရန် ကမ်းနားလမ်းတစ်လျှောက် လူစီးရထားပြေးဆွဲမှုကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် စတင်ခဲ့ပြီး ထော်လီကွေ့မှ ပန်းဆိုးတန်း၊ ပန်းဆိုးတန်းမှ ပုဇွန်တောင်ဘူတာအထိ အပိုင်းနှစ်ပိုင်းခွဲ၍ ပြေးဆွဲရာ ခရီးစဉ်တစ်ပိုင်းလျှင် ရထားခငွေကျပ် ၁၀၀ နှုန်း စီကောက်ခံခဲ့သည်။ ရထားပြေးဆွဲရာတွင် ခရီးကို နှစ်ပိုင်းပိုင်းဖြတ်ပြေးဆွဲခြင်း၊ ရထားအသွားနှုန်းနည်းပြီး ပြေးဆွဲသည့်ခရီးစဉ်သည် အများပြည်သူအတွက် အဆင်မပြေဖြစ်ခြင်းတို့ကြောင့် စီးနင်းသူ နည်းပါးခဲ့သည်။

လျှပ်စစ်ရထားဖြင့် ပြောင်းလဲပြေးဆွဲရန်၊ လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန် ယင်းရထားပြေးဆွဲမှုကို ၂၀၁၅ နှစ်လယ်ဝန်းကျင်တွင် ရပ်နားခဲ့ပြီး ၂၀၁၄ နှစ်ကုန်ပိုင်း ကမ်းနားလမ်း လူစီးရထားပြေးဆွဲရာတွင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် ဆက်သွယ်နိုင်ရန် ယခင်ရှိခဲ့ပြီးသော ထော်လီကွေ့လမ်းပိုင်းရထားသံလမ်း ပြန်လည်ခင်းကျင်းခြင်းနှင့် ရှိပြီးသံလမ်းများပြန်လည်ဖော်ထုတ်ရန်စီစဉ်ကာ လူနေရပ်ကွက်အတွင်းရှိ ရထားသံလမ်းများပေါ်ရှိ အမှိုက်မျိုးစုံ ဖယ်ရှားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလ ၁၀ ရက်တွင် လျှပ်စစ်ရထားပြေးဆွဲမှု စတင်ခဲ့ရာ ဝါးတန်းမှ ပန်းဆိုးတန်းခရီးစဉ်ကိုသာ ပြေးဆွဲခဲ့ပြီး ရထားခ ငွေကျပ် ၁၀၀ နှုန်းသာ ကောက်ခံခဲ့သည်။ သို့သော် ခရီးစဉ်ကို ယခင်ရထားကဲ့သို့ပင် လူစီးနည်းတွက်ခြေမကိုက်၍ လအနည်းငယ်အတွင်းပြေးဆွဲမှုရပ် ဆိုင်းခဲ့ပြန်သည်။

ယင်းထော်လီကွေ့ ရထားလမ်း ပြန်လည်ခင်းကျင်းပြီးပါက ၂၀၁၄ နှစ်ကုန်ပိုင်း ကမ်းနားလမ်းလူစီးရထားအပိုင်းနှစ်ပိုင်းခွဲပြေးဆွဲစဉ်နှင့် ဆက်စပ်၍ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကို ချိတ်ဆက်ပြီးဖြစ်လာမည်။

၂၀၁၄ နှစ်ကုန်မှ ၂၀၁၆ ခုနှစ်အတွင်း ကမ်းနားလမ်းပိုင်းလူစီးရထားနှစ်ကြိမ်အမျိုးအစားအားဖြင့် နှစ်မျိုးပြောင်းလဲပြေးဆွဲခဲ့သော်လည်း ခရီးစဉ်ကို အသွားနှုန်းနှေး၍ စီးသူနည်းသည့်အတွက် တွက်ခြေမကိုက်သဖြင့် ရပ်ဆိုင်းမှုများရှိခဲ့သည်။

မြို့ပတ်ရထားလမ်းပိုင်းနှင့် ကမ်းနားလမ်းပိုင်း ရထားသံလမ်းချိတ်ဆက်နိုင်ချိန်တွင် Water taxi မြစ်ကြောင်းများ ခရီးစဉ်ပြေးဆွဲရန် စီစဉ်မှုနှင့်အတူ ယင်းရထားလမ်းပိုင်းတွင်လည်း မြို့ပတ်ရထား ခရီးစဉ် တိုးချဲ့စီစဉ်ပြေးဆွဲပေးစေလိုပြီး မြို့ပြင်နှင့် ဆင်ခြေဖုံးဒေသများမှ ရန်ကုန်မြို့လယ် မြို့တွင်းနေရာသို့ လာရောက်သူများ ရထားဖြင့် တိုက်ရိုက်သွားနိုင်ရန် စီစဉ်ပေးစေလိုကြောင်း ရထားဖြင့် ရန်ကုန်မြို့တွင်း သို့လာရောက်သူတစ်ဦးက ပြောသည်။ **ခင်ဆိုင်**

# ပြည်တွင်း ပြည်ပမီဒီယာများ သတင်းရယူစဉ် ဒေသခံနှင့်တာဝန်ရှိသူတို့ ပြောကြားခဲ့သည့်စကားသံများ

အမေး/အရေး-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဇေယျာ(မိုင်ရာ)၊ ဓာတ်ပုံ-မောင်မွေး

ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့သည် မကြာမီရက်ပိုင်းက ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း ကွင်းဆင်းသတင်းရယူခဲ့ကြပြီးဖြစ်သည်။ အဆိုပါခရီးစဉ်အတွင်း ပြည်တွင်းပြည်ပသတင်းမီဒီယာအဖွဲ့မှ ဖြစ်စဉ်ဖြစ်ပွားစဉ်အတွင်းနှင့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း အခြေအနေများကို မေးမြန်းသတင်းရယူရာတွင် ဒေသခံများနှင့် တာဝန်ရှိသူများ၏ ပြောကြားခဲ့သည့် စကားသံများကို ကောက်နုတ် စုစည်းဖော်ပြလိုက်ပါသည်။



ရဲမှူးချုပ် သူရစန်းလွင်


ဦးရဲထွဋ်


ဦးလှမောင်သိန်း



ဒေါက်တာသန်းထွန်းကျော်


ဒေါက်တာစိုးအောင်သန်း


ဦးကျော်သိန်း

**ရဲမှူးချုပ် သူရစန်းလွင်**
**အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)**

အခု ပြည်တွင်းပြည်ပမီဒီယာအဖွဲ့တွေ ရောက်လာတဲ့အတွက် သတင်းအဖြစ်မှန်ကို သိရမှာပါ။ တချို့သတင်းတွေက ဖြစ်သင့်တာထက် လိုရာကိုဆွဲပြီးတော့ ဖော်ပြနေတဲ့အတွက် နိုင်ငံတကာမှာ အထင်မှားတာတွေ အများကြီးရှိနေတယ်။ ဒါကြောင့်မို့ သတင်းကို လျင်လျင်မြန်မြန်နဲ့ ထုတ်ပြန်ပေးနေတာပါ။ ကျွန်တော် သိသလောက်ဆိုရင် သတင်းကို နေ့ချင်းထုတ်ပြန်ပေးနေတယ်။ ဒီအပေါ်မှာ ပြည်ပနိုင်ငံတချို့ စွပ်စွဲတာတွေက မမှန်သတင်းတွေ များလာတဲ့အတွက် နိုင်ငံတော်က သတင်းထုတ်ပြန်ရေးအဖွဲ့တွေကို ဖွဲ့ပြီးတော့ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေတာပါ။

UN အဖွဲ့နဲ့ သံတမန်အဖွဲ့တွေ သူတို့သွားချင်တဲ့နေရာတွေကို ရောက်ခဲ့တယ်။ အဲ့ဒီမှာရှိတဲ့ ရွာသားတွေနဲ့ တွေ့တယ်။ တွေ့တဲ့အခါ သူတို့ကိုယ်တိုင် မေးမြန်းလာတယ်။ တချို့သတင်းတွေက မဟုတ်ဘူးဆိုတာ သူတို့ကိုယ်တိုင် မျက်မြင်တွေ့သွားတဲ့အတွက် သတင်းစာရှင်းလင်းပွဲတွေမှာ သူတို့ဖော်ပြပြီးဖြစ်ပါတယ်။

အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော်တို့ကို အပ်နှင်းထားတဲ့ လက်နက်တွေကို အကြမ်းဖက်စီးနင်းတိုက်ခိုက်ပြီးတော့ လုယူသွားတယ်။ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့ကိုတောင်မှ အကြမ်းဖက်တယ်ဆိုတဲ့အခါမှာ အလိုလိုနေရင်း တိုင်းရင်းသားတွေက ဒီဒေသမှာ မနေရဲလောက်အောင် ဖြစ်လာတယ်။ ဆုံးရှုံးသွားတဲ့ လက်နက်တွေ ပြန်လည်ရရှိရေး၊ နောက် ဒီဒေသတည်ငြိမ်အေးချမ်းစေဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

နိုဝင်ဘာ ၁၂ ရက် ဖြစ်စဉ်ဖြစ်ပွားတဲ့အခါမှာ တပ်မတော်က တပ်ရင်းမှူးတစ်ဦး ကျဆုံးသွားတယ်။ အဲဒီမှာ အင်အားနဲ့ အဝိုင်းခံရတဲ့အတွက် ပစ်ကူပေးခဲ့ရတာပါ။ ပစ်ကူပေးတာတောင်မှ ကျွန်တော်တို့က အင်အားကို အလွန်အကျွံမသုံးဘဲနဲ့ ဆောင်ရွက်ခဲ့တာပါ။ တပ်ဆင်ထားတဲ့ လက်နက်နဲ့သာ စွမ်းအားပြည့် အသုံးချရင် ထိခိုက်မှုအများကြီး ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် balance ဖြစ်အောင်လုပ်ပြီး ကိုယ့်တပ်ဖွဲ့ဝင်တွေ အဝိုင်းခံရတဲ့ အနေအထားကို ပစ်ကူပေးတဲ့ ဆောင်ရွက်တဲ့ သဘောပဲဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ အွန်လိုင်းပေါ်ကို လူမျိုးတုံးသတ်ဖြတ်တယ်၊ မုဒိမ်းကျင့်တယ်။ ရွာတွေ မီးရှို့တယ်ဆိုတဲ့ Issue တစ်ခုဖြစ်အောင် ဖန်တီးလာတယ်လို့ ကျွန်တော်မြင်တယ်။ အဲ့ဒီလို မဟုတ်မမှန်သတင်းတွေကို မီဒီယာတချို့ရေးလာတဲ့အခါ သံတမန်တွေကပါ ဒီဖြစ်စဉ် ဟုတ် မဟုတ် နယ်မြေအထိ လိုက်လံကွင်းဆင်းကြ တယ်။ ကော်မရှင်ဖွဲ့ပြီး မှန်ကန်မှု ရှိ မရှိ လိုက်လံစစ်ဆေးနေတာ အားလုံးသိပြီးဖြစ်ပါတယ်။

ပြစ်မှုကျူးလွန်တဲ့သူတွေကိုလည်း ဥပဒေအကြံပြုချက်အရ တရားရုံးမှာ တရားစွဲတင်ဆဲဖြစ်ပါတယ်။ ထောင်ဒဏ်နှစ်ရှည်ချတယ်ဆိုတာကလည်း တရားရုံးရဲ့ ဆုံးဖြတ်ချက်အပေါ်မူတည်ပါတယ်။ တရားရုံးရဲ့ဆုံးဖြတ်ချက်က ထွက်မလာသေးဘူး။

မဟုတ်မှန် လုပ်ကြံဝါဒဖြန့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံအပေါ်မှာ ဝိုင်းပြီးတော့ဖိအားပေးလာမယ်။ ပြီးတော့ အကြမ်းဖက်တဲ့ အဖွဲ့အစည်းတွေဆီမှာ လက်နက်တွေ ရောက်ရှိနေတယ်။ ကျွန်တော်တို့က ဒီလက်နက်တွေ ပြန်လည်ရရှိဖို့ စစ်ဆင်ရေးအနေနဲ့ ဆောင်ရွက်နေတယ်။ ဒါကို ပြန်ပြီးတော့ လျော့ပါးအောင်လို့ ဖိအားပေးတယ်လို့ပဲ သုံးသပ်လို့ရပါတယ်။

**ဦးရဲထွဋ်၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး**

ကျေးရွာတွေမှာ မီးလောင်ပြီးထွက်ပြေးသွားတာဖြစ်တဲ့အတွက် ကျီးကန်းပြင်နဲ့ ကြိမ်ချောင်းကြားထဲမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေကို ရပ်ကျေးဥပဒေအရ ခေတ္တအုပ်ချုပ်ရေးမှူးခန့်တယ်။ တချို့ဥပဒေထဲမှာ တကယ်နေချင်တဲ့ သူတွေရှိတယ်။ ပညာရေးနိမ့်လွန်းနေတဲ့အတွက် တစ်ဖက်က ငွေကြေးထောက်ပံ့မှုကိုပဲ မျှော်နေပြီးတော့မှ ရွာထဲမှာ လူမိုက်လုပ်နေတဲ့ အဖွဲ့အစည်းတွေရှိတယ်။ နောက်တစ်ဖွဲ့က အားသာရာကို လိုက်မယ့်အဖွဲ့ရှိတယ်။ ဖြစ်စဉ်ဖြစ်ပွားတဲ့ အောက်တိုဘာ ၁၂ ရက်မှာ ရပ်ကျေးတွေရယ်၊ ဘာသာရေးဆရာတွေရယ်၊ ရပ်မိရပ်ဖတွေရယ် အကုန်ခေါ်တယ်။

တပ်မတော်နဲ့ ရဲတပ်ဖွဲ့ဝင်တွေလာရင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဘာသာရေးဆရာတွေ၊ ရပ်မိရပ်ဖတွေ ရွာပြင်ထွက်လာပါ။ ကျွန်တော်တို့ ဘယ်ရွာကပါ။ ဘယ်သူတွေဖြစ်တယ်ဆိုတာကို ပြောပြပါ။ အဲ့ဒီရွာတွေကို အဲ့ဒီလိုမျိုး ကိုယ်တိုင်ဦးဆောင်ပြီးခေါ်။ ဒီရွာထဲမှာ ဘယ်သူ့ကို စစ်ဆေးချင်တယ်ဆိုရင် လူရှေ့သူရှေ့မှာ ခေါ်ပြီးတော့မှ စစ်ဆေးဖို့ ခေါ်ယူတယ်ဆိုရင် သက်သေနဲ့ လွှဲပေးလိုက်။ ပြန်လည်ရောက်ရှိရင် မြို့နယ်အုပ်ချုပ်ရေးမှူးကို ပြန်လည်သတင်းပို့ပါဆိုပြီးတော့ အကုန်မှာထားတယ်။

ဒါပေမယ့် မြေပြင်မှာ ပေါင်းစပ်မှုအားနည်းတယ်။ သူတို့ကို ပေါင်းစပ်မှုမရှိအောင်ကိုလည်း သူတို့တစ်တွေက ကွန်ရက်ရှိတယ်။ အဓိကတော့ နီးရာဓားကို သူတို့ကြောက်နေကြတယ်။ ကျီးကန်းပြင်ဌာနချုပ်ကြီးကို အကြမ်းဖက်ဝင်ရောက်စီးနင်းတိုက်ခိုက်ဖို့ လူ ၁၀၀ ကျော်ဆိုတာက တစ်ဖက်ကမ်းကနေ ကူးလာတာမျိုးမဖြစ်နိုင်ဘူး။ ဒီရွာထဲမှာ ဩဇာညောင်းတဲ့သူပဲဖြစ်ဖြစ်၊ ငွေကြေးထောက်ပံ့မှုပဲဖြစ်ဖြစ် ပြုလုပ်ပေးတဲ့ ပုံစံမျိုးပဲဖြစ်ဖြစ် လူဦးရေက များသွားတယ်။ တကယ်ဝင်ရောက်လုပ်တာက လူ ၂၀၊ ၃၀ ကျော်လောက်ပဲရှိတယ်။ အဲ့ဒီလူတွေကိုလည်း သူတို့ရွာထဲရောက်ရင် ဘယ်သူမှ မဖော်ရဲဘူး။ မိထားတဲ့သူ တချို့ဆိုလည်း ကိုယ်တိုင်ပါဝင်ကျူးလွန်တာ တွေ့ရတယ်။

**ဦးလှမောင်သိန်း(တိုင်းရင်းသား)၊ ငါးခူရကျေးရွာ(ရပ်မိရပ်ဖ)**

ကျွန်တော်တို့ဆီက ၂၀၁၂ ခုနှစ်မှာ တစ်ခါဖြစ်ပြီးပြီ။ ယုံကြည်မှုတည်ဆောက်ထားတာ လေးနှစ်ကျော်ကျော်လေးပဲ ရှိသေးတယ်။ ဒီလိုယုံကြည်မှုပျက်ရင် ကျွန်တော်တို့ တိုင်းရင်းသားဦးရေကလည်း တော်တော်နည်းတဲ့အတွက် စိုးရိမ်တယ်။ နိုင်ငံတော်အစိုးရနဲ့ အဖွဲ့အစည်းများပါ အဓိကလုပ်ဆောင်မှုဖြစ်မယ်လို့ ထင်ပါတယ်။ ပြန်လည်တည်ဆောက်ဖို့မလွယ်တော့ဘူး။ ကျွန်တော်တို့က ခွင့်လွှတ်နားလည်နိုင်ပါတယ်။ သူတို့အနေနဲ့ကတော့ မသိပါဘူး။ နဂိုအတိုင်း တည်ငြိမ်အေးချမ်းဖို့ဆိုရင် နောက်ထပ်ခြောက်လနဲ့တောင် ပြန်လည်ဖြစ်လာဖို့ မလွယ်ဘူးလို့ ထင်ပါတယ်။

နောက်တစ်ခုက ဈေးဖွင့်ဖို့လည်း အခြေအနေက မငြိမ်သေးဘူး။ ကျွန်တော်ကိုယ်တိုင် ဈေးထဲမှာလက်ဖက်ရည် ရောင်းပါတယ်။ ဆိုင်မှာ အစ္စလာမ်ဘာသာဝင်တွေ အများဆုံး လာသောက်ပါတယ်။ ၉၀ ရာခိုင်နှုန်းလောက်က အစ္စလာမ်ဘာသာဝင်တွေပါ။ တိုင်းရင်းသားတွေက ၁၀ ရာခိုင်နှုန်းလောက် လာသောက်ပါတယ်။ နယ်မြေမငြိမ်ရင်တော့ အရောင်းအဝယ်လုပ်ငန်းက ဖြစ်မှာ မဟုတ်သေးတဲ့အတွက် စီးပွားလည်း ဖြစ်မှာ မဟုတ်သေးဘူး။ ဒီဘက်မှာ ပုစွန်ကန်လုပ်ငန်းကို အဓိက လုပ်ကိုင်ကြတယ်။ ပုစွန်ကန်တွေ မဖော်ဖြစ်တော့ အလုပ်သမားတွေ အလုပ်မရှိဘူး။ အခုချိန်မှာ အဓိကက တရားဥပဒေစိုးမိုးရမယ်။ လုံခြုံရေးကောင်းရမယ်။ ဥပဒေအာဏာကို လိုက်နာမယ်ဆိုရင် နယ်မြေတည်ငြိမ်အေးချမ်းလာမယ်။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုလည်း ရှိလာမယ်။ အရင်လို ပြန်လည်ဖြစ်လာမယ်။

**ဒေါက်တာသန်းထွန်းကျော် (မြို့နယ်ဆရာဝန်ကြီး)**
**ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ**

ကျွန်တော်တို့ ဆေးရုံမှာ အထူးအနေနဲ့ မေ့ဆေးဆရာဝန်တစ်ဦးနဲ့ သားဖွားမီးယပ်ဆရာဝန်တစ်ဦးကို ချပေးထားပါတယ်။ ဒီဆေးရုံက ၂၀၁၂ ဖြစ်စဉ်ဖြစ်ပွားခဲ့ကတည်းက လူမျိုးဘာသာမရွေး လူနာတွေကို လက်ခံပြီး လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ လူမျိုးဘာသာမရွေး အားလုံးကို ပြုစုစောင့်ရှောက်ပေးတဲ့အတွက်ကြောင့် ပြည်သူတွေကလည်း အားကိုးယုံကြည်စွာ လာရောက်ကုသကြပါတယ်။ အခု အောက်တိုဘာ ၉ ရက်နေ့ မောင်တောဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်တာတွေကို ပုံမှန်အနေအထားအတိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။

ကျွန်တော်တို့ ဆေးရုံမှာ ဆရာဝန် ၁၈ ဦး ဖွဲ့စည်းပုံရှိပေမယ့် လတ်တလောအခြေအနေမှာ ငါးဦးနဲ့ အဆင်ပြေအောင် ပုံမှန်ဆောင်ရွက်ပေးနိုင်ပါတယ်။ သူနာပြုအပိုင်းမှာလည်း လစ်လပ်နေတာ ၁၇ နေရာရှိနေပါတယ်။ ဒါပေမယ့်လည်း အဆင်ပြေပါတယ်။ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲတွေမှာ သားဖွားဆရာမ ၄၂ နေရာရှိတဲ့ထဲမှာ ၃၁ နေရာရှိပြီး ၁၁ နေရာလစ်လပ်နေပါတယ်။ ထောက်ပံ့မှုအနေနဲ့လည်း ဝန်ကြီးဌာနက ထောက်ပံ့ပေးသလို UN၊ INGO တို့လို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ကူညီထောက်ပံ့မှုတွေနဲ့လည်း ဆောင်ရွက်ပေးပါတယ်။ ဆေးရုံကို လာတက်တဲ့ သားဖွားနဲ့မီးယပ်ရောဂါတွေကိုလည်း ကျွန်တော်တို့က ကောင်းကောင်းမွန်မွန်နဲ့ကို စောင့်ရှောက်ပေးနိုင်ပါတယ်။ သူတို့ရဲ့ သွားတဲ့လာတဲ့ စရိတ်၊ စားစရိတ်တွေလည်း အကုန်အကျခံပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆေးရုံကိုလာတက်တဲ့ လူနာတွေအနေနဲ့ ဘာမှဝန်ထုပ်ဝန်ပိုးမရှိစေဘဲနဲ့ အားလုံးအဆင်ပြေစွာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ဒေါက်တာစိုးအောင်သန်း (ခွဲစိတ်ဆရာဝန်ကြီး)**
**မောင်တောပြည်သူ့ဆေးရုံ**

အကြမ်းဖက်မှုဖြစ်စဉ်မှာ လာရောက်ကုသတာတွေလည်း ရှိတယ်။ တချို့က ဒဏ်ရာကြောင့် သေတာမဟုတ်ဘဲနဲ့ ရောဂါကြောင့် သေဆုံးတဲ့သူနှစ်ဦးရှိပါတယ်။ ကျွန်တော်တို့ ရင်ခွဲစစ်ဆေးမှုအရ ဆိုရင်တော့ အဲ့ဒီနှစ်ဦးက အဆုတ်တွေ မကောင်းကြဘူး။ အရင်ကတည်းက တီဘီရောဂါရှိတဲ့သူ အသက်တွေကလည်းကြီးတော့ နမိုးနီးယားဝင်ပြီးတော့ ဆေးကုသစဉ် သေဆုံးသွားတာဖြစ်ပါတယ်။

လူမျိုးဘာသာ ခွဲခြားမှု မရှိပါဘူး။ လာရောက်တဲ့လူနာတွေကို ပုံမှန်အတိုင်း ကုသပေးပါတယ်။ ဒီလူကတော့ အစ္စလာမ်ဘာသာဝင်၊ ဟိုဟာကတော့ တိုင်းရင်းသားဆိုပြီး ခွဲခြားကုသပေးတာ မရှိပါဘူး။ အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်မှာ ဓားဒဏ်ရာရော၊ သေနတ်ဒဏ်ရာပါ စုစုပေါင်း ၁၇ ဦးလောက် လာရောက်ကုသတာရှိပါတယ်။ ရဲက ခုနစ်ဦးရှိပါတယ်။ တပ်မတော်သားက သုံးဦးရှိပါတယ်။ အရပ်သားက သုံးဦးရှိပါတယ်။ အစ္စလာမ်ဘာသာဝင်က လေးဦးရှိခဲ့ပါတယ်။

**ဦးကျော်သိန်း (ကျောင်းအုပ်ဆရာကြီး)**
**ကြိမ်ချောင်းအခြေခံပညာအထက်တန်းကျောင်း**

ဖြစ်စဉ်ဖြစ်ပွားတုန်းက ကျွန်တော်တို့ဆီမှာ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့ ကြိမ်ချောင်းအထကမှာဆိုရင် လူမျိုးဘာသာပေါင်းစုံ အတူယှဉ်တွဲပြီး ပညာသင်ကြားလျက်ရှိပါတယ်။ အစ္စလာမ်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ဗုဒ္ဓဘာသာဝင် လူမျိုးစုံ ရှိပါတယ်။ အတန်းတိုင်းလိုလို လူမျိုးပေါင်းစုံရှိပါတယ်။ မူလတန်းအဆင့်မှာဆို ပိုများပါတယ်။ လူမျိုးပေါင်းစုံဆိုပေမယ့်လည်း သင်ကြားတာက ရခိုင်ဘာသာစကားနဲ့ပဲ သင်တာဖြစ်တဲ့အတွက်ကြောင့် သင်ကြားမှုက အဆင်ပြေပါတယ်။ ကျောင်းတစ်ကျောင်းလုံးမှာ ကျောင်းသား ကျောင်းသူဦးရေ ၁၉၉၇ ဦး ရှိပါတယ်။ ဒါပေမယ့် အခုလောလောဆယ် ၆၃၀ ကျော်ပဲ တက်ရောက်သင်ကြားနေပါတယ်။ လက်ရှိအနေနဲ့ကတော့ ကျွန်တော်တို့ကျောင်းမှာ ကျောင်းဆရာ၊ ဆရာမနေရာတွေ လစ်လပ်တာရှိနေတယ်။ အဲဒါကို အမြန်ခန့်ပေးစေချင်ပါတယ်။

**ဦးသက်စိုး(တိုင်းရင်းသား)၊ ကြိမ်ချောင်းကျေးရွာ(ဒေသခံ)**

ကျွန်တော်တို့ကျေးရွာမှာ လူမျိုးဘာသာပေါင်းစုံနေထိုင်ကြတယ်။ အားလုံးက ကိုယ့်ဟာကိုယ်တော့ ယုံကြည်မှုထားပြီးနေကြတယ်။ ဒီရွာမှာ ဘာဖြစ်စဉ်မှ မဖြစ်ဘူးဆိုတာက တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေ နီးနီးကပ်ကပ် အနေနီးတာလည်း ရှိတယ်။ စီးပွားရေးလုပ်ငန်းတွေဆိုလည်း ကျွန်တော်တို့က သူတို့နဲ့ပဲ ဆက်သွယ်ပြီး လုပ်လာတာအရင်ကတည်းကပါ။ ဒီမှာပညာတတ်တွေလည်းအများကြီးပါပဲ။ စီးပွားရေးကိုပဲ သူတို့က ဇောက်ချပြီးလုပ်တဲ့အတွက် ပဋိပက္ခတွေကိုကျတော့ သိပ်ပြီးတော့ အဖြစ်မခံကြပါဘူး။ ကြိမ်ချောင်းဈေးဆိုရင် တစ်ဈေးလုံးလိုလို အစ္စလာမ်ဘာသာဝင်တွေပဲ အများစုလုပ်ကိုင်နေကြတယ်။ တိုင်းရင်းသားတွေဆိုင်ဆိုရင် ဒီရွာတွေမှာ မရှိလောက်အောင်ကို နည်းပါးပါတယ်။ တိုင်းရင်းသားတွေဆိုရင် အစိုးရဝန်ထမ်းလောက်ပဲ အများဆုံးရှိတယ်။

**ဦးမာမက်ဆော်လိန်(အုပ်ချုပ်ရေးမှူး)**
**ငါးစားကြူးကျေးရွာ၊ ပြောင်ပိုက်ကျေးရွာအုပ်စု**

ကျွန်တော်တို့ရွာမှာလည်း လူမျိုးပေါင်းစုံနေထိုင်ကြပါတယ်။ အခုဖြစ်ပွားတဲ့ ဖြစ်စဉ်မှာ နေအိမ်အဆောက်အအုံအားလုံး ၉၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပါတယ်။ ရွာမှာ အိမ်ခြေ ၁၈၇ လုံးရှိပါတယ်။ လူဦးရေကတော့ ၁၄၀၀၀ ကျော်ရှိပါတယ်။ လောလောဆယ်မှာ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းရှိပါတယ်။ အခုလို အကြမ်းဖက်ဖြစ်စဉ်မျိုးတွေကို ကျွန်တော်တို့ လုံးဝမလိုလားပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်း အေးအေးချမ်းချမ်းပဲ နေချင်ပါတယ်။ အခုလို နိုင်ငံတကာအဖွဲ့အစည်းတွေက ထောက်ပံ့ပစ္စည်းတွေ လာရောက်လှူဒါန်းလာတဲ့အခါ အစိုးရတပ်ဖွဲ့ဝင်တွေက တားဆီးပိတ်ပင်တာတို့၊ အဟန့်အတားလုပ်တာတို့ မရှိပါဘူး။ လွတ်လွတ်လပ်လပ် လာရောက်လှူဒါန်းနေကြပါတယ်။

တစ်ရွာလုံးကို WFP က ဆန်၊ ဆီနဲ့ စားသောက်စရာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ လာရောက်ဖြန့်ဝေပေးပါတယ်။ ဒီတစ်ခေါက်က ကျွန်တော်တို့ရွာကို ဒုတိယအကြိမ်အနေနဲ့ ယူနီဆက်က မီးလောင်ခံရတဲ့သူတွေအတွက် သန့်ရှင်းရေးပစ္စည်းတွေကို လာရောက်ထောက်ပံ့ပေးတယ်။ အမျိုးသမီးသုံးပစ္စည်းတွေ၊ ဆပ်ပြာတွေ၊ သွားတိုက်ဆေးတွေ အကုန်လာလှူကြပါတယ်။ အရင်တစ်ခေါက်ကတော့ တစ်ရွာလုံးအတွက် လှူသွားပါတယ်။ ကျွန်တော်တို့ရွာမှာ အဓိကကတော့ ဆေးဝါးက အဓိကလိုအပ်နေပါတယ်။ နောက်ပြီး အခက်အခဲရှိတာက စားရေးသောက်ရေးအတွက်ပါ။ အခုတစ်ခါဖြစ်စဉ်က ကျေးရွာအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် တော်တော်လေးထိခိုက်ပါတယ်။

**ဦးခင်မောင်ဇံ (ဦးစီးမှူး)**
**ဘူးသီးတောင်မြို့မစည်ပင်သာယာရေးဦးစီးဌာန**

ဖြစ်စဉ်ဖြစ်ပွားချိန်တုန်းက ဆိုင်ခန်းတွေ လေးပုံတစ်ပုံလောက်ပဲဖွင့်တာ ။ ဒါပေမယ့် အခုချိန်မှာတော့ ဆိုင်ခန်းတွေက အားလုံးလိုလို ဖွင့်လို့ရနေပါပြီ။ ဈေးအတွင်းမှာလည်း အရင်လို စည်စည်ကားကားနဲ့ ပြန်လည်ရောင်းချနေကြပါပြီ။ အရောင်းအဝယ်လည်း ကောင်းပါတယ်။ ကျွန်တော်တို့ စည်ပင်သာယာအဖွဲ့အနေနဲ့

*စာမျက်နှာ ၉ သို့*

# မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ်ညှိနှိုင်းစည်းဝေး



**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ဒီမိုကရေစီလမ်းကြောင်းကို အထောက်အပံ့ဖြစ်စေမည့် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ ရိုက်ကူးရန် ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်မှာ ယခု ဒုတိယအကြိမ်ဖြစ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီရုပ်ရှင်ရက်သတ္တပတ်ပွဲတော်၌ ပြသမည့် ရုပ်ရှင်ဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးရာတွင် ရုပ်ရှင်ပညာရှင်များအနေဖြင့် စိတ်ကူးစိတ်သန်းများ မည်သို့ရှိသည်ကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အတတ်ပညာရှင်များက ရုပ်ရှင် ဇာတ်ကားကြီး ခုနစ်ကားနှင့် ရုပ်မြင်သံကြား ဇာတ်လမ်းတွဲများ ရိုက်ကူးရေး၊ ရိုက်ကူးရာတွင် ကော်မတီတစ်ရပ် ဖွဲ့စည်းရေး၊ ဒါရိုက်တာ၊ ဇာတ်ညွှန်း၊ သရုပ်ဆောင်များ ရွေးချယ်ရေး၊ ရုပ်ရှင်ဇာတ်လမ်းရှာဖွေရေးကော်မတီနှင့် ဇာတ်လမ်းရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၈ မှ*

ဒီဈေးမှာ ဘာပြဿနာမှမဖြစ်အောင် အကုန်လုံးကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်ပေးပါတယ်။ ဈေးမှာ ဈေးဆိုင်လာရောင်းတဲ့ အဖွဲ့တွေကို လုံခြုံရေးအခြေအနေအရ စိုးရိမ်စရာမရှိအောင်၊ သွားလာရေးအဆင်ပြေအောင်နဲ့ အားလုံးအဆင်ပြေအောင် အတတ်နိုင်ဆုံး ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးထားတာတွေ ရှိပါတယ်။

**ဦးမူဟာမက်ရော်ဖိတ်**
**ဘူးသီးတောင်မြို့မဈေးတာဝန်ရှိသူတစ်ဦး**

၂၀၁၂ ကတည်းက မောင်တောမှာဖြစ်သွားတဲ့အတွက် ကျွန်တော်တို့ ဘူးသီးတောင်မှာ ဘာမှမဖြစ်အောင် ဦးစီးဦးဆောင်ပြီး ကြိုးစားဆောင်ရွက်ခဲ့တယ်။ ဒါ့ကြောင့် ဘူးသီးတောင်မှာ ဘာမှလည်း မဖြစ်ခဲ့ပါဘူး။ အခုလက်ရှိ မောင်တောဖြစ်စဉ်မှာလည်း ဖြစ်နေတဲ့ ပြဿနာကို မဖြစ်အောင် ဆက်လက်ကြိုးစားနေပါတယ်။ မဖြစ်အောင်လည်း အကုန်လုံးနဲ့ ဆွေးနွေးထားပါတယ်။ ဒီလိုမျိုးပြဿနာကိုလည်း ကျွန်တော်တို့ မလိုလားပါဘူး။ ပြဿနာတွေ ဖြစ်နေတာလည်း ဘယ်လိုနည်းနဲ့မှ မကောင်းပါဘူး။ ကျွန်တော်အပါဝင် ဘူးသီးတောင်မြို့သူမြို့သားတွေအားလုံးက ဒီလိုဖြစ်စဉ်မျိုးကို မလိုလားကြပါဘူး။ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ လူမျိုးဘာသာပေါင်းစုံ အတူတကွနေချင်တဲ့ ဆန္ဒရှိပါတယ်။ အရောင်းအဝယ်ဆိုရင်လည်း အကြမ်းဖက်မှု မဖြစ်ခင်က အရောင်းအဝယ်ဖြစ်ပြီး အရောင်းအဝယ်က အရင်ထက်စာရင် အများကြီးကွာခြားနေပါတယ်။ တကယ်တော့ ဘူးသီးတောင်မြို့နယ်က စစ်တွေနဲ့ မောင်တောကို မှီခိုပြီးတော့ ရပ်တည်ရတဲ့ မြို့ဖြစ်ပါတယ်။

လတ်တလောမှာ စစ်ဆင်ရေးနယ်မြေလည်း ဖြစ်နေတဲ့အတွက် မောင်တောနဲ့ စစ်တွေက လာရောက်မယ့်သူတွေအတွက် သွားလာရေးခက်ခဲနေကြပါတယ်။ စီးပွားရေးကို ကြည့်ရင်လည်း အနည်းဆုံး ၅၀ ရာခိုင်နှုန်းလောက် ကျဆင်းနေပါတယ်။ ပြဿနာမဖြစ်ပေမယ့် ပြဿနာရဲ့ နောက်ဆက်တွဲ ဆိုးကျိုးကြောင့် အဓိကစီးပွားရေးကျဆင်းရခြင်းဖြစ်ပါတယ်။

**အဆောဒူလ္လာ(အစ္စလာမ်ဘာသာဝင်)**
**အလယ်သံကျော်ကျေးရွာ(ဈေးရောင်း)**

ကျွန်တော်တို့မောင်တောတောင်ပိုင်း အလယ်သံကျော်မှာတော့ ဘာမှမဖြစ်ခဲ့ပါဘူး။ အေးဆေးပါ။ ပြဿနာကိုလည်း ကျွန်တော်တို့အနေနဲ့ မလိုလားပါဘူး။ ဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့က ကြားတော့ကြားပါတယ်။ ကျွန်တော်တို့ရဲ့ကျေးရွာကို ကျွန်တော်တို့ ကာကွယ်ပါတယ်။ တိုင်းရင်းသားတွေ၊ ဟိန္ဒူဘာသာဝင်တွေ၊ အစ္စလာမ်ဘာသာဝင်တွေနဲ့ အားလုံးပူးပေါင်းပြီးတော့ ညှိနှိုင်းတိုင်ပင်ကြပါတယ်။ ကျွန်တော်တို့ကျေးရွာ၊ ကျွန်တော်တို့ဒေသမှာ အခုလိုဖြစ်စဉ်တွေတင်မကဘူး။ ဘာပြဿနာမှဖြစ်ဖို့မလိုလားပါဘူး။ မဖြစ်ချင်ပါဘူး။ မဖြစ်အောင်လည်း ကြိုတင်ကာကွယ်ပါတယ်။ အရင်တုန်းကလည်း မဖြစ်ခဲ့ပါဘူး။ နောက်နောင်လည်း မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့က အားလုံးဘာသာပေါင်းစုံစုစည်းပြီးတော့မှ နေထိုင်ကြပါတယ်။ ဒီဖြစ်စဉ်ပဋိပက္ခဖြစ်ပြီးနောက်ပိုင်း လုံခြုံရေးအခြေအနေကြောင့် ရေလုပ်သားတွေ ငါးဖမ်းမထွက်ရတာ တစ်ခုပါပဲ။ စိုက်ပျိုးရေးလုပ်ငန်းလည်း လုပ်ကြတယ်။ အဓိကကတော့ မိုးတွင်းမှာ စပါးတွေစိုက်တယ်။ နွေပိုင်းဆိုရင် ငရုတ်သီး၊ အာလူးတွေ စိုက်တယ်။ စားစရာဆိုလည်း ဒီဒေသမှာထွက်တဲ့ သီးနှံအားလုံး စိုက်ကြပါတယ်။

**ဆွေယော့ဒူလာ(အစ္စလာမ်ဘာသာဝင်)**
**အလယ်သံကျော်ကျေးရွာ(ရပ်မိရပ်ဖ)**

ဟိုဘက်က လူတွေလာမယ်ဆိုလည်း ကျွန်တော်တို့ လက်မခံပါဘူး။ ဒီရွာက လူတွေလည်း တခြားရွာတွေကို မသွားနဲ့။ အခြားရွာက လူတွေလည်း ကျွန်တော်တို့ရွာကို မဝင်လာစေနဲ့ဆိုပြီးတော့ ရွာမှာပြောပြီးသားပါ။ ဝင်ခွင့်လည်း မပြုပါနဲ့၊ လောလောဆယ် အရေးအခင်းဖြစ်နေတဲ့ နေရာမှာက အဝင်၊ အထွက်တွေက မကောင်းဘူးဆိုပြီးလည်း ပြောထားတယ်။ အဲဒီမြောက်ပိုင်းရွာတွေကို ကျွန်တော်တို့ တောင်ပိုင်းရွာတွေက အကူအညီတွေသွားပေးတာလည်း မရှိပါဘူး။



ဆွေယော့ဒူလာ

ကျွန်တော်တို့ အလယ်သံကျော်ရွာက လူတွေ ဖြစ်စဉ်မှာ မပါပါဘူး။ အလယ်သံကျော်ဆိုတာက အရင်ကတည်းက အေးချမ်းစွာနဲ့နေတဲ့ ရွာတစ်ရွာပါ။ ကျွန်တော်တို့ရွာက အထက်တန်းကျောင်းလည်းရှိတယ်။ ဘာသာရေးကျောင်းလည်းရှိတယ်။ ဌာနဆိုင်ရာလည်း ရှိတယ်။

၂၀၁၂ ဖြစ်စဉ်ဖြစ်တုန်းကလည်း အေးအေးဆေးဆေးပါ။ ဒါက အားလုံးသိပါတယ်။ နိုင်ငံခြားက လာတဲ့လူတွေ ကျွန်တော်တို့ရွာကိုလာတယ်။ လာပြီးတော့ ကျွန်တော်တို့ကို ဓာတ်ပုံတွေရိုက်ပြီးတော့ သူတို့က ယူသွားကြတယ်။ အေးချမ်းသာယာစွာနဲ့ အစိုးရနဲ့ ပူးပေါင်းနေဖို့အတွက်လည်း သူတို့က ပြောသွားတယ်။ အလယ်သံကျော်ကျေးရွာမှာ ဗုဒ္ဓဘာသာဝင်တွေရှိတယ်။ ဟိန္ဒူဘာသာဝင်တွေရှိတယ်။ လူဦးရေကတော့ အစ္စလာမ်ဘာသာဝင်တွေက အများဆုံးပါ။

အဓိကပြောချင်တာက ဖြစ်တာလည်း ဖြစ်ပြီးသွားပြီ။ နောက်အတူတကွ လက်တွဲပြီး ရှေ့ကို ဆက်သွားဖို့စိတ် ကျွန်တော်တို့မှာ ရှိပါတယ်။ နောက်ဆို ဒီမှာရှိတဲ့ တိုင်းရင်းသားတွေနဲ့ ကျွန်တော်တို့ပူးပေါင်းပြီးတော့ အတူတကွ အေးချမ်းသာယာစွာနဲ့နေနိုင်အောင်၊ အလုပ်လုပ်နိုင်အောင်၊ သွားလာမှုအခက်အခဲမဖြစ်ရအောင် ဒါကိုပဲ ကျွန်တော်တို့က လိုချင်ပါတယ်။

**ဦးအာနာင်ကူမာရ် (ဟိန္ဒူဘာသာဝင်)**
**အလယ်သံကျော်ကျေးရွာဒေသခံ**

ဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်တုန်းကလည်း ကျွန်တော်တို့ ရွာမှာပဲ ရှိပါတယ်။ ဒီမှာကတော့ ဘာမှ မဖြစ်ပါဘူး။ ကျွန်တော်တို့ ဟိန္ဒူလူမျိုးတွေလည်း အစ္စလာမ်ဘာသာဝင်တွေနဲ့ရော၊ ဗုဒ္ဓဘာသာဝင်တွေနဲ့ရော အေးအေးချမ်းချမ်းနေထိုင်ပါတယ်။ ဘာမှလည်း မဖြစ်ပါဘူး။ ဘာပြဿနာမှလည်း မဖြစ်ချင်ပါဘူး။ ဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်တုန်းကရော၊ ဖြစ်ပွားပြီးနောက်ပိုင်းမှာရော ကျွန်တော်တို့ဟိန္ဒူလူမျိုးတွေ တစ်ဦးတစ်ယောက်မှ ဘာမှမဖြစ်ခဲ့ပါဘူး။ လုပ်ငန်းလုပ်ဖို့အတွက် အားလုံးသွားလာလို့ရရင် ကျွန်တော်တို့က အဆင်ပြေပါတယ်။



ဦးအာနာင်
ကူမာရ်

ကျွန်တော်က ဆံပင်ညှပ်ဆိုင်ဖွင့်ထားပါတယ်။ ကျွန်တော့်ဆီမှာ ကိုင်ဆောင်ထားတာကော့ နိုင်ငံသားစိစစ်ရေးအစိမ်းကတ်ပါ။ ရထားတာ ၁၂ နှစ်လောက်ရှိပြီ။ အဲဒီကတ်ကို အသုံးပြုပြီး ခရီးသွားလာလို့ရပါတယ်။ အဲဒါကို ကိုင်ဆောင်ပြီးတော့ ရန်ကုန်ကို ရောက်ဖူးပါတယ်။ ပုံစံ ၄ လုပ်စရာမလိုအပ်ပါဘူး။ ကျွန်တော်တို့ ရွာထဲမှာရှိတဲ့ ဟိန္ဒူလူမျိုးအများစု အစိမ်းရောင်ကတ်ကို ကိုင်ဆောင်ကြပါတယ်။ ကျွန်တော့်မှာ သားသမီးနှစ်ဦးရှိပါတယ်။ အသက် ၂၅ နှစ် တစ်ဦး၊ ၂၀ တစ်ဦး ရှိပါတယ်။ မိဘတွေက မောင်တောမှာဆိုတော့ မောင်တောမှာ နေတုန်းက ရတာပါ။ အခု ဒီမှာ အလုပ်လုပ်ရင်း လာရောက်နေထိုင်ပါတယ်။

**အဗ္ဗဒူလာ(ရေလုပ်ငန်းလုပ်ကိုင်သူ)**
**အလယ်သံကျော်ကျေးရွာ**

အကြမ်းဖက်မှု ဖြစ်တာတွေတော့ကြားပါတယ်။ ကျွန်တော်တို့ဘက်မှာတော့ ဘာမှမဖြစ်ပါဘူး။ အဲ့လို အကြမ်းဖက်တာတွေကိုလည်း ကျွန်တော်တို့လုံးဝမကြိုက်ပါဘူး။ အဲဒီဘက်မှာ အခုလို ပြဿနာတွေဖြစ်တော့ ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင်တွေရော၊ ရခိုင်တိုင်းရင်းသားတွေရော၊ ဟိန္ဒူဘာသာဝင်တွေရောတိုင်ပင်ပြီး ဒီဘက်မှာဘာမှမဖြစ်အောင်ဆွေးနွေးတိုင်ပင်ကြပါတယ်။ ကြိုတင်ကာကွယ်ကြပါတယ်။ စီးပွားရေးက ရေလုပ်ငန်းပဲလုပ်တာဖြစ်တဲ့အတွက် အခုပိတ်ထားတော့ အခက်အခဲရှိလာပါတယ်။ ဒီဒေသမှာရေလုပ်ငန်းလုပ်သူ ၁၀၀ လောက်ရှိပါတယ်။ မကြာခင်မှာ ရေလုပ်ငန်းလုပ်ခွင့် ပြန်ပေးမယ်လို့လည်း ကြားနေရပါတယ်။

**ဦးဇော်ထူး (အုပ်ချုပ်ရေးမှူး)**
**အလယ်သံကျော်ကျေးရွာ**

စီးပွားရေးက ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားတွေရော အစ္စလာမ်ဘာသာဝင်တွေပါ ထိခိုက်တာပါ။ ကျွန်တော်တို့ ဒီဘက်မှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖက်နဲ့တစ်ဖက် မယုံကြည်တာတော့မရှိပါဘူး။ သူတို့ဆီလည်း ကျွန်တော်တို့ သွားတယ်၊ ကျွန်တော်တို့ဆီလည်း သူတို့လာကြပါတယ်။ ဒီဘက်ရဲ့ အဓိကလုပ်ငန်းက ပင်လယ်ပြင်လုပ်ငန်းဖြစ်ပြီး တစ်နေ့လုပ်မှ တစ်နေ့စားရတာဖြစ်တော့ ရေလုပ်ငန်းတွေ ပြန်လုပ်ခွင့်ရမှအဆင်ပြေမှာပါ။ ဘယ်မှာပဲ ပြဿနာဖြစ်ဖြစ် ကျွန်တော်တို့ဒေသမှာ မဖြစ်အောင်တော့ ရပ်မိရပ်ဖတွေရော၊ အုပ်ချုပ်ရေးဆိုင်ရာတွေရော၊ တာဝန်ရှိသူတွေရော စုစည်းပြီး ထိန်းသိမ်းပါတယ်။ ဒီဘက်မှာ ပြဿနာမဖြစ်တာကတော့ ကျွန်တော်တို့ဒေသကို ဘယ်လူစိမ်းမှ လက်မခံပါဘူး။ ရွာထဲကို လူစိမ်းဝင်ရင် ပြဿနာဖြစ်တာများလို့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်ရတာလို့လည်း မြင်မိပါတယ်။ ဒီဒေသမှာ သက်ဆိုင်ရာဘာသာအလိုက် ဘာသာရေးအခမ်းအနားတွေကိုလည်း ဘာအတားအဆီးမှမရှိဘဲ ပြုလုပ်လို့ရပါတယ်။

---

# ကျန်းမာရေးအာမခံစနစ်သစ် ဇန်နဝါရီ ၁ ရက်တွင်စတင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများ ထိရောက်သော ကျန်းမာရေးအထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ လာမည့် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ကျန်းမာရေးအာမခံစနစ် New Version ဖြင့် ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပြောကြားသည်။

“လာမယ့်လမှာစတင်မယ့် ကျန်းမာရေးအာမခံစနစ်ကတော့ ပြည်သူတွေအတွက် ထိရောက်တဲ့အထောက်အပံ့တွေ ရရှိမှာဖြစ်ပါတယ်။ အရင်ကျန်းမာရေးအာမခံစနစ်ထက်ပိုပြီး အခွင့်အလမ်းတွေ ရရှိမှာဖြစ်ပါတယ်”ဟု ဦးအေးမင်းသိန်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့အာမခံရုံးချုပ်၌ ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားသည်။

အဆိုပါကျန်းမာရေးအာမခံ New Version ကို ၁-၁-၂၀၁၇ ရက်နေ့တွင် စတင်ပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း ၁၁ ခုတို့တွင် စတင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ New Version သစ်တွင် အာမခံ အကာအကွယ်အမျိုးအစား လေးမျိုးသတ်မှတ်ထားကြောင်း၊ အခြေခံအာမခံအကာအကွယ် နှစ် ယူနှစ်မှစတင်ဝယ်ယူနိုင်ပြီး ၁၀ ယူနစ်အထိ ဝယ်ယူနိုင်ကြောင်း၊ ပရီမီယံနှုန်းထားများကို အသက်အုပ်စုအလိုက်သတ်မှတ်ထားပြီး အသက် ၆ နှစ်မှ ၆၅ နှစ်အထိ ကျန်းမာရေးအာမခံ ထားရှိနိုင်ကြောင်း၊ အာမခံထားခွင့်ရှိသူများမှာ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံအတွင်း ခေတ္တနေထိုင်ခွင့်ရှိသူ နိုင်ငံခြားသားများဖြစ်ကြောင်း၊ အခြေခံအာမခံနှင့်အတူ ရွေးချယ်နိုင်သော အာမခံအကာအကွယ် သုံးမျိုးကိုလည်း တွဲဖက်ဝယ်ယူနိုင်ကြောင်း သိရသည်။

အခြေခံ ပရီမီယံနှုန်းထားမှာ လူတစ်ဦးချင်း တစ်နှစ်သက်တမ်းထားရှိမည်ဆိုပါက ပရီမီယံကြေးငွေကျပ် ၄၄၀၀၀ ဖြစ်ပြီး အများဆုံးပရီမီယံမှာ သတ်မှတ်အသက်အလိုက် ငွေကျပ် ၆၆၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေး အာမခံထားရှိခြင်းအတွက် ရရှိမည့် အကျိုးခံစားခွင့်များ အနက် ဆေးရုံတက်ကုသမှုစရိတ်အဖြစ် တစ်ရက်လျှင် ငွေကျပ် ၂၀၀၀၀ ဖြင့် ရက်ပေါင်း ၆၀ အထိ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ မတော်တဆထိခိုက်သေဆုံးမှုဖြစ်ပါက ငွေကျပ်သိန်း ၂၀ အထိ ပေးအပ်မည်ဖြစ်ကြောင်း၊ New Version ၏ ထူးခြားချက်အဖြစ် ဆေးကုသစဉ်က ခံစားထားသည့် အကျိုးခံစားခွင့်များအပေါ် ခုနှိမ်ခြင်းမရှိဘဲ မတော်တဆ ထိခိုက်သေဆုံးမှုဖြစ်ပါက အပြည့်အဝ ခံစားခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# အစ္စရေးနိုင်ငံ၏အခြေချနေထိုင်ခြင်းအလုံးစုံကို ရပ်တန့်ရန် ကုလလုံခြုံရေးကောင်စီမဲခွဲဆုံးဖြတ်



**ဂျီနီဗာ ဒီဇင်ဘာ ၂၄**

အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်းနိုင်ငံရှိ နယ်မြေများကိုသိမ်းပိုက်ကာ အခြေချနေထိုင်ခြင်းသည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း၊ ထိုသို့ အခြေချနေထိုင်ခြင်းအလုံးစုံကို ရပ်တန့်ရမည်ဖြစ်ကြောင်း ယမန်နေ့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့သည်။

လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၄မဲ ၊ ဆန္ဒမဲမပြုသည့် တစ်မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံက မဲမပေးခဲ့ကြောင်း သိရသည်။

မဲခွဲဆုံးဖြတ်ချက်အရ အစ္စရေးနိုင်ငံအနေဖြင့် ဂျေရုဆလင်တွင် ၁၉၆၇ ခုနှစ်မှ စတင်ကာ အခြေချနေထိုင်မှုများသည် တရားမဝင်သည့်အပြင် နိုင်ငံတကာဥပဒေကိုလည်း ချိုးဖောက်ရာရောက်ကြောင်း၊ ထို့ပြင် နှစ်နိုင်ငံမူဝါဒများကို ဖော်ဆောင်ရာတွင် အနှောင့်အယှက်ဖြစ်ရကြောင်း၊ တရားမျှတခြင်းနှင့် ဘက်စုံငြိမ်းချမ်းရေးအတွက် အတားအဆီးဖြစ်စေခဲ့ကြောင်း လုံခြုံရေးကောင်စီကပြောကြားခဲ့သည်။

ထို့ကြောင့် အလုံးစုံအခြေချနေထိုင်ခြင်းများကို ရပ်တန့်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ရပ်တန့်ခြင်းဖြင့် နှစ်နိုင်ငံမူဝါဒအား အကောင်အထည်ဖော်ရန်အရေးကြီးသော ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် အရပ်ဘက်ပြည်သူလူထု၏ ညှဉ်းဆဲနှိပ်စက်ခံရမှုများကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ယုံကြည်မှုပြန်လည်တည်ဆောက်ပြီး ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းအနေဖြင့်လည်း အဆိုပါကိစ္စအား ကြိုးပမ်းအကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ပြောကြားခဲ့သည်။

အခြေချနေထိုင်ခြင်းကိစ္စသည် ပါလက်စတိုင်းနှင့် အစ္စရေးနှစ်နိုင်ငံပြဿနာ ဖြစ်ပွားရာ အဓိကကိစ္စတစ်ခုဖြစ်သည်။ ၁၉၆၇ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် တတိယအကြိမ်မြောက် အရှေ့အလယ်ပိုင်းစစ်ပွဲပြီးနောက် အစ္စရေးနိုင်ငံသည် ဂျေရုဆလင်မြို့ အရှေ့ပိုင်းနှင့် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းဒေသများတွင် ဂျူးလူမျိုးများ စတင်အခြေချနေထိုင်သည့်နေရာများကို တည်ဆောက်ခဲ့ကြသည်။

နိုင်ငံတကာ အသိုက်အဝန်းက ဂျူးလူမျိုးများအခြေချနေထိုင်ရာ တည်နေရာများအားလုံးကို တရားမဝင်ဟု သတ်မှတ်ခဲ့ပြီး ယင်းကိစ္စသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရာတွင် အဓိကခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်လာခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဘင်္ဂလားဒေ့ရှ်စီးနင်းမှုအတွင်း စစ်သွေးကြွနှစ်ဦးသေဆုံး

**ဒါကာ ဒီဇင်ဘာ ၂၄**

မြို့တော်ဒါကာရှိ တားမြစ်အဖွဲ့အစည်းဖြစ်သည့် အစ္စလာမ္မစ်ဂျာမာတူမူဂျာဟစ်ဒင်ဘင်္ဂလားဒေ့ရှ် (JMB) အဖွဲ့ ခိုအောင်းနေရာများကို စီးနင်းမှုပြုလုပ်စဉ် သံသယရှိစစ်သွေးကြွနှစ်ဦးဖြစ်သူ အမျိုးသမီးတစ်ဦးနှင့် ယောကျ်ားလေးတစ်ဦးတို့ အသေခံဗုံးဖောက်ခွဲမှုတွင်သေဆုံးခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

စီးနင်းမှုများကို ယနေ့ညနေတွင်အဆုံးသတ်ပြီးနောက် ပြည်ထဲရေးဝန်ကြီး အဇာဒူဇက်မန်ခန်ကာမယ်လ်က သံသယရှိစစ်သွေးကြွနှစ်ဦးဖြစ်သူ အမျိုးသမီးတစ်ဦးနှင့် ယောကျ်ားလေးတစ်ဦးတိုကို လက်နက်ချအညံ့ခံရန် ထပ်ခါထပ်ခါ ပြောနေသော်လည်း နောက်ဆုံးတွင် ၎င်းတို့ကိုယ်၎င်းတို့ အသေခံဗုံးခွဲခဲ့ကြကြောင်း သတင်းထောက်များကိုပြောခဲ့သည်။ **(ဆင်ဟွာ)**

## ပွဲတော်ကာလတွင် ဘုရားကျောင်းများကို အိုင်အက်စ်တို့ ပစ်မှတ်ထားတိုက်ခိုက်နိုင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အိုင်အက်စ်နောက်လိုက်များက ခရစ္စမတ်ပွဲတော်ကာလအတွင်း အမေရိကန်နိုင်ငံအတွင်းရှိ ဘုရားကျောင်းများအား ပစ်မှတ်ထားတိုက်ခိုက်နိုင်ကြောင်း အမေရိကန်ပြည်ထောင်စု အကြမ်းဖက်မှု တိုက်ဖျက်ရေး အေဂျင်စီမှ ယမန်နေ့က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အဆိုပါအိုင်အက်စ်နောက်လိုက်များအနေဖြင့် ဘုရားကျောင်းများအား ပစ်မှတ်ထားခြင်းအပါအဝင် လူစည်ကားရာ အားလပ်ရက်ဆုံစည်းမှုနေရာများကိုလည်း တိုက်ခိုက်ရန် ရည်ရွယ်ထားကြောင်း အက်ဖ်ဘီအိုင်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့၏ သတင်းလွှာတွင် ဖော်ပြခဲ့သည်။ သို့သော်လည်း မည်ကဲ့သို့တိုက်ခိုက်မည်ဆိုသည့် အသေးစိတ်အစီအစဉ်နှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တရုတ်နိုင်ငံအရှေ့ပိုင်းတွင် မီးရှူးမီးပန်းပေါက်ကွဲ ငါးဦးသေဆုံး

**ပေကျင်း ဒီဇင်ဘာ ၂၄**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်တွင် ယနေ့ (ဒီဇင်ဘာ ၂၄)ရက်က မီးရှူးမီးပန်းတစ်ခုပေါက်ကွဲမှုကြောင့် လူ ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောသည်။

ပေါက်ကွဲမှုသည် ဒက်ရှိုမြို့ ဂျူလောင်မော်ရွာ၌ ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ရဲများက အိမ်ပိုင်ရှင်အား ဖမ်းဆီးထိန်းသိမ်းထားပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရသည်။

**(ဆင်ဟွာ)**



# မလေးရှား၌ ကားတိမ်းမှောက်မှုတွင် မြန်မာနိုင်ငံသားများပါဝင်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၄**

မလေးရှားနိုင်ငံတောင်ပိုင်းတွင် ယနေ့နံနက်အစောပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးသို့တိမ်းမှောက်ထိုးကျသွားခဲ့ရာ ယာဉ်မောင်းအပါအဝင် လူ ၁၄ ဦးသေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရသူများတွင် မြန်မာ၊ မလေးရှားနှင့်စင်ကာပူနိုင်ငံသားများပါဝင်ကြောင်း မလေးရှားနိုင်ငံပိုင် သတင်းအေဂျင်စီ ဘီမာမာက ဖော်ပြခဲ့သည်။

ဂျိုဟိုပြည်နယ် မြောက်မှတောင်သို့ဖောက်လုပ်ထားသော အမြန်လမ်းမကြီးပေါ်တွင် ဂျိုဟိုဘာရူးမှ ကွာလာလမ်ပူသို့ သွားနေသည့် ဘတ်စ်ကားသည် ဒေသစံတော်ချိန် နံနက် ၄ နာရီဝန်းကျင်တွင် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံးဒဏ်ရာရသူအရေအတွက်သည် ၂၀၁၃ ခုနှစ် ဂန်တင်ကုန်းမြင့်ဒေသ၌ တိမ်းမှောက်ခဲ့သော လူပေါင်း ၃၇ ဦးသေဆုံးခဲ့သည့် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ပြီးနောက် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။ သေဆုံးသူများကို အတည်ပြုရန် သက်ဆိုင်ရာ အာဏာပိုင်များက စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်ရသည့်အကြောင်းရင်းကို သေချာစွာမသိသေးကြောင်း၊ အစောပိုင်းစစ်ဆေးမှုများအရ လမ်းအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း ဂျိုဟိုမီးသတ်နှင့်ကယ်ဆယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး မော့ဒ်ယူစွပ်မော့ဒ်ဂန်နီကပြောခဲ့သည်။ **(ဆင်ဟွာ)**

# လစ်ဗျားလေယာဉ်ပြန်ပေးဆွဲသူများကို တရားစွဲမည်

**ဗယ်လက်တာ ဒီဇင်ဘာ ၂၄**

ကဒါဖီသစ္စာခံများ လက်နက်ချအညံ့ခံသောကြောင့် လစ်ဗျားလေယာဉ်ပြန်ပေးဆွဲမှု အန္တရာယ်ကင်းစွာအဆုံးသတ်ခဲ့သော်လည်း လေယာဉ်အား ၄၈ နာရီကြာ စီးနင်းခဲ့သော ပြန်ပေးဆွဲသမားများဖြစ်သည့် အာမက်အလီနှင့် မူဆာရှာဟာတို့ကို တရားစွဲဆိုမည်ဖြစ်ကြောင်း မော်လ်တာရဲမင်းကြီး လောရန့်ကူတာဂျာက ယနေ့ (ဒီဇင်ဘာ ၂၄)ရက်တွင် ပြောခဲ့သည်။ သို့သော်လည်း စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေသောကြောင့် တရားစွဲဆိုမည့် နေ့ရက်နှင့် အချိန်တို့ကို မသိရသေးပေ။

မော်လ်တာနိုင်ငံ၏ဥပဒေအရ ဖမ်းဆီးခံထားရသူများကို ၄၈ နာရီအတွင်း တရားစွဲဆိုလျှင်စွဲဆိုပြီး မစွဲနိုင်လျှင်ပြန်လွှတ်ရန်ဖြစ်ကြောင်း သိရသည်။ ပြန်ပေးဆွဲသမားနှစ်ဦးသည် အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်ခြင်းရှိ၊ မရှိပြောရန် စောလွန်းသေးကြောင်း ရဲမင်းကြီးက ပြောခဲ့သည်။

လေယာဉ်ပေါ်မှဆင်းသက်လာသော လစ်ဗျားလေယာဉ်ပြန်ပေးဆွဲသမားနှစ်ဦးကို ရုပ်မြင်သံကြားတွင် ပြသခဲ့ပြီးနောက် သေးငယ်သော မြေထဲပင်လယ်ကျွန်းနိုင်ငံလေးဖြစ်သည့် မော်လ်တာဝန်ကြီးချုပ် ဂျိုးဆက်ဖ်မက်ကတ်က ပြန်ပေးဆွဲသမားများသည် လက်နက်ချအညံ့ခံပြီဖြစ်ကြောင်း၊ ရှာဖွေဖမ်းဆီးမှုများကိုပြုလုပ်နိုင်ပြီဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ခားစာခံအကုန်လုံးကို အန္တရာယ်ကင်းစွာ မလွှတ်ပေးမီနှင့် လက်နက်ချအညံ့မခံမီ လစ်ဗျားခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏သစ္စာတော်ခံဟုကြေညာခဲ့သော လက်နက်အတုများကိုင်ဆောင်ထားသည့် ပြန်ပေးဆွဲသမားများသည် ဆီဘာမှ ထရီပိုလီသို့ ပျံသန်းထွက်ခွာလာသည့် အာဖရိကွီရာလေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်တစ်စင်းအား ဖောက်ခွဲမည်ဟုခြိမ်းခြောက်ကာ ယမန်နေ့က မော်လ်တာသို့ ဆင်းသက်စေခဲ့ကြောင်း သတင်းများတွင်ဖော်ပြခဲ့သည်။ သို့သော်လည်း ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများ အန္တရာယ်တစ်စုံတစ်ရာကျရောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ပြန်ပေးဆွဲခံရသောလေယာဉ်မှာ လစ်ဗျားသို့ ယနေ့ (ဒီဇင်ဘာ ၂၄ )ရက် ညနေက အန္တရာယ်ကင်းစွာပျံသန်းထွက်ခွာသွားပြီဖြစ်သည်။

**(ရိုက်တာ/ဆင်ဟွာ)**



# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများနှင့် KIA / TNLA / MNDAA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့အတွင်း တပ်မတော်စစ်ကြောင်းများသည် ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် KIA / TNLA / MNDAA လက်နက်ကိုင်အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများသည် နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ပန်ဖိတ်ရွာ၏ အနောက်ဘက် မီတာ ၃၅၀၀ ခန့်အကွာသို့အရောက်၌ KIA/TNLA လက်နက်ကိုင်အဖွဲ့ အင်အား ၄၀ ခန့်မှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လည်းကောင်း၊ အလားတူ နံနက် ၇ နာရီခွဲခန့်တွင် ကုန်းကြမ်းမြို့၏ အနောက်မြောက်ဘက် ၂ မိုင်ခန့်အကွာသို့အရောက်၌ MNDAA လက်နက်ကိုင်အဖွဲ့အင်အား ၅၀ ခန့်က သုံးနေရာဖြန့်ခွဲ၍ လည်းကောင်း ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကိုင်အဖွဲ့များ အနောက်ဘက်နှင့် အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါဖြစ်စဉ်များအတွင်း တပ်မတော်မှ စစ်သည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းရာ ညနေ ၄ နာရီ ၅ မိနစ်ခန့်တွင် ကုန်းကြမ်းမြို့၏ အနောက်မြောက်ဘက် ၂ မိုင်ခန့်အကွာ တောင်ယာဟောင်းရှိ ကောက်ရိုးပုံအတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်ထားသည့် ပန်းရောင်စိတ်ကြွရူးသွပ်ဆေး အမှုန့်တစ်ထုပ် ၁၈၅ ဂရမ်(ဒေသတန်ဖိုး ၃၅ သိန်းကျော်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများထိခိုက်ဒဏ်ရာရ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ ပုံမှန်သွားလာလျက်ရှိသည့် ယာဉ်များကို ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် KIA လက်နက်ကိုင်အဖွဲ့ အင်အား၄၀ဦးခန့်က မန်လွယ်ကျေးရွာ၏ အရှေ့ဘက် မီတာ ၅၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ အပြစ်မဲ့ပြည်သူ၄ဦး လက်နက်ကြီးကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိသူများအား တပ်မတော်စစ်ကြောင်းများက ဆေးဝါးကုသနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်ဖြစ်ပွားရာနေရာတစ်ဝိုက်သို့ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# SSA (ဝမ်ဟိုင်း)အဖွဲ့က အဓမ္မလူသစ်စုဆောင်းသဖြင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာထွက်ပြေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ် ဟိုဆိုင်းကျေးရွာအုပ်စု ပန်ခမ်းကျေးရွာနှင့် ဝမ်မိုင်ကျေးရွာတို့၌ SSA (ဝမ်ဟိုင်း)အဖွဲ့က မကြာခဏ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းတို့ကြောင့် ၎င်းကျေးရွာများရှိ ပလောင်တိုင်းရင်းသားမိသားစု လေးစု၊ အမျိုးသားခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၃ ဦးတို့သည် နေရပ်စွန့်ခွာထွက်ပြေး၍ ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ရပ်စောက်မြို့နယ် မားသဲကျေးရွာအုပ်စု ရေဖြူကျေးရွာရှိ ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာထွက်ပြေးလာခဲ့သော ပလောင်တိုင်းရင်းသားမိသားစုများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ ထောင်ထားသောမိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဘော်ဇာဒီးကျေးရွာနေ ဦးဂျယ်ယောဆာသည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၃ နာရီခန့်က ကျေးရွာ၏ မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာရှိ တောအုပ်အတွင်းသို့ ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် KIA လက်နက်ကိုင်အဖွဲ့ထောင်ထားသော နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါ မိုင်းထိလူနာအား တပ်မတော်စစ်ကြောင်းက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုသို့ ဆေးရုံတက်ရောက်ကုသနေသည့် မိုင်းထိလူနာအား တပ်မတော်သားများက သွားရောက် ကြည့်ရှုအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုံးကိုးမြို့အနီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မုံးကိုးမြို့နှင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်သို့ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ယမန်နေ့ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က မုံးကိုးမြို့၏ တောင်ဘက် ၆ မိုင်ခန့်အကွာသို့အရောက်၌ ချုံအတွင်းမှ မြေခင်းစဖြင့်ပတ်၍ ဝှက်ထားသော ပွိုင့်-၂၂ သေနတ်တစ်လက်နှင့် ၎င်းကျည် ၁၅ တောင့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန်လွယ်နှင့် နမ့်ဖလွန်းကြား ကားလမ်းမကြီးပေါ်၌ တပ်မတော်စစ်ကြောင်းနှင့် KIA ထိတွေ့တိုက်ပွဲဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မန်လွယ်နှင့် နမ့်ဖလွန်းကြား ကားလမ်းမကြီးပေါ်၌ KIA လက်နက်ကိုင်အဖွဲ့က မော်တော်ယာဉ်များကို ပိတ်ဆို့ထားသဖြင့် ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းနှင့် ပြည်သူ့စစ် (ဌာနေ)အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၆ နာရီခန့်တွင် အဆိုပါနေရာသို့ သွားရောက်ရှင်းလင်းရာ KIA လက်နက်ကိုင် အင်အား ၁၀ ဦးခန့်က လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပူးပေါင်းအဖွဲ့က ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ လက်နက်ကိုင်များ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်တစ်ဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး တပ်မတော်စစ်ကြောင်းနှင့် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လက်နက်ကိုင်အဖွဲ့များ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်ဘေးရှောင်ဒေသခံပြည်သူများ မုံးကိုးမြို့အတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်မှုများကို စိစစ်လက်ခံ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ဒေသခံပြည်သူများနေရပ်စွန့်ခွာ၍ စစ်ဘေးရှောင်နေထိုင်လျက်ရှိရာမှ ယခုအခါတွင် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

KIA/ TNLA/ MNDAA/ AA လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ နေရပ်စွန့်ခွာ၍ စစ်ဘေးရှောင် နေထိုင်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ မုံးကိုးမြို့နယ်စပ်ဝင်ပေါက်ဂိတ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စနစ်တကျ စစ်ဆေးလက်ခံလျက်ရှိရာ ယနေ့တွင် မုံးကိုးမြို့ရှိ ရပ်ကွက်အသီးသီးနှင့် ကျေးရွာများမှ ကျား ၁၀ ဦး၊ မ လေးဦး စုစုပေါင်း ၁၄ ဦးအား စိစစ်လက်ခံခဲ့ပြီး ယနေ့အထိ အိမ်ထောင်စု ၂၂၆၀၊ ကျား ၅၀၃၃ ဦး၊ မ ၅၂၁၅ ဦး စုစုပေါင်း ၁၀၂၄၈ ဦးတို့အား စိစစ်လက်ခံနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

*၂၃-၁၂-၂၀၁၆ ရက်မှအဆက်*

| စဉ် | အမှတ်တံဆိပ် အမည် | အစားအသောက် အမျိုးအစား | လုပ်ငန်းလိပ်စာ |
|---|---|---|---|
| ၃၇။ | စန္ဒာ | ငရုတ်သီးမှုန့် | အမှတ်(၆၇၊ ၆၈၊ ၆၉)၊ ဈေးချို(၃)၊ ပုဇွန်တောင်ဈေး၊ |
| | | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၈။ | ရွှေပိုးအိမ် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၃၉။ | မြင်းပျံ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄၀။ | ကောင်းအရသာ | ငရုတ်သီးမှုန့် | ပင်ရင်း(၁)- အမှတ်(F)၊ ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်မြို့။ ၀၁-၆၀၃၂၃၂၊ ၀၁- ၆၀၃၁၃၁ ပင်ရင်း(၂)- ဘေလီတံတားထိပ်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉- ၉၉၇၄၁၂၅၊ ၀၁- ၅၆၉၁၁၇ စက်ရုံ- အမှတ်(၇၅၆)၊ ရေဝတီလမ်းမကြီး၊ စက်မှုဇုန်(၂)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၆၇၆၄၁၊ ၀၉-၅၁၄၆၃၂၃၊ ၀၁-၅၉၅၃၂၁ |
| ၄၁။ | ကောင်း | ငရုတ်သီးမှုန့် | ၀၁- ၃၉၇၀၉၄၊ ၀၉-၅၀၅၃၉၃၂၊ ၀၉-၅၀၀၄၁၉၇ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄၂။ | စိန်ခြသေ့် | ငရုတ်သီးမှုန့် | မအမာတင်နှင့်ညီမများ၊ ဆိုင်(၁၁/ ၁၂/ ၁၃)၊ ရုံ(၉)၊ သီရိရတနာဈေး၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉-၄၇၀၅၁၈၂၀၊ ၀၉-၂၀၂၉၁၂၇ |
| ၄၃။ | နန်းဦးကျော် | ငရုတ်သီးမှုန့် | ကိုဦး + မလှဝင်း၊ သီရိရတနာဈေး၊ ရုံ(၁၀)၊ ဆိုင်အမှတ်(၁၂)၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉-၄၇၀၅၁၃၄၃၊ ၀၉-၉၇၂၈၂၁၃၇၇ |
| ၄၄။ | မာဃ | ငရုတ်သီးမှုန့် | မယဉ်ယဉ်အေး၊ မယဉ်ယဉ်ကြည်နှင့်ညီမများ၊ ရုံ(၁၂)၊ဆိုင်အမှတ်(၆)၊ မြသလ္လာဈေး၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၄၅။ | ယုဇန | ငရုတ်သီးမှုန့် | မြသလ္လာဈေး၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉-၄၂၈၁၆၃၄၄၆၊ ၀၉-၂၅၂၁၀၁၃၅၈ |
| ၄၆။ | ညွန့် | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၈၄)၊ အမှတ်(၂)ဈေး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇-၂၁၂၅၂၊ ၀၅၇-၂၅၂၈၄ |
| ၄၇။ | ရွှေငါး | ငရုတ်သီးမှုန့် | အမှတ်(၄၈)၊ ရွှေသာလမ်း၊ အိုးတန်းရပ်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။ ၀၄၃-၂၃၁၇၂၊ ၀၄၃-၂၃၀၉၃၊ ၀၄၃-၂၃၈၂၂ |
| ၄၈။ | နန်းတွင်းသူ | ငရုတ်သီးမှုန့် | အမှတ်(၆၅၆)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ပွဲရုံ- (စီ/၆၇)၊ ငုဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရန်ကုန်မြို့။ ၀၉- ၅၁၉၇၄၅၁၊ ၀၉-၇၃၁၇၆၇၄၂ ရုံ(ဌ/၅၅-၅၇)၊ ရတနာသိင်္ဂီဈေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၂၆၄၂၃၉၂၉၀၊ ၀၉-၇၃၀၉၀၈၉၇ |
| ၄၉။ | ဒေါ်ခင်ချစ် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅၀။ | ရွှေငရုတ်မင်း | ငရုတ်သီးမှုန့် | ဆေးရုံကြီးအရှေ့ဘက်လမ်း၊ ဒေါနခြံရပ်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၇၁- ၂၄၁၁၂၊ ၀၉-၄၇၀၅၄၂၁၆၊ ၀၉-၆၄၅၀၁၁၂ |
| ၅၁။ | ခိုင်ခိုင် | ငရုတ်သီးမှုန့် | အမှတ်(၂၀-၂၁)၊ ရုံ(၇)၊ မြသလ္လာဈေး၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။ ၀၉- ၂၁၃၂၈၄၅ |

*ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန*

# ဆက်သွယ်ရေးခက်ခဲသော ကျေးရွာများတွင် ကာကွယ်ဆေးများထိုးပေးနိုင်ရန် အရှိန်အဟုန်မြှင့် စီစဉ်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**
မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာများမှ ကလေးငယ်များကိုပါ ကာကွယ်ဆေးများ ထိုးပေးနိုင်ရန် အရှိန်အဟုန်မြှင့်၍ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက်က နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာခန်းမ၌ ကျင်းပသည့် ပုံမှန်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ လူအုပ်စုတိုင်းသို့ ရောက်ရှိစေရန် အသိပေးဆွေးနွေးပွဲတွင် တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

၂၀၁၆ ခုနှစ် ဇူလိုင်လမှစတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များကို ကာကွယ်ဆေး ထိုးနှံ တိုက်ကျွေးခြင်းဖြင့် ကူးစက်ရောဂါ ၁၀ မျိုးမှ ကင်းဝေးစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် ကာကွယ်ဆေးအသစ်များကိုလည်း ထည့်သွင်းထိုးနှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် အဘက်ဘက်မှ ပံ့ပိုးကူညီမှုများကြောင့် လွှမ်းခြုံမှုများ မြင့်မားလျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သောရောဂါ ခုနစ်မျိုး၏ ဖြစ်ပွား/သေဆုံးမှုများ သိသာထင်ရှားစွာ ကျဆင်းလာသော်လည်း လုပ်ငန်းသက်တမ်း ကြာလာသည်နှင့်အမျှ DPT-3 ကာကွယ်ဆေးမရရှိသော ကလေးငယ်အရေအတွက် ပိုမိုများပြားလာခြင်းအပြင် ပါဝင်ပံ့ပိုးခြင်းများ အားနည်းလျက်ရှိကြောင်း၊ နေရာဒေသ ကွာခြားမှုမရှိဘဲ ရေးယာလွှမ်းခြုံမှုနှင့် လူဦးရေလွှမ်းခြုံမှုသာတူညီမျှဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းများ ရောက်ရှိစေရေးအတွက် ဆွေးနွေးပွဲကိုပြုလုပ်ခြင်းဖြစ်ကြောင်း နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ ပြောကြားခဲ့သည်။

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်ကလည်း ၂၀၁၅ ခုနှစ် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆန်းစစ်အစီရင်ခံစာအရ နေပြည်တော်အတွင်း DPT-3 ကာကွယ်ဆေး လွှမ်းခြုံမှု ၈၀ ရာခိုင်နှုန်းအောက်ရောက်သောမြို့ မရှိသော်လည်း ကာကွယ်ဆေးမရရှိသော တစ်နှစ်အောက် ကလေးအများဆုံး မြို့နယ်များလည်း ရှိနေသေးကြောင်း၊ တောင်ပေါ်ဒေသများတွင် ပိုမိုခက်ခဲကြောင်း၊ အားနည်းမှုများကြောင့် ၂၀၁၆ ခုနှစ်အတွင်း ဆုံဆို့နာရောဂါဖြင့် လယ်ဝေးမြို့နယ်တွင် နှစ်ဦး နှင့် ပုပ္ပသီရိမြို့နယ်တွင် တစ်ဦး သေဆုံးခဲ့ပြီး လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ဝက်သက်ရောဂါများ ဖြစ်ပွားခဲ့ကြောင်း၊ ဝေးလံခက်ခဲသော ကျေးရွာများကို ကာကွယ်ဆေးများ သုံးလဆက်တိုက်ထိုးပေးနိုင်ရန် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မည့် အစီအစဉ်တွင် ထည့်သွင်းထားကြောင်း ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်အတွင်းရှိ ပြည်သူ့ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ တိုက်နယ်ဆရာဝန်ကြီးများ၊ မြို့နယ်ကျန်းမာရေးမှူးများနှင့် မြို့နယ်သူနာပြုအုပ်များ တက်ရောက်ကြပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(မြို့နယ်ပြန်/ဆက်)**




# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်း

**ကျောက်မဲ ဒီဇင်ဘာ ၂၄**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၁၆) ဆင်းပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို မီးဘေးအန္တရာယ်နှင့် သဘာဝဘေး အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရန် ပြည်သူများနှင့်လက်တွဲ၍ ဆောင်ရွက်သွားကြရေး အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းခိုင်က ထူးချွန်သင်တန်းသားများအား ဂုဏ်ပြုဆုများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းဦးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် မီးလောင်မှုအခြေခံသဘောတရား၊ မီးအတန်းအစားခွဲခြားခြင်း၊ ခေတ်မီ အရေးပေါ်မီးသတ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုနည်းများ အပါအဝင် စွမ်းရည်(၄)ရပ်ဖြစ်သည့် မီးသတ်စွမ်းရည်၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည် စသည့် ဘာသာရပ်များကို ရက်သတ္တပတ်လေးပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စားသုံးသူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အရက်ချက်စက်ရုံသို့ စစ်ဆေး

**ဂွ ဒီဇင်ဘာ၂၄**
ရခိုင်ပြည်နယ် ဂွမြို့နယ် မြို့မရပ်ကွက်အတွင်းရှိ ရွှေနန်းတော်အရက်ချက်စက်ရုံ၌ စားသုံးသူများ ဘေးအန္တရာယ်မဖြစ်ပွားစေရေး စစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်က သွားရောက်စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သံတွဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်လှဦးဆောင်ပြီး ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန၊ ခရိုင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဂွမြို့နယ်အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူအကာအကွယ်ပေးရေးဦးစီးဌာန၊ မြို့နယ်အခွန် ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်သည့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်ကာ စက်ရုံမှထုတ်လုပ်သည့် စားသောက်ကုန် များသည် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစေရန် အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်ရေး၊ စက်ရုံမှထွက်သော စွန့်ပစ်ပစ္စည်းများနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေရေးနှင့် စွန့်ပစ်ပစ္စည်းများကို ကျန်းမာရေး မထိခိုက်အောင် စနစ်တကျစွန့်ပစ်ရေး၊ အလုပ်ရုံအလုပ်သမားပြဿနာများ မဖြစ်ပွားစေရေးတို့ကိုလည်း အသိပညာပေးဆွေးနွေး ဟောပြောမှုများ ပြုလုပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### မိမိကိုယ်မိမိ ဓားဖြင့် လည်ပင်းကိုလှီးဖြတ်၍သေဆုံး

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာတန်းရှည်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာ၌ မိမိကိုယ်မိမိ ထန်းလှီးဓားချွန်ဖြင့် ထိုးခြင်းများ ပြုလုပ်သဖြင့် ဒီဇင်ဘာ ၂၁ ရက်က လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ကျေးရွာနေ ညွန့်လင်း(၃၇ နှစ်)သည် တစ်ရွာတည်းနေ ဒေါ်ကတုံး၏ နေအိမ်မီးဖိုဆောင် အတွင်း မိမိကိုယ်မိမိ ဓားဖြင့်လှီးခြင်း၊ ထိုးခြင်းများ ပြုလုပ်၍ နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း မြိုင်မြို့မရဲစခန်းမှ သိရပြီး အမှုနှင့်ပတ်သက်၍ မြိုင်မြို့မရဲစခန်းက သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ကျော်မြင့်**

### ကျောက်မိုင်းအလုပ်သမားတစ်ဦး ကျောက်တုံးထိမှန်၍သေဆုံး

ကျိုက်ထိုမြို့နယ် တောင်ကလေးကျေးရွာရှိ ကျောက်မိုင်းတစ်ခုတွင် ဒီဇင်ဘာ ၂၂ ရက်က အလုပ်သမားတစ်ဦး ကျောက်တုံးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။ သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှူး ဒုရဲမှူးသံမရောင်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါ်စန်းစန်းခိုင်(၄၀ နှစ်)ဖြစ်ပြီး ကိုအောင်မျိုး၏ကျောက်မိုင်းတွင် အလုပ်လုပ်နေစဉ် တောင်ကမ်းပါးပေါ်မှ လိမ့်ကျလာသည့် ကျောက်တုံးက ဦးခေါင်းကိုထိမှန်ခဲ့၍ ကျိုက်ထို ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျိုက်ထိုမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**




**ပျောက်ဆုံးကြောင်း**
ကျွန်မ မမေသန္တာဦး ၁၄/ပသန(နိုင်)၀၀၅၇၅၀၏ နိုင်ငံကူးလက်မှတ် MA 237361 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၅၃၂၈၈၉

**အမည်ပြောင်း**
အထက(လဲချား)၊ သတ္တမတန်း(ခ)မှ စိုင်းခေးလိတ်အား ယနေ့မှစ၍ စိုင်းခေးလိန်ဟု ပြောင်းလဲခေါ်ပါရန်။
**စိုင်းခေးလိန်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 4E/ 9509, Toyota Probox Ncp 50, S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးညွန့်အောင် ၁၂/အစန(နိုင်)၁၇၃၅၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၅ဂ/ ၅၇၂၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(တောင်ကြီး)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 4L/2839, Daihatsu Hijet s100p P/U (4x2) ယာဉ်လက်ဝယ်ရှိသူ စစ်တွေမြို့၊ ပြည်နယ်စီမံကိန်းရုံးနေ ဦးကံရှိန် ၈/မလန (နိုင်) ၀၀၃၉၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

**အများသိစေရန် ကန့်ကွက်နိုင်ကြောင်း**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်စောအောင်လမ်း၊ မြေကွက်အမှတ်(၆၅၅)၊ (၄၁ပေ×၆၃ပေ) အကျယ်အဝန်းရှိ နှစ်၆၀ဂရန် အမည်ပေါက်ဗိုလ်မှူး ခင်မောင်ဦးထံမှ လက်ရောက်ရရှိဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ဝင်းမင်းခိုင် ၁၂/ဥကမ(နိုင်)၀၁၂၈၁၅ထံမှ ဒေါ်မေသန္တာစိုး ၁၂/ဒဂမ(နိုင်) ၀၀၇၀၉၆ က ၄င်းမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အား ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။
၄င်းရောင်းချသည့် မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူသည် ကျွန်မ ဒေါ်သန္တာစိုး ထံသို့ ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**ဒေါ်မေသန္တာစိုး**
**၁၂/ဒဂမ(နိုင်)၀၀၇၀၉၆**
**ဖုန်း-၀၉-၇၉၁၇၀၉၆၈၄**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2A/7373, Dong Fong ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစံအေး ၁၃/မကန(နိုင်)၀၂၈၇၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(လွိုင်လင်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၄ယ/၇၆၇၈၇ Honda 125 ယာဉ်လက် ဝယ်ရှိသူ ဦးလှ ၁၃/တကန(နိုင်) ၁၅၃၆၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန(တောင်ကြီး)**

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**
စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်နေ ဦးအောင်ကျော်သိန်း၏သမီး မစိုးငြိမ်းနွယ်သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေအပ်ပါသည်။
**ဖခင်-ဦးအောင်ကျော်သိန်း**

**ကန့်ကွက်နိုင်ပါသည်**
ယာဉ်အမှတ် ၇ယ/၆၈၈၄၅ Honda Dr-eam II, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုကို ၃/မဝတ(နိုင်)၀၀၀၂၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြဝတီမြို့)**

# နေပြည်တော်မြို့မဈေး၌ ရပ်ထားသည့်ဆိုင်ကယ်ခိုးယူသူအား ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်သည် ဆိုင်ကယ်ပျောက်ဆုံးမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် အထူးသတိထားကြပ်မတ် ဆောင်ရွက်လျက်ရှိသဖြင့် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးတောင်ဘက်ရှိ ကြယ်စင်လမင်း အထည်ဆိုင်ရှေ့၌ ရပ်ထားသောဆိုင်ကယ်တစ်စီးကို ခိုးယူသူတစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အမှတ်(၄) ရဲကင်းစခန်းမှ ဒုရဲအုပ်မျိုးနိုင်နှင့်တပ်ဖွဲ့ဝင်များသည် နေပြည်တော်မြို့မဈေးစည်ပင်မှ စည်းကမ်းထိန်း ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များသည် အဆိုပါ ဈေးအတွင်း မှုခင်းကျဆင်းရေး ဆောင်ရွက်နေစဉ် ကြယ်စင်လမင်း အထည်ဆိုင်ရှေ့၌ ရပ်ထားသော YUNDE WAVE 110 ဆိုင်ကယ်ကို ဝိုင်ယာဆော့ကတ် ဖြုတ်၍ တွန်းသွားသည်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရာ ကျော်စိုးဝင်း(၂၄ နှစ်) ဖြစ်ကြောင်းသိရပြီး အဆိုပါ ဆိုင်ကယ်နှင့် ပတ်သက်၍ အထောက်အထားပြသနိုင်ခြင်းမရှိသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ ဆိုင်ကယ်ခိုးယူသူ ကျော်စိုးဝင်း(၂၄ နှစ်)အား အမှတ်(၅) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ရန်ကုန်-မန္တလေးပုံမှန်ကားလမ်းရှိ ဖြူးမြို့၌ ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

**ဖြူး ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း မိုင်တိုင်အမှတ် (၁၄၁/၃) နှင့် (၁၄၁/၄) ကြား ဖြူးအရှေ့ကျေးရွာအုပ်စု၌ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကုန်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ယာဉ်နှစ်စီးလုံး ပျက်စီးသွားပြီး တစ်ဖက်ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါလာသူနှစ်ဦးတို့ကို ဖြူးဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ခဲ့ရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် နံနက် ၆ နာရီခန့်က ဖြူးမြို့မရဲစခန်းအပိုင် ဖြူးအရှေ့ကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းမိုင်တိုင်အမှတ်(၁၄၁/၃) နှင့်(၁၄၁/၄)ကြား ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဇော်မျိုးလွင် မောင်းနှင်၍ မင်းမင်းသိန်း လိုက်ပါလာသည့်ယာဉ်သည် ဖြူးမြို့တွင်းသို့ ကုန်ပစ္စည်းများ တင်ဆောင်မောင်းနှင်လာစဉ် နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကျော်ဆန်းအောင် မောင်းနှင်၍ ဇော်မင်းဌေးလိုက်ပါလာသည့်ယာဉ်သည် ရှေ့မှဆိုက်ကားကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်မောင်း ကျော်ဆန်းအောင်နှင့် ဇော်မင်းဌေးတို့ ဒဏ်ရာများရရှိပြီး ဇော်မျိုးလွင် မောင်းနှင်သော ယာဉ်မှာ ရှေ့မှန်ကွဲ၍ ယာဉ်ဘက်ခေါင်း ကြေပြီး ပျက်စီးသွားသည်။




ယာဉ်ကို ပေါ့ဆစွာမောင်းနှင်သူ ကျော်ဆန်းအောင်အား ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မော်တော်ဆိုင်ကယ်ကိုတိုက်ပြီး ယာဉ်ကိုမောင်းနှင်ထွက်ပြေးသွားသူအား ဖမ်းဆီးရမိ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့လယ်လမ်းဆုံ ယာဉ်စည်းကမ်းထိန်းသိမ်းရေးရုံးအနီး၌ ဒီဇင်ဘာ ၂၄ ရက်က ယာဉ်တစ်စီးက ဆိုင်ကယ်တစ်စီးကို လမ်းလယ်၌တိုက်မိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည် ။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ်မှ ကိုခင်မောင်ဌေးသည် ဆိုင်ကယ်ဖြင့် အစ်မဖြစ်သူနှင့်အတူ ပြည်ဘက်မှ တောင်တွင်းကြီးဘက်သို့ မောင်းနှင်လာစဉ် မကွေး-တောင်တွင်းကြီးလမ်းအတိုင်း မကွေးဘက် မှ တောင်တွင်းကြီးမြို့ဘက်သို့ မောင်းနှင်လာသောယာဉ် နှင့်ပွတ်တိုက်မိရာ ဦးခင်မောင်ဌေးနှင့် ၎င်း၏အစ်မတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင် ထွက်ပြေးသွားသူအား တောင်တွင်းကြီး မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးတိမ်းရှောင်သွားသော မော်တော်ယာဉ်အား မြို့နယ်အတွင်း ပိုက်စိပ်တိုက်ရှာဖွေရာ အခင်းဖြစ်ပွားပြီး နာရီပိုင်းအကြာတွင် တောင်တွင်းကြီး - မြို့သစ်ကားလမ်း ခင်တဲကျေးရွာအုပ်စု ကျောင်းကုန်း ကျေးရွာအနီး၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ထွက်ပြေးသွားသော မော်တော်ယာဉ်သည် မကွေးမြို့နယ်နေ ကိုစိုးမိုးအောင် မောင်းနှင်လာသည့် ယာဉ်လိုင်စင်မရှိသည့် ယာဉ်ဖြစ်ပြီး ယင်းမော်တော်ယာဉ်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည် ။

**ဗိုလ်ပြည့် (တောင်တွင်းကြီး)**

# မြေကျင်းတူးရာမှ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးဟောင်းကြီးတစ်လုံးတွေ့ရှိ



**သာစည် ဒီဇင်ဘာ ၂၄**

သာစည်မြို့ မြို့နယ်ပြည်သူ့အားကစားကွင်းကြီး လုံခြုံမှုရှိစေရေးအတွက် အားကစားကွင်းကြီး၏ အနောက်ဘက်ခြမ်းကို ခြံစည်းရိုးကာရန်အတွက် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အုတ်တိုင်စိုက်ထူရန် မြေကျင်းတူးဖော်စဉ် အနက် တစ်ပေခွဲခန့် အရောက်၌ ဗုံးကြီးတစ်လုံးတွေ့ရှိသဖြင့် သက်ဆိုင်ရာက လာရောက်၍ အန္တရာယ်ကင်းစွာ ဖယ်ရှားပေးခဲ့သည်။ အဆိုပါဗုံးမှာ လုံးပတ် ၃၆လက်မ ၊ အရှည် ၂၉ လက်မရှိပြီး ဒုတိယကမ္ဘာစစ်က စစ်လက်ကျန် ပေါက်ကွဲမှုမရှိသေးသည့် လေယာဉ်ဗုံးဟောင်း ဖြစ်ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

# ကော့သောင်းအကျဉ်းထောင် ထောင်လွှန့်လော့ကျင့်

**ကော့သောင်း ဒီဇင်ဘာ ၂၄**

အကျဉ်းထောင်လွှန့်သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကော့သောင်းအကျဉ်းထောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ကော့သောင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အကျဉ်းထောင်တာဝန်ခံနှင့် ဝန်ထမ်းများပူးပေါင်း၍ ထောင်လွှန့်မှုဖြစ်ပွားပါက အကြောင်းအမျိုးမျိုးဖြင့် တည်ဆဲဥပဒေများကို ချိုးဖောက်ကျူးလွန်၍ အကျဉ်းကျခံနေရသည့် အကျဉ်းသားများ ထိခိုက်နစ်နာမှု လျော့နည်းစွာဖြင့် ဆူပူ ရုန်းရင်းဆန်ခတ်ဖြစ်စဉ်များကို ထိန်းသိမ်းနိုင်မည့် နည်းလမ်းများ၊ ၊ အကျဉ်းထောင်အတွင်း မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လေ့ကျင့်ကြခြင်းဖြစ်သည်။

အဆိုပါ ကော့သောင်းအကျဉ်းထောင်တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၃ရက်က အကျဉ်းကျခံနေရသည့် အကျဉ်းသားအချင်းချင်း စကားများရန်ဖြစ်ရာမှ ရုန်းရင်းဆန်ခတ်ဖြစ်ကာ ထောင်လွှန့်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း )**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီး မမေ့ပါနှင့်။





### ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပုသိမ်-ရန်ကုန်ကားလမ်း၊ ကွင်းအမှတ် (၁၈၅-စီ)၊ ကွင်းယားအနောက်၊ ဦးပိုင်အမှတ် (၂၀၊ ၂၀-က၊ ၂၁၊ ၂၁-က)၊ ဧရိယာ၀ဒသမ၂၆၉ ဧကရှိ မြေကို (ဘ) ဦးသန်း၏သားဦးမျိုးသန့် ၈/ရနခ(နိုင်)၀၀၁၅၈၅အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ ယူဆောင်၍ ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကန်ကြီးထောင့်မြို့နယ်**

### အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သက်သက်မာ ၁၂/သဃက(နိုင်)၀၃၅၈၈၂ သည် ဒေါ်ရီစလင်း ၁၂/မဘန(နိုင်)၀၇၆၅၁၈ ထံမှ ၉-၁-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဗိုလ်မှူးဟန်ထွန်း ၁၂/အစန(နိုင်)၀၆၉၃၅၈ ထံမှ ၎င်းဝယ်ယူထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာအုပ်စု၊ ရေတာရှည်ရွာ၊ စက်ရုံလမ်း၊ ကွင်းအမှတ်(၅၉၆)၊ ကွင်းအမည်(မှော်ဘီစခန်းကွင်း)၊ ဦးပိုင်အမှတ်(N-၄၄၃) ဧရိယာ ၇ဒသမ၅ ဧကအနက်မှ (B-8) အလျားပေ၄၀×အနံပေ ၆၀၊ ဧရိယာ ၀ဒသမ၀၅ ဧကဟုခေါ်တွင်သော ခြံမြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာမှတ်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင် LL.B, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၆)**
**တိုက်(၂၁၂)၊ အခန်း(၁၁)၊ (၄)ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၇)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် နေဝင်း CDC (7899) ကိုင်ဆောင်သော GMDSS လက်မှတ်အမှတ် ၀၈၂၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-970135388

### ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၁၂-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၃) ပါ ကန့်ကွက်နိုင်ပါကြောင်း ကန်ကြီးထောင့်မြို့နယ် ကြော်ငြာတွင် ဦးမျိုးညွန့်ဇော် ၁၄/ပသန(နိုင်)၁၅၅၃၄၄ အစား ဦးမျိုးဇော်ညွန့် ၁၄/ပသန(နိုင်)၁၅၅၃၄၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၇၉၈၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8341 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### တစ်ဦးတည်း ဖြစ်ပါကြောင်း

မော်လမြိုင်တက္ကသိုလ် ဒုတိယနှစ် သမိုင်းဘာသာရပ်မှ မဝင်းသီဂီထွန်း ၁၀/မလမ(နိုင်)၂၆၉၄၄၀၏ဖခင် ဦးထွန်းထွန်း(ခ)ဦးသန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း(ခ)ဦးသန်းထွန်း**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၃၈၄၁ Mitsubishi Fuso/ Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဆောင် ၁၀/သဖရ(နိုင်)၀၄၄၀၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၄၈/ သပြေတောင်အရှေ့၊ မြေကွက်အမှတ် ၅၉/၁၊ ဧရိယာ ၀ဒသမ၀၉၀ဧကရှိ ဦးချစ်အောင် အမည်ပေါက်အငှားဂရန်မြေကွက်အား ဦးရဲမြင့်ထွန်း-ဒေါ်ညိုညိုခိုင် ၁၂/ရကန(နိုင်)၀၂၂၈၂၆၊ ၁၂/စခန(နိုင်)၀၄၁၈၈၆ (ဘ)ဦးရဲမြင့်၊ ဦးထွန်းဝေမှ မြေငှားဂရန်စာချုပ်မူရင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၈၅/၂၀၁၆ မူရင်း၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားများတင်ပြ၍ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ၂၀၁၆ အီတလီစူပါဖလား အေစီမီလန်ဆွတ်ခူး

အီတလီနိုင်ငံ ပြည်တွင်းဖလားတစ်လုံးဖြစ်သော အီတလီစူပါဖလားဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၃ ရက် သောကြာနေ့ညပိုင်းက ဂျူဗင်တပ်စ်နှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အေစီမီလန်အသင်းက အနိုင်ရရှိခဲ့ပြီး ငါးနှစ်ကြာ ဝေးကွာနေခဲ့သည့် စူပါဖလားကြီးကို ပြန်လည်ရရှိခဲ့သည်။

ယင်းပွဲတွင် လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်သည် ၄-၃-၁-၂ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မန်ဇူကစ်နှင့် ဟီဂူအင်တို့အတွဲဖြင့် ပွဲထွက်ခဲ့သည်။ အေစီမီလန်အသင်းသည် တိုက်စစ်မြှင့်ကာ ၄-၃-၃ ပုံစံဖြင့် ဆူဆို၊ ကားလို့စ် ဘာကာ၊ ဘိုနာဗန်ကျူရာတို့အတွဲ ပွဲထွက်ခဲ့သည်။ ပွဲချိန် ၁၈ မိနစ်တွင် ဂျူဗင်တပ်စ်အတွက် ဦးဆောင်ဂိုးကို ပီဂျာနစ်၏ ဖန်တီးမှုမှတစ်ဆင့် နောက်တန်းကစားသမား ချီလီနီပိတ်သွင်းယူခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် တိုက်စစ်မှူး ဘိုနာဗန်ကျူရာက အေစီမီလန်အတွက် ချေပဂိုးကို ခေါင်းတိုက်သွင်း ယူခဲ့သည်။ ပွဲပြီးချိန်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် အနိုင်ရလဒ်မပေါ်ခဲ့၍ ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ပြီး တစ်ဖက်ငါးဂိုးစီ သွင်းယူရာတွင် အေစီမီလန်အသင်း လေးဂိုးဂိုးဝင်ခဲ့ပြီး တိုက်စစ်မှူး လာပါဒူလာ ဂိုးမဝင်ခဲ့ပေ။ ဂျူဗင်တပ်စ် အသင်းသည် သုံးဂိုးသာ ဂိုးဝင်ခဲ့ပြီး တိုက်စစ်မှူး မန်ဇူကစ်နှင့် ဒိုင်ဘာလာတို့၏ ဂိုးများမဝင်ခဲ့၍ ရှုံးနိမ့်ခဲ့ရသည်။




နှစ်စဉ်ယှဉ်ပြိုင်ခဲ့သည့် အီတလီစူပါဖလားပြိုင်ပွဲကို ၁၉၈၈ ခုနှစ်တွင် စတင်ခဲ့ပြီး အေစီမီလန်အသင်းက ပထမဦးဆုံးနှစ်တွင် ဖလားစတင်ရရှိခဲ့သည်။ အေစီမီလန်အသင်းသည် ၂၀၁၁ တွင် စူပါဖလားရရှိခဲ့ပြီး ငါးနှစ်အကြာ ယခုနှစ်မှ ပြန်လည်ရရှိကာ ဂျူဗင်တပ်စ်အသင်းနှင့် ဖလားရရှိသည့် အကြိမ်အရေအတွက် ၇ ကြိမ်စီ တူညီခဲ့ပြီဖြစ်သည်။

စူပါဖလား တတိယအများဆုံး ငါးကြိမ်ရရှိထားသည့်အသင်းမှာ အင်တာဖြစ်ပြီး လာဇီယို သုံးကြိမ်၊ ရိုးမားနှင့် နာပိုလီ နှစ်ကြိမ်စီနှင့် ဆမ်ဒိုးရီးယား၊ ပါးမား၊ ဖီအိုရင်တီးနားတို့ တစ်ကြိမ်စီရရှိထားသည်။

**သီဟ**

❖ *ကျောဖုံးမှ*

၃၁ မိနစ်တွင် ကန်ရာနက်က အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်းချေပဂိုးရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း ဂျူလိုင်ကျော်အသုံးမချနိုင်ခဲ့ပေ။

ဒုတိယပိုင်းအစတွင် ထိုင်းအသင်းဒုတိယဂိုးထပ်ရခဲ့သောကြောင့် အနိုင်သေချာသွားခဲ့ပြီး ယင်းဂိုးကို အသင်းခေါင်းဆောင်ချီယာပွန်က ၄၆ မိနစ်တွင် သွင်းယူခဲ့ခြင်း ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းချေပဂိုးရရန် ကစားသမားအပြောင်းအလဲလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း ထိုင်းနောက်တန်းက တောင်ပံနှစ်ဖက်မှ ဘောလုံးမထွက်အောင်ထိန်းချုပ်နိုင်ခဲ့သောကြောင့် မြန်မာအသင်းတိုက်စစ်အသက်မဲ့ခဲ့ရသည်။ ၇၉ မိနစ်တွင်ထိုင်းတိုက်စစ်မှူး ကန်ရာနက် တိုက်ရိုက်အနီကတ်ဖြင့် အထုတ်ခံရ၍ မြန်မာအသင်းတစ်ယောက်အသာရခဲ့ပြီးပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဂျူလိုင်ကျော်က ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။

ညနေ ၃ နာရီက ကစားသည့်ပထမပွဲတွင် ကာဂျစ္စတန်အသင်းက ပါလက်စတိုင်းအသင်းကိုခြောက်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ ခြေစစ်ပွဲအပြီးတွင် ထိုင်းအသင်း သုံးပွဲစလုံးအနိုင်ရကာ ကိုးမှတ်ဖြင့်ခြေစစ်ပွဲအောင်ခဲ့ပြီး မြန်မာအသင်းခြောက်မှတ်၊ ကာဂျစ္စတန်အသင်း သုံးမှတ်နှင့် ပါလက်စတိုင်းအသင်း အမှတ်မရဘဲခြေစစ်ပွဲမအောင်ခဲ့ပေ။



(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုပွဲအကြိုကို မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလားဘောလုံးအလွတ်တန်းပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ပျော်ပျော်ပါးပါး ယှဉ်ပြိုင်ကစားကြစဉ် မျိုးမင်းသိန်း(မရမ်းကုန်း)

## ဆီးဂိမ်းပြိုင်ပွဲများတွင် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲ ပါဝင်နိုင်ရေး မိတ်ဖက်နိုင်ငံများအား သွားရောက်စည်းရုံး

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်ပွဲများတွင် ပြိုင်ပွဲအသွင် စဉ်ဆက်မပြတ် ပါဝင်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီတွင် အာရှရိုးရာခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အာရှရိုးရာခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးပြည့်စုံမြင့်တို့သည် ဆီးဂိမ်းမိတ်ဖက်နိုင်ငံများဖြစ်သော စင်ကာပူနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံများသို့ သွားရောက်ကာ ရိုးရာခြင်းလုံးပြိုင်ပွဲဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီခရီးစဉ်ကတော့ မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲတွေနှင့် ဆီးဂိမ်းပြိုင်ပွဲတွေမှာ ပြိုင်ပွဲတိုင်း စဉ်ဆက်မပြတ်ပါဝင်နိုင်ရေးအတွက် သက်ဆိုင်ရာ နိုင်ငံအိုလံပစ်ကော်မတီအဖွဲ့တွေနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်က မလေးရှားနိုင်ငံမှာ ကျင်းပမယ့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် စင်ကာပူခြင်းလုံးအဖွဲ့နဲ့ ပြိုင်ပွဲအတွက် ပါဝင်မယ့် Event ပိုင်းဆိုင်ရာကအစ အသေးစိတ်ဆွေးနွေးမှာဖြစ်ပါတယ်"ဟု အာရှရိုးရာခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

အာရှရိုးရာခြင်းလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်သည် ဆီးဂိမ်းပြိုင်တွင် ဒေသတွင်းနိုင်ငံများအားလုံးကို မြန်မာ့ရိုးရာခြင်းလုံးအားကစားပြန့်ပွားရေး ရိုးရာခြင်းလုံးအားကစားအဖွဲ့ချုပ်များ ဖွဲ့စည်းပေးသွားရန် ဆောင်ရွက်လျက်ရှိပြီး နောက်တစ်ဆင့် အာရှနိုင်ငံများကိုလည်း ဆက်လက်ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် မြန်မာ့ရိုးရာခြင်းလုံးပြန့်ပွားရေးအာရှတွင်း ၁၅ နိုင်ငံကို နှစ်အနည်းငယ်အတွင်း စည်းရုံးထားနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုခရီးစဉ်တွင် အာရှရိုးရာခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးပြည့်စုံမြင့်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာပြီး ဒီဇင်ဘာ ၂၅ ရက်တွင် စင်ကာပူအိုလံပစ်အားကစားအဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကာ ဒီဇင်ဘာ ၂၆ရက်နှင့် ၂၇ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲများ ပါဝင်နိုင်ရေးဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**


### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

U.S.A Seattle မြို့နေ
(ဦးစိုးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်)-
ဒေါ်မြင့်မြင့်စိန် (ဗဟိုဆေးသိုလှောင်ရေးဌာန-ငြိမ်း)တို့၏ မြေးငယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၅လမ်း၊ အမှတ် ၁၈၆နေ
ဦးကျော်မိုးယံ (Digital Video Camera Service)- ဒေါ်တင်မြင့်ကြည်
တို့၏သားငယ်၊ မောင်သက်ကျော်ဇင်(ခ)သူရဇ္ဇ (သရုပ်ဆောင်)-
မသီရိဝင်းတို့၏ ညီ/မောင်၊
**DR. ပြေစိုးအောင် (M.B.,B.S-Ygn)**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊
သာယာကုန်းလမ်း၊ အမှတ် ၆၃(B)နေ
(ဦးအောင်စိန့်- လေယာဉ်မှူးကြီး)- ဒေါ်မာဂရက်ဖိုးတို့၏မြေး၊
(ဦးမောင်မောင်စိန့်- မြန်မာ့လေကြောင်း၊ စက်မှုဌာန)-
ဒေါ်နီလာဝင်းတို့၏ တစ်ဦးတည်းသောသမီး
**ဒေါက်တာ ယမင်းစန္ဒီစိန့် (M.B.,B.S-Ygn)**
တို့သည် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ ရှေ့မှောက်တွင် ၂၄-၁၂-၂၀၁၆ ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**အမည်ပြောင်း**
ဦးရဲထွန်းအောင်-ဒေါ်အေးသန္တာမောင်တို့၏သား ပုသိမ်မြို့၊ အထက(၆) ပဥ္စမတန်း(စီ)မှ မောင်ကောင်းမြတ်ထွန်းအား မောင်ခန့်ထူးထက်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/3561 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/6072 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/1967 , Nissan Diesel Bowser (6x2) R.T/S ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသူ ၁၀/မလမ(နိုင်)၂၀၈၈၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၂၀' ×၆၀' တစ်ထပ်ပျဉ်ထောင်၊ အရှေ့လှည့်၊
သာကေတ၊(၄)တောင်ရပ်ကွက်၊ မြို့မ ၇ လမ်း၊ ဂရန်အမည်ပေါက်၊ အရှုပ်အရှင်းမရှိ၊ မျက်နှာချင်းဆိုင်၊ မီးတားရေကန်သာရှိ၊ ကားပါကင်(၃)စီးစာရနိုင်။ သက်သာသော မြေညီတိုက်ခန်းဈေးနှုန်းဖြင့် ရောင်းမည်။ ပတ်ဝင်းကျင်ကောင်း၊ ရပ်ကွက်သန့်သည်။
**ဖုန်း-၀၉-၄၃၂၀၂၀၁၆**

### မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ မော်လမြိုင်မြို့ အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေး အဖွဲ့များတွင်အသုံးပြုရန် အောက်ဖော်ပြပါစက်/ယာဉ်/ယန္တရားများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) အလုံပိတ်အမှိုက်သိမ်းယာဉ် (Garbage Truck)-(၁၅) စီး
(ခ) တစ်ပါအမှိုက်သိမ်းယာဉ် (Dump Truck) -(၅) စီး
(ဂ) မြေထိုးစက် (Dozer) -(၁) စီး
(ဃ) မြေကော်စက် (Wheel Loader) -(၁) စီး
(င) ရေသယ်ယာဉ် -(၁) စီး
(စ) မိတ္တူကူးစက် -(၁)လုံး
၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၂၇-၁၂-၂၀၁၆ ရက်မှစ၍ ၆-၁-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများအား ၉-၁-၂၀၁၇ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တင်သွင်းရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီး ဖုန်း-၀၉-၅၂၃၂၂၅၂၊ ၀၅၇-၂၄၈၈၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

### ဝန်ထမ်းအလိုရှိသည်

**၁။ Chief Accountant** မ (၃) ဦး
B.com (or) CPA (Or) ACCA Part I, LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ် ရှိရမည်၊ Peach Tree Sofware သို့မဟုတ် အခြားသော Accounting Software, Excel ဖြင့် Full Set Account ထိတွဲနိုင်ရမည်၊

**၂။ Accountant** မ (၃) ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး LCCI Level (II,III) အောင်မြင်ပြီးသူ ဖြစ်ရမည်၊ Computer စာရင်း ကျွမ်းကျင်သူဖြစ်ရမည်၊

**၃။ Accountant warehouse** မ (၃) ဦး
အသက် (၂၅ နှစ် မှ ၃၅ နှစ်) ထိ၊ တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊ LCCI Level (II, III) အောင်မြင်ပြီးသူဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်၊

**၄။ Promoter** ကျား (၂)၊ မ (၅) ဦး
အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူ ကျောင်းကိစ္စပြီးပြတ်သူဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံ (၁)နှစ် ရှိရမည်၊ ရုပ်ရည် အသင့်အတင့်ရှိပြီး ဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်၊

**၅။ အရောင်းစာရေး** ကျား (၅)၊ မ (၅) ဦး
အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ကျောင်းကိစ္စပြီးပြတ်သူဖြစ်ရမည်၊ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး သွက်လက်ချက်ချာသူဖြစ်ရမည်၊

**၆။ Designer** ကျား (၂)
Adobe Photoshop, Adobe Illustrator ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်၊ အတွေ့အကြုံ (၁)နှစ် ရှိရမည်၊ မိမိကိုယ်တိုင် ဆွဲထားသော Design များ ယူလာနိုင်သည်၊

**၇။ Driver** ကျား (၃)
(ယ)လိုင်စင်ရှိရမည်၊ မြို့တွင်းနှင့် နယ်ဝေးသွားနိုင်သူဖြစ်ရမည်၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

**နယ်မှလာသောသူများကို အဆောင်စီစဉ်ပေးပါမည်။**
စိတ်ပါဝင်စားသူများသည် CV Form (1) စုံ၊ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ ပတ်စ်ပို့စ်ဆိုဒ်ဓာတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ တို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်၊

**Myanmar Mercury Garment MFG CO., Ltd CNC Men'wear**
**တိုက် (၃၁)၊ အခန်း (၁၀၂)၊ ပထမထပ်၊ အောင်သပြေလမ်း၊ ယုဇနပလာဇာ အနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**

# စေတနာရှင်၊ သွေးလှူရှင်၊ လူနာများ၏ ကျေးဇူးရှင်

**ဒေါက်တာသီတာအောင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ဒီဇင်ဘာလ ၁၄ ရက်နေ့သည် မြန်မာနိုင်ငံ၏ သွေးလှူရှင်များနေ့ဖြစ်ပေသည်။ ယခုနှစ်တွင် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်သာ အကြိမ် (၄၀)မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲကို ကျင်းပခဲ့သည်။

"သွေးသည်အသက်" ဟု လူသားအားလုံးမှ သတ်မှတ်ထားသကဲ့သို့ သွေးလိုအပ်သော ရောဂါအခြေအနေနှင့်ဆေးကုသမှုပညာရှင်များ ရင်ဆိုင်တိုက်ပွဲဝင်ရပါက သွေးလှူရှင်မှ လှူဒါန်းသော သွေးများကို အချိန်မီမရရှိလျှင် ရောဂါများကို မည်သို့မျှ အောင်မြင်စွာ ကုသမှုပေးနိုင်မည်မဟုတ်ပါ။

သို့ရာတွင် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများ၏ အန္တရာယ်ကို တစ်စတစ်စတွေ့ရှိလာရာမှ သွေးသွင်းကုသခြင်းကို အသက်ကယ်ကုထုံးအဖြစ်သာ မဟုတ်ဘဲ လူသားများ၏ မျိုးဆက်များကို ဒုက္ခပေးနိုင်မည့် ကုသမှုတစ်ရပ်အဖြစ်ပါ မှတ်ယူခဲ့ကြသည်။ ထို့ကြောင့် သွေးသွင်းကုသမှုတွင် လုံလောက်မှုနှင့်အတူ လုံခြုံစိတ်ချမှုဟူသော ဦးတည်ချက်သည်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့ပေသည်။

ထိုကဲ့သို့ လုံခြုံစိတ်ချမှုဟု ဖွင့်ဆိုရာတွင် သွေးမှတစ်ဆင့်ကူးစက်နိုင်သော ရောဂါပိုးများ ကင်းစင်မှုသည်သာမကဘဲ သွေးအုပ်စုနှင့် သက်ဆိုင်သော လုံခြုံစိတ်ချရမှုမှာလည်း သွေးသွင်းကုသမှု မကြာခဏခံယူရသော ရောဂါဝေဒနာရှင်များအတွက် ယှဉ်တွဲလာသော စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပေသည်။

သိပ္ပံနည်းပညာများ တိုးတက်လာသည်နှင့်အမျှ စမ်းသပ်စစ်ဆေးနိုင်သည့် နည်းစနစ်များ ပိုမိုတိုးတက်လာ၍သွေးအုပ်စုနှင့်သက်ဆိုင်သော ရှာဖွေတွေ့ရှိမှုများမှာ တစ်နေ့တခြား ပိုမိုများပြားလာခဲ့ပေသည်။ ယင်းတွေ့ရှိချက်များကြောင့် သုတေသနပြုမှုအတွက် အရေးပါ သကဲ့သို့ သွေးသွင်းကုသမှုခံယူရမည့် ဝေဒနာရှင်များအတွက် ပိုမိုထိရောက်သော ကာကွယ်ကုသပေးမှုမျိုးကို ရရှိခဲ့သည်။ ထို့ကြောင့် ၎င်းဝေဒနာရှင်များ၏ သက်တမ်းများမှာလည်း ပိုမိုရှည်လျားခဲ့သည်။

သွေးသွင်းသွင်းချင်း အသက်အန္တရာယ်ပေးနိုင်သော ABO သွေးအုပ်စုဝင်၊ "O" သွေးပိုင်ရှင်လူနာများတွင် "O" သွေးလှူရှင်မှ သွေးကိုလက်မခံနိုင်သော လူများရှိခဲ့ပြီး ယင်းသွေးအုပ်စုကို ၁၉၅၉ ခုနှစ်တွင် Bombay မြို့တွင် စတင်တွေ့ရှိခဲ့သည်။ ထို့ကြောင့် Bombay သွေးအုပ်စုဟု ခေါ်ဆိုခဲ့သော သွေးအုပ်စုကို ယခင်က မြန်မာနိုင်ငံတွင် စမ်းသပ်စစ်ဆေးမှုမပြုနိုင်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် မြန်မာပြည်နယ်ဖျားမှ လူနာကလေးငယ်တစ်ယောက်တွင် ယင်း Bombay သွေးအုပ်စုကို စမ်းသပ်တွေ့ရှိခဲ့ရသည်။ လူနာမှ သွေးအုပ်စုကို မှန်ကန်စွာ စမ်းသပ်နိုင်ခဲ့သော်လည်း ယင်းသွေးအုပ်စုမျိုးကို သွေးလှူရှင်များတွင် ရှာဖွေနိုင်မှုမရှိခဲ့၍ ၎င်းကလေးလူနာအား သွေးသွင်းကုသမှုဖြင့် ကုသအထောက်အကူပြုမပေးနိုင်ခဲ့ဘဲ နေရပ်သို့ ပြန်လွှတ်ခဲ့ရသည်။

**သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများမှ လုံခြုံစိတ်ချရမှုအတွက် လှူဒါန်းပြီး သွေးများစမ်းသပ်စစ်ဆေးမှုစနစ်များမှာလည်း အိမ်နီးချင်းတိုင်းပြည်များတွင် အသုံးပြုသော စမ်းသပ်စစ်ဆေးမှုများအတိုင်း သုံးစွဲနိုင်ခဲ့ပြီဖြစ်၍ လူနာများအတွက် လုံခြုံစိတ်ချရမှုကို သံသယကင်းစွာ ဆောင်ရွက်နိုင်**

အလားတူ A နှင့် B သွေးအုပ်စုတို့မှ သွေးအုပ်စုခွဲများကိုလည်း စတင်စမ်းသပ်တွေ့ရှိလာပြီဖြစ်၍ ယခုနှစ်အတွင်း $Be_1$ အုပ်စု $A_3$ အုပ်စုများကိုလည်း တွေ့ရှိလာခဲ့သည်။ ထို့ကြောင့် သွေးအုပ်စုနှင့် ပတ်သက်သော Red Cell Immunohaematology ဘာသာရပ်အား ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်း အကြံပေးနိုင်ရန် ယခုနှစ် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ Diploma in Transfusion Medicine ဘာသာရပ်ကို ဖွင့်လှစ်၍



ပြည်ပပညာရှင်များက လာရောက်ကူညီသင်ကြားပေးခဲ့သည်။ ၎င်းတို့၏ သင်ကြားမှုကြောင့် သွေးအုပ်စုကွဲများ၊ သွေးသွင်းမှုကြောင့် ဖြစ်ပေါ်လာသည့် သွေးအုပ်စုဆိုင်ရာ ပဋိပစ္စည်းများ၏ သဘောသဘာဝတို့ကို အတန်အသင့် ကိုင်တွယ်ဖြေရှင်းကူညီပေးနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ထို့အပြင် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများမှ လုံခြုံစိတ်ချရမှုအတွက် လှူဒါန်းပြီး သွေးများစမ်းသပ်စစ်ဆေးမှုစနစ်များမှာလည်း အိမ်နီးချင်းတိုင်းပြည်များတွင် အသုံးပြုသော စမ်းသပ်စစ်ဆေးမှုများအတိုင်း သုံးစွဲနိုင်ခဲ့ပြီဖြစ်၍ လူနာများအတွက် လုံခြုံစိတ်ချရမှုကို သံသယကင်းစွာ ဆောင်ရွက်နိုင်နေပြီဖြစ်ပါသည်။ ထိုကဲ့သို့ သွေးအုပ်စုစစ်ဆေးခြင်းနှင့် သွေးမှတစ်ဆင့်ကူးစက်နိုင်သော ရောဂါပိုးစစ်ဆေးမှုတို့ကို စနစ်တကျအရည်အသွေးမီစွာ ဆောင်ရွက်နိုင်ရန်မှာ လူနာများ သွေးလိုအပ်မှ လာရောက်လှူဒါန်းမှုပြုသည့် စနစ်မကျသော သွေးလှူရှင်စုဆောင်းမှုဖြင့် လုံးဝမဆောင်ရွက်နိုင်ပါ။ သက်ဆိုင်ရာ စမ်းသပ်မှုများအားလုံးသည် အနည်းဆုံးအရေအတွက် ၁၀၀ မှ ၂၀၀ ခန့် အသုံးပြုစမ်းသပ်မှသာ စျေးနှုန်းသင့်တင့်၍ အရည်အသွေးမီသော ရလဒ်များကို ရနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့လူနာများအတွက် လုံခြုံစိတ်ချရသော အရည်အသွေးမြင့်မားသည့် သွေးနှင့်သွေးပစ္စည်းများဖြင့် အချိန်မီထောက်ပံ့နိုင်ရန်မှာ စေတနာသွေးလှူရှင်များ လှူဒါန်းပေးမှုသည် အဓိက အထောက်အပံ့ဖြစ်ပေသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အမျိုးသားသွေးဌာနမှ သွေးယူနစ်ပေါင်း ၁၀၂၀၃၅ ယူနစ်ကို သွေးလှူရှင်ပေါင်း ၆၂၉၂၃ ဦးမှ ပြင်ဆင်၍ အစိုးရဆေးရုံ ၁၁ ရုံသို့ ခွဲဝေထောက်ပံ့ခဲ့သည်။ ယင်းတို့အနက် စေတနာသွေးလှူရှင် ၆၁၀၃၇ ဦးမှ ထောက်ပံ့ပေးခဲ့ပြီး ၁၈၈၆ ဦးကို လူနာရှင်မှ ရှာဖွေပေးခဲ့ရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ အမျိုးသားသွေးဌာနမှ သွေးယူနစ်ပေါင်း ၁၁၅၃၄၉ ယူနစ် ပြင်ဆင်ပေးခဲ့ပြီး စေတနာ သွေးလှူရှင် ၆၂၃၇၀ မှ လှူဒါန်းခဲ့၍ လူနာရှင်မှ ၁၃၈၅ ဦးသာ ရှာဖွေခဲ့ရသည်။ ထို့ကြောင့် လူနာများအတွက် သွေးသွင်းကုသမှုတွင် အသုံးပြုသော သွေးယူနစ်များမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး စေတနာသွေးလှူရှင်များမှာလည်း ပိုမိုတိုးတက်စွာ ထောက်ပံ့ခဲ့ကြောင်း တွေ့ရှိရသည်။ စေတနာသွေးလှူရှင်များတွင် ယခုနှစ်မှ စတင်လှူဒါန်းသော သွေးလှူရှင်အသစ်များမှာ ၂၆၃၃၅ ဦးရှိပြီး ပြန်လည်လှူဒါန်းသူများမှာ ၃၆၀၃၅ ဦးရှိသည်။ လူနာများမှ ခေါ်ယူပေးရသော သွေးလှူရှင်များတွင် စတင်လှူဒါန်းသူ ၇၅၀ ရှိပြီး ပြန်လည်လှူဒါန်းသူ ၆၃၅ ဦးရှိကြောင်း တွေ့ရှိရ၍ သွေးလှူဒါန်းမှုပြုရန် ပြည်သူများမှ စိတ်ဝင်စားသူများ နှစ်စဉ်တိုးတက်နေကြောင်း တွေ့ရှိရပေသည်။

ပြည်သူများမှ လှူဒါန်းမှုများကို ပိုမိုလှူဒါန်းသကဲ့သို့ နိုင်ငံတော်၏ ဘတ်ဂျက်မှ စမ်းသပ်စစ်ဆေးပြင်ဆင်မှုများအတွက် ရန်ပုံငွေများကိုလည်း ပိုမိုထောက်ပံ့ခွဲဝေပေးခဲ့သည်။ ယခင်နှစ်က ၃၈၄၀၅၉၉၅၈ ကျပ်နှင့် ယခုနှစ်တွင် ကျပ် ၈၃၆၄၀၀၀၀၀ ခန့် သုံးစွဲခဲ့သည်။ ထို့ကြောင့် သွေးသွင်းကုသမှုပေးနေသော လူနာများအတွက် အမှန်တကယ်လိုအပ်၍ သုံးစွဲမှသာ ပြည်သူများ၏ အားစိုက်လှူဒါန်းမှုနှင့် ပြည်သူ့ဘဏ္ဍာထောက်ပံ့မှုတို့ကို အကျိုးရှိစွာ အသုံးပြုနိုင်ရာရောက်ပေသည်။

ထို့ကြောင့် သွေးအသုံးပြုမှုများသည် သုံးသင့်သည့် အခြေအနေတွင်သာ သုံးစွဲမှုရှိမရှိကို ဆန်းစစ်နိုင်ရန် လိုအပ်ပေသည်။ ယခုအခါ အထူးသဖြင့် အမျိုးသားသွေးဌာနမှ ဖြန့်ဖြူးသော သွေးယူနစ်များမှာ ဆေးရုံများသို့သာ ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး လူနာတစ်ဦးချင်းစီအား ထောက်ပံ့ပေးခြင်း မဟုတ်သဖြင့် ထောက်ပံ့ရသော သွေးယူနစ်များ၏ အသုံးပြုမှုအတိအကျကို ဆန်းစစ်၍မရ ဖြစ်ပေသည်။ ထိုသို့ ဆန်းစစ်နိုင်ရန် Computer Software များကို ပြင်ဆင်ပြုစုနေပြီဖြစ်ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စတင်၍ ဆေးရုံများ၏ သွေးအသုံးပြုမှုကို ဆန်းစစ်နိုင်သည့် စာရင်းများပြုစုနိုင်သော Software ကို စတင်အသုံးပြုပြီး သွေးအသုံးပြုမှုများကို ပြန်လည်စစ်ဆေးနိုင်တော့မည် ဖြစ်ပေသည်။

ထိုသို့ စိစစ်သုံးစွဲမှုတို့ကြောင့် ယခုလက်ရှိ ဖြန့်ဝေနေသော ဆေးရုံ ၁၁ ရုံ၏ သွေးသုံးစွဲမှုများ ကျဆင်းသွားပါက လက်ရှိလှူဒါန်းနေသော စေတနာသွေးလှူရှင်များ၏ ထောက်ပံ့မှုနှင့် နိုင်ငံတော်ဘတ်ဂျက်သုံးစွဲမှုများသည် အခြားဆေးရုံများအတွက် ဖြန့်ဝေသုံးစွဲနိုင်ပေမည်။

ထို့ကြောင့် သွေးပစ္စည်းလိုအပ်ချက်၊ ငွေကြေးထောက်ပံ့နိုင်မှု၊ သွေးလှူရှင်စုဆောင်းနိုင်မှုတို့ကို စနစ်တကျ စိစစ်၊ တွက်ချက်၊ စုဆောင်းပေးသော စနစ်ကျသည့် သွေးလှူရှင်စုဆောင်းမှုစနစ်ကို ထူထောင်ရန်လိုအပ်နေသည်။ ထိုကဲ့သို့ ဒေသတိုင်းတွင် စနစ်ကျသော သွေးလှူရှင်စုဆောင်းမှုစနစ်ကို ထူထောင်နိုင်ပါက နည်းပညာဆိုင်ရာ တိုးတက်မှုကို သက်ဆိုင်ရာ ကျန်းမာရေးပညာရှင်များက ပိုမိုစွမ်းဆောင်နိုင်မည်ဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် သွေးသွင်းကုသမှုကို ထောက်ပံ့ရသည့် သွေးဘဏ်လုပ်ငန်းတွင် သွေးလှူရှင်စုဆောင်းမှု တစ်ခုတည်းသာမဟုတ်ဘဲ အရည်အသွေးပြည့်မီသော စမ်းသပ်စစ်ဆေးမှုများ၊ သွေးပစ္စည်းများ ပြင်ဆင်ပေးမှုများ၊ သွေးနှင့်သွေးပစ္စည်း ပေးသွင်းမှုနှင့်သက်ဆိုင်သော နောက်ဆက်တွဲအကျိုးဆက်များကို ဖြေရှင်းပေးရမှုများ စသည့်နည်းပညာပိုင်းဆိုင်ရာ ကဏ္ဍများပါ ပါဝင်နေသောကြောင့် ဖြစ်ပေသည်။

ယခုလက်ရှိအခြေအနေတွင် သွေးလှူဘဏ်များမှာ လုံလောက်သော ဝန်ထမ်းအင်အား၊ တိကျသောဖွဲ့စည်းပုံ၊ မှန်ကန်သောလုပ်ငန်း တာဝန်ခွဲဝေမှုတို့ ပါဝင်ရမည့် မူဝါဒလမ်းညွှန်မှုများမရှိသေးသော်လည်း ပြည်သူများအတွင်းရှိ စေတနာရှင် သွေးလှူရှင်များသာမက လှုံ့ဆော်စည်းရုံးထောက်ပံ့ပေးသော စေတနာရှင်များ၏ စွမ်းဆောင်ပေးမှုကြောင့် လူနာများအတွက် အရည်အသွေးမီသော လုံခြုံစိတ်ချရသည့် သွေးနှင့်သွေးပစ္စည်းများကို ထောက်ပံ့နိုင်ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် လူနာများ၏ သွေးလိုအပ်မှုအတွက် စိတ်ပူပန်ရမှုနှင့် လုံခြုံစိတ်ချသော သွေးနှင့် သွေးပစ္စည်းများ လုံလောက်စွာရရှိနိုင်မှုအတွက် ရာနှုန်းပြည့် မထောက်ပံ့ပေးနိုင်သေးသော်လည်း လွန်ခဲ့သော ၁၀ နှစ်တာ ကာလနှင့်နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်းခန့် တိုးတက်လာသော သွေးသွင်းကုသမှု လုပ်ငန်းများသည် ပြည်သူများ၏ ထောက်ပံ့မှုကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် တာဝန်မရှိသော်လည်း လိုအပ်မှုများကို မည်သည်ကိုမျှမမျှော်ကိုးဘဲ ထောက်ပံ့ပေးနေသော စေတနာရှင်များအားလုံးကို လူနာများကိုယ်စား လေးစားကျေးဇူးတင်ပါကြောင်းဖြင့် ဆက်လက်၍ ထောက်ပံ့ပေးနိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ရပါသည်။

# သီပေါ သဘာဝရေပူစမ်းတွင် ရေချိုးသူများဖြင့်စည်ကား

**သီပေါ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် ကြံခင်းဆွန်အို့ကျေးရွာရှိ သဘာဝရေပူစမ်းသို့ ဆောင်းကာလတွင် လာရောက်လည်ပတ်ကာ ရေချိုးသူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။


ကြံခင်းဆွန်အို့ကျေးရွာ ရေပူစမ်းသည် မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးမှ ကြံခင်း ဆွန်အို့ကျေးရွာသို့ ငါးမိနစ်ခန့်ဝင်ရသော လမ်း၌ရှိသည်။ အဆိုပါ ရေပူစမ်းတွ င် သဘာဝအလျောက် စိမ့်ထွက်လာသော ရေပူများကို အလျားပေ ၃၀၊ အနံ ၁၅ ပေ၊ အနက် လေးပေရှိ အုတ်ရေကန်ကြီးဖြင့် သိုလှောင်ထားကာ ရေဝင်ရေထွက်နှင့်အမျိုးသား အမျိုးသမီးများ ရေချိုးရန်ကန်နှစ်ခုထားရှိပေးထားသည်။

သဘာဝရေပူကို စိမ်ချိုးခြင်းကြောင့် ယားယံခြင်းနှင့် ညောင်းညာကိုက်ခဲခြင်းများ ပြေပျောက်ပြီး လန်းဆန်းစေသဖြင့် လာရောက်ရေချိုးကြကြောင်း၊ ယခုရက်ပိုင်းတွင် ရေချိုးရန်လာရောက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။


တစ်ရက်လျှင် လူ ၁၀၀ ကျော်ထက်မနည်းရှိကာ ညဥ့်အိပ်ညဥ့်နေ စခန်းချလာရောက်သူများလည်း ရှိကြောင်း၊ ရေချိုးသူများထံမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀ ကောက်ခံပြီး ရရှိသော ရန်ပုံငွေဖြင့် ရေပူစမ်းပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ပြုလုပ်ကြောင်း ရေပူစမ်းထိန်းသိမ်းရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုင်း(သီပေါ)**








HTOO




SAVE
end







# မြန်မာသရ (၂)

**မောင်ခင်မင်(ဓနုဖြူ)**

"ကတ်သီးကတ်သတ် မေးတာတော့ မဟုတ်ပါဘူးဆရာ။ သိချင်တာတစ်ခုရှိလို့ပါ"

"ဘာပါလိမ့်"

"မြန်မာသရ ၁၀ လုံးကနေပြီးတော့ ၁၁ လုံး၊ ၁၂ လုံးဆိုပြီး တိုးလာတာ၊ တိုးလာတဲ့သရတွေက 'အို' ရယ် 'အံ'ရယ် 'အား'ရယ်၊ အဲဒီသရတွေပါ။ ဘာကြောင့် အဲဒီသရတွေ အရေအတွက် မတူတာလဲ ဆရာ"

"အင်း... ဒါလည်း မေးစရာပဲ။ လိုရင်းပြောရရင် ပါဠိမှာရောမွန်မှာရော 'အို' သရသံမရှိဘူးကွဲ့။ မြန်မာစာအရေးအသားတီထွင်တော့ ပါဠိနဲ့ မွန်မှာသုံးတဲ့သရတွေထဲမှာ 'အို' မပါတော့၊ ဣကို ရေးတဲ့ လုံးကြီးတင်သင်္ကေတနဲ့ ဥကိုရေးတဲ့ တစ်ချောင်းငင်သင်္ကေတပေါင်းပြီး ို ဆိုတဲ့ သင်္ကေတကို တီထွင်လိုက်တာပဲ။ အံနဲ့ အားကတော့ မွန်သရ ၁၂ လုံးမှာပါတဲ့အတိုင်း ယူလိုက်တာပါ။ မြန်မာစကားမှာ ရှိတဲ့သရသံအရေအတွက်ကို ဘာသာဗေဒအမြင်နဲ့ ကြည့်ပုံအကြောင်း ဆက်ပြောသေးတာပေါ့"

"သြော်... ဟုတ်ကဲ့ပါ။ ပြီးတော့ ရေးချတို့ လုံးကြီးတင်တို့၊ အဲဒီသင်္ကေတ နာမည်တွေဘာကြောင့် အဲဒီလိုခေါ်တာလဲ ဆိုတာလည်း သိပါရစေ"

"သိချင်တာတွေတယ်များသကိုးကွဲ့။ ဟိုတစ်ခါတောင် ပြောဖူးသေးသလား မသိဘူး။ သရ သင်္ကေတတွေရဲ့နာမည်တွေက ရေးဆွဲပုံကိုလိုက်ပြီး ပေးတဲ့နာမည်တွေပဲ။ ဗျည်းနောက်က ကပ်ပြီး ကွေးကွေးကလေးရေးချလို့ ရေးချခေါ်တာပေါ့။ အဲဒီလိုပဲ ဗျည်းအပေါ်က အလုံးကြီးတင်လိုက်လို့ လုံးကြီးတင်၊ အဲဒီမှာ အဆန်ကလေးခတ်ထည့်လိုက်လို့ လုံးကြီးတင်ဆန်ခတ်ပေါ့။ ခတ်ဆိုတာ ထည့်တဲ့သဘောပါပဲ။ ဆားခတ်တယ်ဆိုတာ ဆားထည့်တာပေါ့။ ဗျည်းအောက်က အချောင်းကလေးတစ်ချောင်းဆွဲလိုက်တာကို တစ်ချောင်းငင်၊ နှစ်ချောင်းဆွဲလိုက်တာကို နှစ်ချောင်းငင်၊ ငင်ဆိုတာ ဆွဲတဲ့အဓိပ္ပာယ်ပဲ"

"ဟုတ်ကဲ့ပါ"

"သဝေထိုးဆိုတာက ရှေ့ကနေပြီး အကွေးကလေး ထိုးလိုက်တာ ကွေ့ဝိုက်တဲ့အဓိပ္ပာယ်ပေါ့။ အချောင်းကလေးနောက်ကို ပစ်လိုက်တာ နောက်ပစ်၊ ဗျည်းအပေါ်ကနေပြီး ရှေ့ကို အကွေးကလေးထိုးလိုက်တာ ရှေ့ထိုးပေါ့။ သေးသေးတင်ရယ် အောက်မြစ်ရယ်၊ ဝစ္စပေါက်ရယ် အကြောင်းတော့ အရင်တစ်ခါ ပြောပြီးပြီ"

"ဟုတ်ကဲ့ပါ"

"ဗျည်းနဲ့သရနဲ့ ပေါင်းတဲ့အခါ ဗျည်းကို အလယ်ကထားပြီး သရသင်္ကေတတွေကို ရှေ့က၊ နောက်က၊ အပေါ်က၊ အောက်က ခြံရံပြီး ရေးရတယ်" ဒါက စာရေးပုံကို ပြောတာ။ ကဲ မေးရဦးမယ်။ ဗျည်းရှေ့ကရေးရတဲ့ သရသင်္ကေတက ဘာပါလိမ့် "

"သမီးသိတယ်။ သဝေထိုးပါ"

"ဟုတ်တယ်။ ဗျည်းရှေ့က နေတာ သဝေထိုး တစ်ခုပဲရှိတယ်။ နောက်ကနေတာရော"

"နောက်ကနေတာက ရေးချရယ်။ ရေးချရှေ့ထိုးရယ်။ ဝစ္စနှစ်လုံးပေါက်ရယ်"

"ဟုတ်ပြီ။ အပေါ်က နေတာရော"

"လုံးကြီးတင်၊ လုံးကြီးတင် ဆန်ခတ်၊ နောက်ပစ်၊ သေးသေးတင်"

"နောက်ကနေတာရော"

"တစ်ချောင်းငင်၊ နှစ်ချောင်းငင်နဲ့ အောက်မြစ်ပါဆရာ"

"ဟုတ်ပါပြီ။ ခုပြောတဲ့ သင်္ကေတတွေက ဗျည်းနဲ့တွဲရေးတဲ့ သင်္ကေတတွေဆိုတာ သိပြီးပြီနော်"

"သိပါပြီဆရာ"

"အာ သရရဲ့သင်္ကေတက ရေးချ၊ ဣ သရရဲ့သင်္ကေတကလုံးကြီးတင်၊ ဤသရရဲ့သင်္ကေတက လုံးကြီးတင်ဆန်ခတ်၊ ဥ သရရဲ့ သင်္ကေတက တစ်ချောင်းငင်၊ ဦ သရရဲ့သင်္ကေတက နှစ်ချောင်းငင်၊ ဧ သရရဲ့သင်္ကေတက သဝေထိုး၊ အဲသရ ရဲ့သင်္ကေတက နောက်ပစ်၊ ဩ သရရဲ့သင်္ကေတက သဝေထိုးရေးချ၊ ဪသရရဲ့သင်္ကေတက သဝေထိုးရေးချ ရှေ့ထိုး၊ အို သရရဲ့သင်္ကေတက လုံးကြီးတင် တစ်ချောင်းငင်ဆိုပြီး အစဉ်အတိုင်း မှတ်ဖို့ပဲပေါ့"

"ဟုတ်ကဲ့ပါဆရာ"

"ဗျည်းတွေနဲ့ အဲဒီသရသင်္ကေတတွေနဲ့ ပေါင်းရေးမှ အသံထွက်လို့ရတယ်။ 'လာ' ဆိုတဲ့ အသံထွက်ဖို့ လဗျည်းနဲ့ အာသရနဲ့ပေါင်းရတယ်မဟုတ်လား။ ဒါမှ 'လ +အာ'= လာဖြစ်မှာပေါ့"

"ဟုတ်ကဲ့ပါ"

"အာသရအတွက် သင်္ကေတက ရေးချဆိုတော့ စာရေးတဲ့အခါလနဲ့ရေးချပေါင်းရေးရင်'လ+-ာ=လာ'ဖြစ်တာပေါ့ကွယ်။ (ကျွန်တော်က ပြောရင်းရေးပြပါသည်)

"ဟုတ်ကဲ့ပါ"

"ခုနပြောတဲ့ အထဲမှာ အာသရကစပြီး သရသင်္ကေတတွေပြောပြပြီးပြီနော်။ ရေးချ၊ လုံးကြီးတင်စသည်ဖြင့်ပေါ့။ ကဲ ဒီလိုဆိုရင် တစ်ခုမေးမယ်။ အသရရဲ့ သင်္ကေတဟာ ဘယ်ဟာ လဲ၊ စဉ်းစားကြည့်စမ်းပါ"

"ရှင်၊ ဆရာ ပြောတာ သမီးသိပ်နားမလည်လို့ပါ"

"ကဗျည်းနဲ့ ရေးချနဲ့ တွဲရေးရင် 'ကာ'ဖြစ်တယ်မဟုတ်လား။ အဲဒီလိုပဲ နဗျည်းနဲ့ လုံးကြီးတင်နဲ့ တွဲရင် နိဖြစ်တယ်လေ။ ဒီလိုဆိုရင် 'ဖ' ဖြစ်အောင် ဖ ဗျည်းနဲ့ အ သရနဲ့ တွဲရမယ် မဟုတ်လား။ ဖဗျည်းချည်းသက်သက် အသံထွက်လို့မှမရတာ၊ 'အ' သရနဲ့ တွဲမှ ဖ+အ=ဖ ဆိုပြီး အသံထွက်မှာလေ။ အဲဒီ အ သရရဲ့ သင်္ကေတဟာ ဘယ်ဟာလဲလို့ မေးတာပါ"

"အ သရရဲ့ သင်္ကေတ၊ ဟင်... အ သရအတွက်သုံးတဲ့ သရသင်္ကေတ သီးသန့်မရှိဘူးထင်တယ် ဆရာ"

"ဟုတ်လား၊ သမီးရော ဘယ်လိုထင်သလဲ"

"တခြားသရတွေမှာ သရသင်္ကေတတွေရှိပေမယ့် အသရမှာတော့ သင်္ကေတ မတွေ့ပါဘူးဆရာ"

"ဟုတ်ပါပြီ။ အ သရက အသံအနေနဲ့ ရှိပေမယ့် အရေးအနေနဲ့ သင်္ကေတ သီးခြားမရှိဘူးလေ။ ကိုယ်ပျောက်နေတာပေါ့။ အဲဒီသရဟာ ပေါ်ပေါ်ထင်ထင်မရှိဘဲ ငုပ်နေလို့ အတွင်းငုပ်သရလို့ ခေါ်တယ်။ 'ပ'လို့ ရေးရင် အဲဒီ 'ပ' ဗျည်းထဲမှာ အသရပါပြီးသားလို့ ယူရတယ်။ အင်္ဂလိပ်လို inherent vowel လို့ ခေါ်တာပေါ့"

"မှတ်ထားပါ့မယ် ဆရာ"

"အင်္ဂလိပ်စာအရေးအသားစနစ်နဲ့ယှဉ်ကြည့်ရင် သိသာပါတယ်။ 'က'လို့ အင်္ဂလိပ်လိုရေးရင် ka လို့ ရေးတယ်။ ဗျည်းရော သရရောပါတယ်။ 'က'လို့ မြန်မာလို ရေးရင်တော့ 'က'ပဲပါ တယ်။ နောက်က သရမပါဘူး မဟုတ်လား။ အဲဒီသရဟာ ကထဲမှာ ငုပ်နေတယ်။ ကိုယ်ပျောက်နေတယ်လေ"

"နားလည်ပါပြီ ဆရာ"

"သရမှာ ဆက်ပြောစရာက 'အသတ်' ကိစ္စပဲ။ မြန်မာစာအရေးအသားစနစ်မှာ အဲဒီသရတွေထဲက တချို့ကို နောက်က အသတ်တွေ တွဲရေးရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ရှေးက အသတ်ဆယ်မျိုးကိုသုံးတယ်။ သတ်ဆစ်ဆယ်ပါးလို့ခေါ်တယ်။ ကသတ်၊ ငသတ်၊ စသတ်၊ ညသတ်၊ တသတ်၊ နသတ်၊ ပသတ်၊ မသတ်၊ ယသတ်၊ ဝသတ် ဆိုပြီး ဆယ်မျိုးရှိတယ်"

"ရှေးက ဝသတ်ကိုသုံးတယ်။ နောက်ခေတ်တွေမှာ ဝသတ် မသုံးတော့ဘူး။ ဝသတ်အစား ဥ သတ်သုံးတယ်။ ဥကလေး သတ်လို့ခေါ်တာပေါ့"

"ဟုတ်ကဲ့"

"အဲဒီမှာ အသတ်ဆိုတာ အဓိပ္ပာယ်သိတယ်မဟုတ်လား"

"သိပါတယ် ဆရာ။ အဲဒီဗျည်းနဲ့ တွဲနေတဲ့ သရသံကို သတ်လိုက်တာပါ"

"ဟုတ်တယ်။ 'ရန်ကုန်'မှာ နအပေါ်က အသတ်တွေကို မထည့်ရင် 'ရနကုန'လို့ အသံထွက်မှာပေါ့။ နကို သတ်လိုက်တော့ သရ သံမထွက်တော့တာမို့ ရန်ကုန်လို့ ထွက်တာပေါ့။ ကျန်တဲ့ အသတ်တွေလည်း အဲဒီသဘောပါပဲ"

"ဟုတ်ကဲ့ပါ"

"ထုံးတမ်းစဉ်လာအရ မြန်မာစာမှာ ဗျည်းတွေသရတွေပြီးရင် အသတ်တွေလာတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီ အသတ်တွေ အားလုံးသိတော့မှ မြန်မာစာအရေးအသားစနစ်ကို ပြည့်ပြည့်စုံစုံ သိတာလေ။ မြန်မာစာအားလုံးဖတ်တတ်တာလေ"

"ဟုတ်ပါတယ် ဆရာ"

"တစ်ခုစဉ်းစားစရာက ထုံးတမ်းစဉ်လာအရ သရအရေအတွက် သတ်မှတ်ရာမှာ ပြောခဲ့တဲ့အတိုင်း သရ ၁၀ လုံး၊ ၁၁ လုံး၊ ၁၂ လုံးလို့ သတ်မှတ်တာ၊ အသတ်တွေကိုတော့ သရလို့ မခေါ်ဘူးလေ"

"သြော်"

"ကဲ အဲဒီအသတ်တွေကို ရှေ့က အနဲ့ တွဲပြီးဆိုကြည့်စမ်းပါ"

"ဟုတ်ကဲ့၊ အက်၊ အင်၊ အန်၊ အယ်၊ အုပ်၊ အောက်"

"ဟုတ်ပြီ၊ ဒါလောက်ဆိုရင်ရပြီ။ အဲဒီအသတ်တွေဟာ အသတ်မပါတဲ့ သရတွေနဲ့ ရွတ်ပုံဆိုပုံ အတူတူပဲလေ။ အားလုံး ပါးစပ်ဖွင့်ပြီးဆိုရတာချည်းပဲမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အသတ်မပါတဲ့ 'အ၊ အာ၊ အူ၊ အေး၊ အော်' ဆိုတဲ့ အသံတွေပဲဖြစ်ဖြစ်၊ အသတ်ပါတဲ့ အက်၊ အောက်၊ အင်၊ အစ် ဆိုတဲ့ အသံတွေပဲဖြစ်ဖြစ် အားလုံးပါးစပ်ဖွင့်ပြီး ဆိုရတာမို့ အသတ်ပါပါ မပါပါ အားလုံးသရတွေပဲလို့ ဆိုသင့်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ထုံးတမ်းစဉ်လာအရ အဲဒီအသတ်ပါတဲ့ 'အ' တွေကို အသတ်လို့ခွဲခေါ်တယ်။ သရထဲမှာ မထည့်ဘူး။ အဲဒီပြဿနာကို ဆက်စဉ်းစားဖို့ပါ"

"ဘယ်လိုစဉ်းစားရမှာပါလဲ ဆရာ"

"အသတ်ဆိုတာ ဗျည်းနဲ့တွဲနေတဲ့ သရသံကို သတ်လိုက်လို့ ဗျည်းပဲကျန်တာကို ခေါ်တာမဟုတ်လား။ ဗျည်းသံရဲ့အတိုင်းအတာက မတြာဝက်ပဲ ကြာတယ်လို့ ကျမ်းတွေမှာ ပြတယ်။ တစ်မတြာဆိုတာ မျက်စိတစ်မှိတ်လျှပ်တစ်ပြတ် အတိုင်းအတာကိုခေါ်တာ၊ မတြာဝက်ဆိုတော့ အဲဒါရဲ့ တစ်ဝက်ပေါ့။ ဗျည်းသံကလေးတစ်ဝက်တော့ ထွက်တယ်။ ဒါပေမယ့် အခုအဲဒီအသတ်တွေကို အသံထွက်ရင် ခုနပြောသလို ပါးစပ်ဖွင့်ပြီး ဆိုတာလေ။ နောက်က ဘာဗျည်းသံမှ မထွက်ဘူး မဟုတ်လား။ ကဲ... ဒီနေရာမှာ နားကြဦးစို့။ ။



# စလင်းဝက်သည်းကန်ကြီးတွင် ဆောင်းခိုငှက်များ စတင်ရောက်လာ

**စလင်း ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့၏အနောက်ဘက်တွင် မြို့နှင့်ကပ်လျက်တည်ရှိနေသော ဝက်သည်းကန်ကြီး၌ ဒီဇင်ဘာ ၂၀ ရက်ခန့်မှ စတင်ကာ ဆောင်းခိုငှက်များ စတင်ကျရောက်လာပြီဖြစ်သည်။

ဝက်သည်းကန်ကြီးသည် သက်တမ်းအားဖြင့် ၈၂၄ နှစ်ရှိပြီဖြစ်ပြီး နရပတိစည်သူမင်း၏ ကိုယ်လုပ်တော်ရှင်စောဝက ၄င်း၏အခြွေအရံများ လယ်ယာစိုက်ပျိုးရန် ရေရရှိစေရေးအတွက်တူးဖော်ခဲ့သော ကန်ကြီးဖြစ်သည်။ မူလအကျယ်မှာ ၁၀၈၈ ဧကရှိသော်လည်း ယခုအခါ ဧက ၅၃၀ သာကျန်ရှိတော့သည်။

ကန်ကြီးသည် ဘေးမဲ့ကန်ဖြစ်ပြီး မူလကရေပျော်ငှက်မျိုးစိတ်များစွာရှိသော်လည်း ထိန်းသိမ်းမှုအားနည်း၍ ဌာနေငှက်များ မရှိသလောက် မျိုးသုဉ်းပျောက်ကွယ်လျက်ရှိပြီး ယခုလို ဆောင်းရာသီတွင်သာ ခေတ္တကျရောက် ကျက်စားလေ့ရှိကြောင်း သိရသည် ။

**စစ်ကြည်(စလင်း)**

# မြစ်သားမြို့နယ်ရှိ ဖိုးအင်သဘာဝလိုဏ်ဂူ၏ ရှုခင်းများကို သွားရောက်လေ့လာနိုင်

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ရွာခိုင်ကြီး တိုက်နယ်ကျီတိုင်ကျေးရွာအုပ်စုတွင်ရှိသော နောက်တွေ့ ဖိုးအင် သဘာဝလိုဏ်ဂူသစ်၏ ထူးခြားဆန်းကျယ်မှုများ၊ လှပသောသဘာဝရှုခင်းများ တောင်ကြားမှရေထွက်များအား လာရောက်ကြည့်ရှုလေ့လာလိုသူများအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစပြီး ခရီးသွားပွဲတော်တစ်ရပ်ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း ဖိုးအင်ရွာဦးကျောင်း ဆရာတော်ဦးတေဇက မိန့်ကြား၍ သိရသည်။

ယင်းသဘာဝလိုဏ်ဂူသည် မြစ်သားမြို့အရှေ့ဘက် ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ လမ်းခွ ရွာခိုင်ကြီးကျေးရွာချင်းဆက် ကတ္တရာလမ်းအတိုင်း အရှေ့ဘက်သို့ ၁၃ မိုင်ခန့်သွားရပြီး ကင်းတားလေးဆည်ရှိ ပိန္နဲပင်ကျေးရွာအရှေ့တောင်ဘက်မှ မြေသားလမ်းအတိုင်း လေးမိုင်ခန့်သွားရကြောင်း သိရသည်။

ဖိုးအင်ရွာမှလိုဏ်ဂူသို့သွားရာလမ်းနှစ်သွယ်ရှိပြီး တစ်လမ်းမှာခက်ခက်ခဲခဲသွားရသော်လည်းလှပသောရေထွက် ရေပူရေအေးတွဲလျက်စီးဆင်းနေသည့် တောင်ကျစမ်းချောင်းလေးတစ်ခု ဘုရားလောင်းဖွတ်မင်းဘဝက စံပယ်ခဲ့သည့် ဖွတ်အင်းတစ်ခုကို တွေ့ရမည်ဖြစ်သည်။ နောက်တစ်လမ်းမှာ အသစ်ပြန်ပေါက်လျက်ရှိသော သစ်တောငယ်တစ်ခုမှ ခပ်ပြေပြေ ပြန်ဆင်းနိုင်သည့် လမ်းဖြစ်သည်။

ဖိုးအင်ဂူအဝသည် သုံးပေပတ်လည်ခန့်သာရှိ၍ လေးဖက်ထောက်ဝပ်တွားပြီး ဝင်ရပြီး ဂူအတွင်းရောက်သော် အံ့မခန်းလိုဏ်ဂူကြီးတစ်လုံးဖြစ်ကြောင်း တွေ့ရသည်။ အချို့နေရာများတွင် ပေ ၃၀ ခန့် ကျယ်ဝန်းပြီး ကျောက်ခက်ပန်းဆွဲများ တလက်လက်နှင့် ပုံစံမျိုးစုံတွေ့ရသည်။ ထိုနေရာသည် ယခင်ကသွားလာရေးခက်ခဲသဖြင့် လူသူ အရောက်အပေါက်နည်းကြောင်း သိခဲ့ရသည်။ ဖိုးအင်ဂူထိပ်ရှိတောင်နှင့်ခင်လယ်တောင်ကြားမှ တောင်မှမြောက်သို့စီးဆင်းလျက်ရှိသောရေထွက် စမ်းချောင်းကြီးတစ်ခု၏ အလှများကိုလည်းတွေ့ရပြီး မြေပြန့်နှင့် မဝေးလှသောပေ ၈၀၀ ခန့်သာမြင့်သည့် တောင်ခွတ်လတ်ခရီးတစ်ခုသာဖြစ်သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ခရီးသွားပွဲတော်တစ်ခုကျင်းပ၍ လာရောက်ကြည့်ရှုလေ့လာလိုသူများကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ ခရီးသည်များအခက်အခဲနည်းစေရန် လမ်းတံတားများကိုလည်းဒေသခံများက ပြုပြင်ထားကြောင်း၊ ဖိုးအင်ဂူကိုလည်း သဘာဝအတိုင်းမပျက်စီးအောင်စောင့်ရှောက်ထားကြောင်း မိမိတို့ဒေသကိုလည်း ဖွံ့ဖြိုးတိုးတက်စေလိုကြောင်း ဖိုးအင်ရွာဦးကျောင်းဆရာတော်က မိန့်ကြားသည်။

**ရွှေရည်ဦး(မြစ်သား)**

# မောင်တောမြို့ရှိ မောင်တော-ဘူးသီးတောင်လမ်းပေါ်မှ နှစ် ၁၀၀ သက်တမ်းရှိပြီဖြစ်သည့် သမိုင်းဝင် လိုဏ်ဂူကြီးများအကြောင်း

**သတင်းဆောင်းပါး-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွေး**

မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးပေါက်ဖြစ်သော မောင်တောမြို့သည် နယ်စပ်မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ သမိုင်းရာဇဝင်များနှင့် ထင်ရှားသည့် မြို့လေးတစ်မြို့လည်းဖြစ်သည်။ မောင်တောမြို့၏ သမိုင်းရာဇဝင်များအကြောင်းဆိုရလျှင် မောင်တော-ဘူးသီးတောင်လမ်းပေါ်တွင် တည်ဆောက်ထားသော နှစ် ၁၀၀ သက်တမ်းရှိ သမိုင်းဝင်လိုဏ်ဂူကြီးနှစ်ခုက အဓိကတစ်ခုအနေဖြင့် အထင်အရှား ရှိနေလျက်ပင်။

မောင်တော-ဘူးသီးတောင် မီးရထားလမ်းဖောက်လုပ်ရန်အတွက် အမေရိကန်နိုင်ငံ ဖလော်ရီဒါရှိ မာတင် (MARTIN) ဆောက်လုပ်ရေးကုမ္ပဏီက ၁၉၁၆ ခုနှစ်မှ စတင်ပြီး ၁၉၁၈ ခုနှစ်အထိ နှစ်နှစ်ကြာ အချိန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

မောင်တော-ဘူးသီးတောင်လမ်း မိုင်တိုင်အမှတ်(၆/၅)တွင် လိုဏ်ဂူငယ်ကို အရင်တွေ့ရမည်ဖြစ်သည်။ ယင်းလိုဏ်ဂူငယ်သည် အရှည် ၉၂ ပေ၊ အချင်း ၁၅ ပေ ၆ လက်မနှင့် အမြင့် ၁၂ ပေ ၆ လက်မရှိပြီး လိုဏ်ဂူကို အထူသုံးပေရှိသည့် အုတ်ရိုးများစီပြီး တည်ဆောက်ထားသည်ဟု လေ့လာသိရှိရသည်။ တည်ဆောက်ပုံစနစ် မှန်ကန်သည့်အတွက် ယခုနှစ် ၁၀၀အထိ ခိုင်မာခြင်းဖြစ်သည်ကို သိရသည်။ တောင်ကြီးတစ်တောင်အောက်မှ ခဲရာခဲဆစ်ဖြင့် ဖောက်ထွင်းတည်ဆောက်ထားသည်ကို သတိထားမိခဲ့သည်။

"ဒီလိုဏ်ဂူက အခုဆိုရင် နှစ်ပေါင်း ၁၀၀ ရှိပြီ။ ဆောက်လုပ်ပုံနည်းစနစ်မှန်ကန်ပြီး စက်ဝိုင်းပုံစံဖြစ်တဲ့အတွက် ဒီအတိုင်းဆို ပြိုကျမယ့်အနေအထားမရှိတော့လောက်ဘူး။ ဘာကြောင့်လဲဆိုတော့ စက်ဝိုင်းတစ်ခုဟာ အပေါ်က အလင်းကို ကျရောက်ရင် ထောင့်မှန်ကျတဲ့အတွက် အလင်းတွေက ဘေးကိုပဲ ကျသွားသလိုဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီလိုဏ်ဂူငယ်က လိုဏ်ဂူကြီး တည်ဆောက်ဖို့အတွက် နမူနာတည်ဆောက်တာလို့လည်း သိရတယ်။ ဒါပေမယ့် တချို့ကတော့ အဖိုအမတည်ဆောက်တယ်လို့လည်း ပြောတယ်။ အဲ့ဒါကြောင့် လိုဏ်ဂူငယ်ကို ပထမဆုံးအဖိုအနေနဲ့ တည်ဆောက်ခြင်းဖြစ်တယ်လို့ သိရတယ်" ဟု ဒေသခံတစ်ဦးလည်းဖြစ်၊ လမ်းလုပ်ငန်းတာဝန်ရှိသူတစ်ဦးလည်းဖြစ်သူ ဦးဇော်မင်းက ရှင်းပြသည်။

လိုဏ်ဂူငယ်မှတစ်ဆင့် ဘူးသီးတောင်ဘက်ဆက်လက်လာလျှင် မိုင်တိုင်အမှတ် (၇/၇)၌ လိုဏ်ဂူကြီးကို ဆက်လက်တွေ့ရသည်။ လိုဏ်ဂူကြီးသည် လိုဏ်ခေါင်းအရှည် ၆၅၈ ပေ၊ အချင်း ၁၅ ပေ ၆ လက်မနှင့် အမြင့် ၁၂ ပေ ၆ လက်မရှိပြီး သုံးပေအထူရှိ အုတ်သားများနှင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ လိုဏ်ဂူကြီး၏ထိပ်တွင် MARTIN & CO 1916-1918 ဟု ရေးသားထားသည့်စာတန်းကို မူရင်းအတိုင်း အထင်အရှားမြင်တွေ့ရသည်။

အဆိုပါမောင်တော-ဘူးသီးတောင်လမ်းကို အင်္ဂလိပ်တို့က ခြောက်နှစ်ကျော် အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် အရှုံးပေါ်သည့်အတွက်ကြောင့် မီးရထားလမ်းကို ဖျက်သိမ်းပြီး ကားလမ်းအသွင်ဖြင့် ဆက်လက်အသုံးပြုခဲ့ကြောင်း လေ့လာမှုအရ သိရသည်။

"အဲ့ဒီလမ်းကို ရထားလမ်းအဖြစ် ၁၉၁၈ ခုနှစ်ကစပြီး ၁၉၂၆ ခုနှစ်အထိ လောက်ပဲ အသုံးပြုခဲ့တယ်။ ဘာကြောင့် ဆက်လက်အသုံးမပြုလဲဆိုတော့ အလုပ်သမားတွေလာတဲ့အခါ တစ်ဖက်နိုင်ငံက လာရောက်အလုပ်လုပ်တဲ့ အလုပ်သမားတွေက ရထားမစီးကြတော့တဲ့အတွက်ကြောင့်ဖြစ်တယ်။ ရထားစီးခက အဲ့ဒီအချိန်တုန်းက ငါးပြားပေးရတယ်လို့ သိရတယ်။ သူတို့က ငါးပြားပေးမစီးတဲ့အတွက် နောက်ပိုင်းကုမ္ပဏီက အရှုံးပေါ်သွားတယ်။ အရှုံးပေါ်တဲ့အတွက် ရထားလမ်းကို ဖျက်သိမ်းခဲ့ရတာလို့ သိရပါတယ်"ဟု ဦးဇော်မင်းက ဆက်လက်ရှင်းပြ သည်။

အဆိုပါရထားလမ်းသည် မောင်တောနယ်စပ် ကညင်ချောင်းစက်မှုဇုန်မှ စတင်ပြီး ဘူးသီးတောင်ဆိပ်ကမ်းအထိရောက်ကြောင်း၊ လက်ရှိ ဘူးသီးတောင် သင်္ဘောဆိပ်သည် ယခင်က မီးရထားဆိပ်ဖြစ်ခဲ့ကြောင်း သိရသည်။ မောင်တောမြို့၏ မြောက်ဘက်တွင် ရထားလမ်းအဖြစ်အသုံးပြုစဉ်က အင်္ဂလိပ်တို့ တည်ဆောက်ခဲ့သည့် တံတားတစ်စင်းကိုလည်း ယခုအထိ တွေ့နေရဆဲဖြစ်သည်။သို့သော် အဆိုပါတံတားသည် ၁၉၇၂ ခုနှစ်က မောင်တော၌ မိုင် ၁၂၀ ရှိ မုန်တိုင်းတိုက်ဝင်ရောက်မှုကြောင့် ပြိုကျပျက်စီးသွားကာ ယခုအခါ အဆိုပါနေရာ၌ တံတားရေလည်တိုင်များနှင့် ကမ်းကပ်ခုံများသာ ကျန်ရှိနေသည်ကို တွေ့ရသည်။

"အလုပ်သမားတွေ အလုပ်လုပ်လာတဲ့အခါ သူတို့ဆီမှာ ရေကရားလို



လိုဏ်ဂူကြီးကို တွေ့ရစဉ်

ဟာမျိုးတစ်ခုရယ်၊ အိုးတစ်အိုးရယ်၊ ပုဆိုးကို ဒူးလောက်တိုတိုဝတ်ထားကြပြီး အင်္ကျီမပါဘဲလာတယ်။ ခြုံဖို့တော့ အထည်တစ်ခုပါတယ်။ အဲ့ဒီဟာနဲ့လာပြီး အလုပ်လုပ်သွားတယ်။ ဘူးသီးတောင်ရောက်ပြီဆိုရင် အလုပ်လုပ်ခိုင်းဖို့လိုတဲ့အခါ အင်္ဂလိပ်တွေက စစ်တွေတို့၊ ကျောက်တော်တို့ကိုပို့တယ်။ အဲလိုမျိုးပို့ပြီးတော့ သွားတဲ့နေရာမှာ ဒီလမ်းက အဓိကပါပဲ"ဟု ဦးဇော်မင်းက ပြောသည်။

အင်္ဂလိပ်-ဂျပန်စစ်ဖြစ်ပြီးချိန်တွင် လိုဏ်ဂူကြီးတွင် လေယာဉ်များဖြင့် ပစ်ခတ်တိုက်ခိုက်သည့်အတွက် လိုဏ်ဂူကြီး၏ မောင်တောဘက်ခြမ်းမှာ ပေ ၅၀ ခန့် ပျက်စီးသွားခဲ့ပြီး အဆိုပါ အပျက်အစီးများကို မြန်မာအစိုးရလက်ထက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြင်ဆင်မွမ်းမံခဲ့ကြောင်း သိရသည်။

မောင်တော-ဘူးသီးတောင်လမ်းကို လွတ်လပ်ရေးရပြီးနောက် ၁၉၆၂ ခုနှစ်တွင် ကျောက်များခင်းပြီး ကားလမ်းအဖြစ်အသုံးပြုခဲ့ကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ကတ္တရာလမ်းအဖြစ် ပြောင်းလဲခဲ့ကြောင်း၊ ယခင်ကျန်ခဲ့သည့် ရထားသံလမ်းပေါင်များကိုလည်း ကားလမ်းတံတားအဖြစ်လွှန်ခဲ့သည့် ၁၀ နှစ်အထိ အသုံးပြုခဲ့ပြီး နောက်ပိုင်းတွင် အာစီကွန်ကရစ်တံတားအဖြစ် အစားထိုးလဲလှယ်တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယခုအခါ မောင်တော-ဘူးသီးတောင်ကားလမ်းတွင် တစ်နေ့လျှင် မော်တော်ကားအစီးရေ ၄၅၀ ကျော် ဖြတ်သန်းသွားလာနေပြီး ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ရန်၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန်နှင့် ယာဉ်ကြီးယာဉ်ငယ်များပါ အလွယ်တကူသွားလာနိုင်ရန်အတွက် လိုဏ်ဂူကြီးရှောင်ကွင်းလမ်းကို လမ်းဦးစီးဌာနက ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှာ လိုဏ်ဂူကြီးရှောင်ကွင်း လမ်းပြီးစီးခဲ့ကြောင်း၊ အလားတူ လိုဏ်ဂူငယ်ရှောင်ကွင်းလမ်းဖောက်လုပ်မှုလည်း ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ပြီးစီးခဲ့သောကြောင့် ယခုအခါ မောင်တော-ဘူးသီး တောင်လမ်းမှာ လမ်းကျယ်ပြီး မော်တော်ယာဉ်များ ကောင်းကောင်းမွန်မွန် သက်သောင့်သက်သာဖြင့် စိတ်ချမ်းမြေ့စွာသွားလာလျက်ရှိကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်အစွန်ဆုံး နယ်စပ်မြို့တော်ဖြစ်သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောမြို့သည် ပင်လယ်ကမ်းရိုးတန်းအလှများ၊ ထင်ရှားသည့် မေယုတောင်တန်းကြီးနှင့် စိမ်းလန်းသော သဘာဝတောတောင်များ၊ မြေဆီမြေဩဇာကောင်းသည့် လယ်ယာမြေများ၊ ဆန်ရေစပါး၊ သားငါးနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့်အပြင် သမိုင်းဝင်အထင်ကရနေရာများရှိနေသည့် မြို့လေးတစ်မြို့ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ကျိုက်သလ္လံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ရှေ့နှင့်အလှူငွေများလှူဒါန်း

**မော်လမြိုင် ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံ စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကရုံးခန်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အလှူရှင်များက တစ်ကျပ်သားရွှေပြား ၁၁ ချပ်နှင့် ငွေသားအပါအဝင် တန်ဖိုးငွေကျပ် ၁၈၈ ၂၀၀၀၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးချစ်မောင်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**ကျော်သန်း(မော်လမြိုင်)**

## ဒေသန္တရ ရေနံချက်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မြန်အောင် ဒီဇင်ဘာ ၂၄**

ဟင်္သာတခရိုင်အတွင်းရှိ ဒေသန္တရ ရေနံချက်လုပ်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီနှင့် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီတို့သည် ဒီဇင်ဘာ ၂၀ ရက်က ဟင်္သာတခရိုင်အတွင်းရှိ အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့ရှိ ဝန်ကြီးဌာနမှ ယာယီလိုင်စင်ထုတ်ပေးထားသော ဒေသန္တရ ရေနံချက်လုပ်ငန်းဆောင်ရွက်သည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ဒေသန္တရရေနံချက် လုပ်ငန်းများကြောင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

ခ ရီး သွား ဆောင်း ပါး

# စိတ်မွန်းကျပ်မှုကို ပြေပျောက်စေသည့် ခရင်းခွကျွန်းဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

**ရေပြင်ပေါ်တွင် ရှပ်တိုက်ပြေးနေသောအမြန်ရေယာဉ်ငယ်က လှိုင်းအကြွတွင် မြောက်တက်သွားပြီး လှိုင်းအကျ၌ ပြန်နိမ့်သွားရာ မြင်းစီးရသကဲ့သို့ ရှိနေသည်။ တစ်နာရီ မိုင် ၄၀ ခန့် မောင်းနှင်နေသဖြင့် ရေယာဉ်လက်တန်းကို မြဲမြဲကိုင်ကာ သတိဖြင့်လိုက်ပါနေရသည်။ လှိုင်းပုတ်သံများက အမြန်ရေယာဉ်၏ ဝမ်းဗိုက်ကို ပြေးရိုက်သကဲ့သို့ရှိနေရာ တဗုန်းဗုန်းအသံများထွက်ပေါ်လျက်ရှိသည်။ ပင်လယ်ပြင်တွင် ထွက်ပေါ်နေသော ကျွန်းများကို ခပ်လှမ်းလှမ်းမှ လှမ်းမြင်ရသော်လည်း တစ်ခဏအတွင်း နောက်တွင်ကျန်ရစ်ခဲ့သည်။ ကျွန်းကြီး၊ ကျွန်းငယ်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားသော မြိတ်ကျွန်းစုများက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်လျက်ရှိရာ ခရီးသွားဧည့်သည်များ ပွင့်လင်းရာသီတွင် မပြတ်တမ်းဝင်ရောက်လာသည်ကို တွေ့ရသည်။ သဘာဝအလှတရားများဖြင့် အရိုင်းဆန်ဆန် တည်ရှိနေသော မြိတ်ကျွန်းစုများအနက် ခရင်းခွကျွန်းသို့ ကျွန်တော်တို့ ဦးတည်ကာ အမြန်ရေယာဉ်ဖြင့် သွားနေခြင်းဖြစ်သည်။**

ကော့သောင်းမြို့ ဆိပ်ကမ်းမှ မွန်းလွဲ ၃ နာရီခန့်က ထွက်ခွာလာသော အမြန်ရေယာဉ်သည် အရှိန်မြှင့်မောင်းနေသဖြင့် ခရီးတွင်သည်။ ကျယ်ပြောသော ပင်လယ်ရေပြင်တွင် ရေလမ်းကြောင်းကို ကောင်းစွာသိရှိသဖြင့် ကျွမ်းကျင်စွာ မောင်းနှင်နေသော ရေယာဉ်မောင်းကို သေချာကြည့်မိရာ အသက် ၂၅ နှစ်ခန့် လူငယ်တစ်ဦးဖြစ်နေသည်ကို တွေ့ရသည်။ ကိုယ်နှင့်အဆင်ပြေသည့် အလုပ်အကိုင်အခွင့်အလမ်းကို ရှာဖွေလုပ်ကိုင်ကြသည့် လူငယ်များအား နေရာတိုင်းတွေ့မြင်နေရပြီဖြစ်ရာ ရန်ကုန်တွင် မြို့တွင်းခရီးသည်တင် လိုင်းကားကြီးများကို လူငယ်များ ဝင်ရောက်မောင်းနှင်လုပ်ကိုင်နေကြသည်ကို အတွေးရောက်သွားသည်။ လူငယ်ဦးရေများပြားမှုဆုလာဘ်ကို ပိုင်ဆိုင်ထားသော ကျွန်တော်တို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ဖန်တီးပေးရဦးမည်။

မရပ်မနားမောင်းနှင်လာသော အမြန်ရေယာဉ်သည် အချိန် ၂ နာရီခန့် မောင်းနှင်လာပြီးနောက် ခရင်းခွကျွန်းသို့ ချဉ်းကပ်လာသည်။ ထိုစဉ် ကျွန်းဘက်မှ အမြန်ရေယာဉ်ငယ်တစ်စင်း ခရီးသည်များတင်ပြီး မောင်းထွက်လာသည်ကို တွေ့ရသည်။ ရေပန်းများ တဖွားဖွားပေါ်အောင် မောင်းနှင်လာသော အမြန်ရေယာဉ်သည် ကျွန်တော်တို့ရေယာဉ်နှင့် ကိုက် ၁၀၀ ခန့်အကွာမှ ဖြတ်မောင်းသွားရာ ခရင်းခွကျွန်းမှ ခရီးသွားဧည့်သည်များအား ကော့သောင်းမြို့သို့ ပြန်ပို့ခြင်းဖြစ်ကြောင်း သိရသည်။



ခရင်းခွကျွန်းသည် ကော့သောင်းမြို့မှ မိုင် ၈၀ ခန့် ဝေးသည်ဖြစ်ရာ ခရီးသွားဧည့်သည်များအား အမြန်ရေယာဉ်ငယ်များဖြင့် နေ့စဉ်ပို့ပေးနေခြင်းဖြစ်သည်။ ပွင့်လင်းရာသီတွင် ခရီးသွားဧည့်သည်များ ခရင်းခွကျွန်းသို့ ပိုမိုလာရောက်ကြကြောင်း သိရသည်။ ကြည်လင်ပြာလဲ့နေသော ရေပြင်တွင် အမှိုက်သရိုက်မရှိအောင် သန့်ရှင်းနေရာ ထူးခြားမှုအဖြစ် သတိပြုမိသဖြင့် မေးကြည့်ရာ ပင်လယ်ပြင် သန့်ရှင်းရန် စက်လှေတိုင်း၊ ရေယာဉ်တိုင်း အမှိုက်ပုံးများကိုယ်စီတင်ဆောင်ကာ ခရီးထွက်ရကြောင်း၊ အမှိုက်များကို ရေယာဉ်ပေါ်ရှိ ပုံးများ၌ စနစ်တကျ စွန့်ပစ်ရကြောင်းသိရသဖြင့် မှန်ကန်သော အစီအမံဖြစ်ကြောင်း စိတ်ထဲထောက်ခံမိသည်။ သို့မဟုတ်ပါက ပင်လယ်ပြင်တွင် အမှိုက်သရိုက်များဖြင့် ညစ်ညမ်းနေတော့မည်ဟု တွေးမိသည်။ ရေယာဉ်တိုင်းအမှိုက်ပုံးထားရှိကာ စည်းကမ်းလိုက်နာကြကြောင်း သိရသည်။

ရေယာဉ်က စက်အရှိန်သတ်လိုက်သဖြင့် ရှေ့တူရှုသို့ ကြည့်လိုက်ရာ သဲဖြူဖြူများဖြင့် လှပသော ကမ်းခြေကို မြင်တွေ့လိုက်ရသည်။ စိမ်းညို့နေသော သစ်ပင်များက ကျွန်းတစ်ခုလုံး ဖုံးလွှမ်းနေသည်။ ရေယာဉ်က ကမ်းခြေအထိ ဆိုက်ကပ်၍မရသဖြင့် ကမ်းခြေမှ ပေ ၁၅၀ ခန့်အကွာ ရပ်ထားသော ရေယာဉ်သို့ သစ်ဖောင်ဖြင့် လာကြိုသည်။ အမြန်ရေယာဉ်ပေါ်မှလူကုန်သည်အထိ သစ်ဖောင်ပေါ်တင်ကာ ကမ်းခြေမှ ကြိုးဖြင့်ဆွဲကာ ကမ်းကပ်ပြီး တက်ရသည်။

သစ်ဖောင်သည် လူ ၂၀ ခန့် လိုက်ပါနိုင်ရန် ပြုလုပ်ထားပြီး လက်ကိုင်တန်းရှိသည့်အတွက် မတ်တတ်ရပ်ရသည်မှာ အဆင်ပြေသည်။

ကျွန်တော်တို့ ခရင်းခွကျွန်း ကမ်းခြေသို့ ခြေချချိန်တွင် မှောင်ရိပ်သမ်းစပြုနေပြီ။ သဲသောင်ပြင်ကျယ်ပြီး ကမ်းခြေအရှည်မှာ ပေ ၂၀၀၀ ကျော်ခန့်ရှိမည်။ ဖြူဖွေးသော သဲမှုန်များက နူးညံ့သဖြင့် လမ်းလျှောက်ရသည်မှာ ခြေဖဝါးတွင် ထူးခြားသော ထိတွေ့မှုအဖြစ်ခံစားရသည်။ ကမ်းခြေအနီးတွင် ဘန်ဂလိုလေးများ တည်ဆောက်ထားသည်ဖြစ်ရာ ပင်လယ်လေ၊ ပင်လယ်အလှကို စိတ်တိုင်းကျမြင်တွေ့ခံစားရသည်ဖြစ်ရာ ထူးခြားလေသည်။

ကျွန်တော်တို့ တည်းခိုရန် သစ်သားဖြင့် တည်ဆောက်ထားသော ဘန်ဂလိုတစ်လုံးဆီသို့ သွားခဲ့ရာ သဲခင်းထားသော လမ်းလေးအတိုင်း လျှောက်လာခဲ့သည်။ ကျွန်းပေါ်တွင် သဘာဝကို အခြေခံထားခြင်းဖြစ်ရာ ကွန်ကရစ်မခင်း၊ ကတ္တရာမခင်းဘဲ လမ်းကို သဲခင်းထားခြင်းဖြစ်သည်။ သစ်ပင်များက စိုက်ပျိုးထားခြင်းမဟုတ်ဘဲ သဘာဝပေါက်ပင်များအတိုင်းတည်ရှိရာ ကျွန်း၏သဘာဝပတ်ဝန်းကျင်အလှကို မထိခိုက်စေဘဲ ဧည့်သည်များကို အပန်းဖြေလှေလာနိုင်ရန် ဝန်ဆောင်မှုပေးထားခြင်းဖြစ်သည်။

ဘန်ဂလိုပေါ်တက်လိုက်သည်နှင့် သစ်သားများဖြင့် ပြုလုပ်ထားသည့် ထိုင်ခုံ၊ ခုတင်နှင့် မှန်တင်ခုံ၊ ခုတင်ပေါ်တွင် တရားထိုင်ခြင်ထောင်ကဲ့သို့သော ခြင်ထောင်တစ်လုံးစီနှင့် ခုတင်နှစ်လုံးတွေ့ရသည်။ ဘိုထိုင်အိမ်သာနှင့် ရေပူရေအေးချိုး၍ရနိုင်သော ရေချိုးခန်းတွဲလျက်ပြုလုပ်ပေးထားသည်။ လျှပ်စစ်မီးကို ကိုယ်ပိုင်အင်ဂျင်စက်ဖြင့် ပေးထားသဖြင့် လျှပ်စစ်အလင်းရောင် ကောင်းမွန်စွာရရှိသည်။

ခေတ္တနား ရေချိုးပြီးနောက် ညစာကို ပင်လယ်ထွက်အစားအစာများဖြင့် စားခဲ့ရသည်။ ငါးမုန့်ကဲ့သို့သော ငါးကင်၊ ပင်လယ်ကဏန်း၊ ပင်လယ်ပုစွန်များက လတ်ဆတ်သည်ဖြစ်ရာ ကင်ထားသဖြင့် အနံ့ရောအရသာပါ ကောင်းမွန်လေသည်။ ညစာစားပြီးနောက် ခရီးသွားဧည့်သည်များကို မီးအကဖြင့် ဖျော်ဖြေကြသည်။ ထိုင်းနိုင်ငံတွင် သွားရောက်သင်ကြားထားသည့် ဝန်ထမ်းနှစ်ဦးက မီးတုတ်များဖြင့် အကွက်ကျကျ မျက်စိပသာဒဖြစ်အောင် ဖျော်ဖြေကြသည်ဖြစ်ရာ အံ့သြစရာ၊ စိတ်ဝင်စားစရာဖြစ်သည်။

ညပိုင်းတွင် ခရင်းခွကျွန်းတစ်ကျွန်းလုံး တိတ်ဆိတ်နေသော်လည်း ကမ်းခြေသို့ ရေလှိုင်းပုတ်သံများက စည်းချက်ကျကျ အတိုင်းသားကြားနေရသည်။ သစ်ပင်များ လေတိုးသံကမ်းခြေသို့ လှိုင်းပုတ်သံနှင့် ခပ်လှမ်းလှမ်းမှ တစ်ခါတစ်ခါ ငှက်အော်သံတို့ကိုကြားရသည်မှာ သီးခြားကမ္ဘာတစ်ခုသို့ ရောက်ရှိနေသည့်အလား ခံစားရသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ သဘာဝအသံများကြားရခြင်းက စိတ်နှလုံးကို အေးချမ်းမှုအပြည့်ပေးလေသည်။ အိမ်တွေ၊ ကားတွေ ၊ လူတွေနှင့် ပြည့်သိပ်မွန်းကျပ်နေသော မြို့ပြကုန်းမြေ အဆက်ပြတ်ကာ သီးခြားတည်ရှိနေသော ခရင်းခွကျွန်းက ငြိမ်းချမ်းအေးချမ်းမှုအတိဖြစ်သည်။

နံနက်စောစောထပြီး ကမ်းခြေတွင် လမ်းလျှောက်ခဲ့သည်။ ဖြူဖွေးနူးညံ့သော သဲသောင်ပြင်၌ လမ်းလျှောက်ရင်း ပင်လယ်လေကို ရှူရှိုက်ရသည်မှာ လတ်ဆတ်သန့်ရှင်းပြီး ကိုယ်စိတ်နှလုံးကို လန်းဆန်းသွားစေသည်က အမှန်ပင်။ ခက်ရင်းခွကျွန်း၏ကမ်းခြေသည် ခက်ရင်းခွပုံသဏ္ဌာန်ရှိပြီး ကျွန်း၏အမြင့်ဆုံးနေရာမှာ မီတာ ၃၀၀ ကျော်ရှိကြောင်း သိရသည်။ ကျွန်းပေါ်တွင် ကမ်းခြေနှင့်ကပ်လျက် လေအေးစက်ပါရှိသော ဘန်ဂလို၂၃ လုံးရှိပြီး တစ်ဦးတည်း တည်းခိုနိုင်သည့် လုံးချင်းဘန်ဂလို ၁၄ လုံး ရှိသလို ခုတင်နှစ်လုံးပါ နှစ်ယောက်တည်းခိုနိုင်သည့်



ဘန်ဂလို ကိုးလုံးရှိသည်။ ပွင့်လင်းရာသီတွင် ခရီးသွားဧည့်သည်များ ပြည့်နေတတ်ကြောင်း သိရသည်။

ကော့သောင်းမှ ခရင်းခွကျွန်းသို့ နေ့ချင်းပြန်လာရောက်ကြသည့် ခရီးသွားများရှိသလို ညအိပ်လာရောက်ကြသည့် ခရီးသွားဧည့်သည်များလည်းရှိသည်။ အထူးသဖြင့် ဥရောပခရီးသွားဧည့်သည်များ လာရောက်ကြကြောင်း သိရသည်။ ခရင်းခွကျွန်းသည် အနီးဝန်းကျင် ကျွန်းများအနက် အရွယ်အစားအကြီးမားဆုံးကျွန်းဖြစ်ပြီး ရေချိုထွက်သဖြင့် ထူးခြားသည်ဖြစ်ရာ သောက်သုံးရေအတွက် စိုးရိမ်စရာမရှိပေ။

ကျွန်တော်တို့ ကမ်းခြေတွင်လမ်းလျှောက်ပြီး ခရင်းခွကျွန်းတောင်ပေါ် တက်ရောက်ခဲ့သည်။ တောင်ပေါ်သို့တက်ရန် တက်လမ်းသဖွယ် ပြုလုပ်ပေးထားသော်လည်း အချို့နေရာများမှာ မတ်စောက်နေသဖြင့် မနက်စောစော ချွေးပြန်အောင် တက်ခဲ့ရသည်။ တောင်ပေါ်မီတာ ၃၀၀ အမြင့်မှ အောက်သို့ငုံ့ကြည့်လိုက်ရာ ခရင်းခွကျွန်းကမ်းခြေကို အတိုင်းသားလှမ်းမြင်ရသည်။ ပင်လယ်ဘက်သို့ကြည့်လိုက်ရာ ရေပြင်ပေါ်သို့ ထိုးထွက်နေသော ကျွန်းအများအပြားကို မြင်တွေ့ရသည်မှာ ပန်းချီကားတစ်ချပ်လိုဖြစ်နေသည်။ နံနက်စောစော ပင်လယ်အငွေ့နှင့် ကျွန်းပေါ်တွင် အခိုးတွေဝေနေသည့်မြင်ကွင်းက လက်ရာမြောက်ပန်းချီကားတစ်ချပ်ကဲ့သို့ပင် ကင်မရာထုတ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သော်လည်း နံနက်စောစောမို့လားမသိ ပုံထွက်မကောင်း။

ကျွန်းတောင်ထိပ်ပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ ခရင်းခွကျွန်းကမ်းခြေတွင် လှေငယ်များထားရှိသည်ဖြစ်ရာ ခရီးသွားများ အပန်းဖြေလှေလှော်၍ရအောင် စီစဉ်ပေးထားသည်။ ခရင်းခွကျွန်းအနီးတွင် ညောင်ဦးဖီးကျွန်းရှိရာ ယင်းကျွန်းတွင်လည်း ကနူးကယက်လှေလှော်ခြင်း၊ ရေကူးခြင်း၊ ရေအောက်အပင်နှင့် သန္တာကျောက်တန်းများကို ရေငုပ်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ အပင်မျိုးစိတ်၊ ငါးမျိုးစိတ်များကို လေ့လာနိုင်သည့်အပြင် ယခုအချိန် ဒီဇင်ဘာလတွင် ဆောင်းခိုငှက်များလည်း ပျံနှံ့ရောက်ရှိလာပြီဖြစ်ရာ ကျွန်းပေါ်သို့ ရောက်ရှိလာသော ဆောင်းခိုငှက်များကိုလည်း လေ့လာနိုင်သည်။

နံနက် ၉ နာရီခန့်တွင် ခရင်းခွကျွန်းမှ စက်တပ်အမြန်ရေယာဉ်ဖြင့် ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ သဘာဝအတိုင်းလှပနေသော ခရင်းခွကျွန်းက နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကို သဘာဝအလှများဖြင့် စိတ်အပန်းဖြေရန် စောင့်ကြိုနေသည်။ တဖြည်းဖြည်းဝေး၍ ကျန်ရစ်ခဲ့သော ခရင်းခွကျွန်းက အိပ်မက်ကဲ့သို့ အကြိမ်ကြိမ်ရောက်လာနေဦးတော့မည်ဟု တွေးနေမိတော့သည်။

**ခရင်းခွကျွန်းကမ်းခြေတွင် လှေငယ်များထားရှိသည်ဖြစ်ရာ ခရီးသွားများ အပန်းဖြေလှေလှော်၍ရအောင် စီစဉ်ပေးထားသည်။ ခရင်းခွကျွန်းအနီးတွင် ညောင်ဦးဖီးကျွန်းရှိရာ ယင်းကျွန်းတွင်လည်း ကနူးကယက်လှေလှော်ခြင်း၊ ရေကူးခြင်း၊ ရေ အောက်အပင်နှင့် သန္တာကျောက်တန်းများကို ရေငုပ်ကြည့်ရှုလေ့လာနိုင်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## မွေးမြူရေးဌာန (ရန်ကုန်)
## စျေးပြိုင်လေလံခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်အောက်ရှိ မွေးမြူရေးဌာန၊ အင်းစိန်ဝင်းအတွင်းရှိ အဆောက်အအုံဟောင်းများအား စျေးပြိုင်လေလံဖြင့် ဒေသတွင်းရောင်းချလိုပါသည်။

၂။ လေလံစည်းကမ်းချက်နှင့်ပုံစံကို ၂၄-၁၂-၂၀၁၆ရက်မှစ၍ ရယူနိုင်ပြီဖြစ်ပြီး ၁၃-၁-၂၀၁၇ရက် ညနေ ၄နာရီ နောက်ဆုံးထား တင်သွင်းရပါမည်။

၃။ စျေးပြိုင်လေလံဖြင့်ရောင်းချမည့် အဆောက်အအုံဟောင်းများအား ဆက်သွယ်ပြီးသွား ရောက်မျက်မြင်ကြည့်ရှုနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန (ရန်ကုန်)ရုံး၊ ဖုန်း-၀၁-၆၄၀၂၄၄၊ ၀၁-၆၄၂၀၉၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီအဖွဲ့**

---

## မန်းစက်တော်ရာ ဘုရားပွဲတော်ကျင်းပမည်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော် ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ၁-၂-၂၀၁၇ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၅ရက်) မှ ၁၇-၄-၂၀၁၇ရက် (၁၃၇၉ခုနှစ် နှစ်ဆန်း ၁ရက်) အထိ (၇၆)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလ လုပ်ငန်းများဖြစ်ကြသည့် နမ္မဒါတည်းခိုဆောင်လုပ်ငန်း၊ သန့်စင်ခန်းတင်ဒါလုပ်ငန်း၊ ရေချမ်းစင်၊ ညောင်ထောက်၊ ကန်တော့ပွဲတင်ဒါလုပ်ငန်း၊ တည်းခိုဆောင်လုပ်ငန်း၊ စျေးဆိုင်ခန်းလုပ်ငန်း စသည်များအတွက် ပါဝင်ဆောင်ရွက်လိုသူများအနေဖြင့် ၁၇-၁၂-၂၀၁၆ ရက်မှစတင်၍ မင်းဘူးမြို့ ရွှေစက်တော်ဘုရားကြီး ဂေါပကရုံးတွင် လာရောက်စုံစမ်းလျှောက် ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့**
**မင်းဘူးမြို့**

---

VERY GOOD
LAPTOP
Core2Duo
85,000Ks
Facebook/ttazy
09-444466681
09-444466682
09-784559309

---

## ပျောက်ဆုံးကြောင်း

ဦးအာမက်ဒါဝတ်ဂျင်ဝါလား ၁၂/ပဘတ(နိုင်)၀၀၁၄၈၇ အမည်ဖြင့် I.S.P 3-12-13 9855 20-7-12, ID No 765177 (21-8-12) မော်တော်ယာဉ် ထုတ်/သွင်းကုန်မူရင်းစာရွက်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဆက်သွယ်ပါရန်။

**ဖုန်း-၀၉-၃၁၈၇၈၉၈၂**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/2792 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/7155 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၁၂-၂၀၁၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂)တွင် အမွေဆိုင်နေအိမ်ခန်း ရောင်း၊ ပေါင်၊ ငှားရမ်း၊ ပေးကမ်းမှု ကန့်ကွက်ကြောင်းကြော်ငြာတွင် ဒေါ်မြရီ (ကွယ်လွန်)ကိုယ်စား ဦးထိန်လင်း၁၂/လမန(နိုင်)၀၂၇၄၀၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန မှထုတ်ပြန်သော ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက် နေ့စွဲပါ ကြေငြာချက်အရ မြန်မာတစ်နိုင်ငံလုံးတွင် အခွန်စည်းကြပ်နှစ် ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ထိ ပထမ နေရာမှ (၅)နှစ်ဆက်တိုက် ဝင်ငွေခွန်ထမ်းဆောင်နိုင်ခဲ့ခြင်းအပြင် ၂၀၁၆ ဒီဇင်ဘာလအတွင်း အင်္ဂလန်နိုင်ငံအခြေစိုက် **World Finance** မှချီးမြှင့်သော **Best Commercial Bank in Myanmar 2016** နှင့် **Best Retail Bank in Myanmar 2016** ဆုများလက်ခံရရှိခဲ့ပါသော **"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌကြီး ဦးအောင်ကိုဝင်း"** အတွက် အထူးဂုဏ်ယူဝမ်းမြောက် မိပါသည်။

**"ကမ္ဘောဇအလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"** မှ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ခြင်းကြောင့်ပျက်ဆီးဆုံးရှုံး ထိခိုက် နစ်နာမှုများအတွက် လူအားငွေအား ဖြင့် ကူညီခဲ့သည်မှာ ၂၀၀၇ ခု နှစ်မှ ယနေ့ထိ နိုင်ငံတော် နှင့် ပြည်သူအတွက် **(၁၁၀.၆၈၂) ဘီလီယံ လှူဒါန်းခဲ့ပြီးဖြစ်လို့** မြန်မာပြည်၏ အားထားစိတ်ချရဆုံးသော ဘဏ်လုပ်ငန်း တခုအဖြစ်ရပ်တည်နေခြင်းအတွက်လည်း **"ကမ္ဘောဇဘဏ် လီမိတက်"** နှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာ၊သာသနာ နှစ်ဖြာအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုး ဆထက်ထမ်းပိုး တိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးမြိုးလှဝေ**
**မန်နေဂျင်းဒါရိုက်တာ**
**Myat Min Co.,Ltd.**
**Resorts, Livestock, Agriculture**
**And Organic Fertilizer Factory**

---

Merry Christmas

ပျော်ရွှင်စရာ **Christmas** အချိန် အခါသမယလေးမှစ၍ နှစ်သစ်မှာ ကျန်းမာရွှင်လန်းပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ မိတ်ဟောင်း၊ မိတ်သစ်များအား **GNC Myanmar** မိသားစုမှ နှုတ်ခွန်းဆက်သလိုက်ပါတယ်။









TNC (BHN) ဗဟန်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ် Ph - 09 457 409 991, TNC (AHL) အလုံ ph - 09 457 409 992, TNC (SGD) ရွှေဂုံတိုင် Ph - 09 457 409 993, TNC (HD) လှည်းတန်းစင်တာ၊ မြေညီထပ်၊ Ph - 09 457 409 996,
TNC (MDY) မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ Ph - 09 457 409 994, TNC (NPT) နေပြည်တော်၊ ပထမထပ်၊ Capital Hypermarket Ph - 09 457 409 995, TNC (MLM) မော်လမြိုင် Ph - 09 457 409 997
www.facebook.com/GNCMyanmar www.gnc-wynnland.com

## အောင်စကြာ ဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော် ထိုင်းနိုင်ငံသို့ သာသနာပြုခရီး ကြွတော်မူမည်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ ပဓာနနာယက မဟာဓမ္မကထိကဗဟုဇနဟိတဓရ အောင်စကြာဒေါက်တာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ထိုင်းနိုင်ငံရှိ တပည့်များမှပင့်လျှောက်ပါသဖြင့် ဒီဇင်ဘာ (၂၉) ရက်တွင် ထိုင်းနိုင်ငံသို့ ကြွတော်မူမည်။ ၂၉၊၃၀၊၃၁နှင့် ၂၀၁၇၊ ခု ဇန္နဝါရီ ၁၊၂-ရက်များတွင် မဟာချိုင်မြို့ ဝပ်ဘာန်ပါဝပ်ပါအနီး ဝပ်ဖန်ထုဝံကျောင်းတိုက် (ဗီမိုင်) ၅-ရက်တရားစခန်းပွဲ၌ ပဋ္ဌိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသတော်မူ၍ ဇန္နဝါရီ ၃ ရက်နေ့ညတွင် မူ စီ စံ ကျောက်ရပ်ကွက် ဝပ်ထစ်ဘုန်းတော်ကြီးကျောင်းဝင်း တရားမဏ္ဍပ်တွင် နိဗ္ဗာန်ရောက်ရေး နည်းလမ်းပေး တရားတော်များကိုဟောကြားတော်မူမည်။ဇန္နဝါရီ ၄ နေ့ ရန်ကုန်မြို့သို့ ပြန်ကြွတော်မူပြီး ပြည်တွင်း တရားပွဲများ ကိုဆက်လက် ဟောကြားတော်မူမည် ဖြစ်သည်။

# စက်မှုအင်ဂျင်နီယာ (Mechanical Engineer) များ၏ တွေ့ဆုံပွဲဖိတ်ကြားလွှာ

စက်မှုတက္ကသိုလ် (RIT,YIT, YTU) စက်မှုအင်ဂျင်နီယာဌာနမှ အငြိမ်းစားဆရာကြီး ဆရာမကြီးများ၊ တာဝန်ယူ ပို့ချသင်ကြားနေဆဲ ဆရာကြီး ဆရာမကြီးများ၊ စက်မှုအင်ဂျင်နီယာကျောင်းသူ ကျောင်းသားဟောင်းများနှင့် YTU တွင် တက်ရောက်သင်ယူနေဆဲ စက်မှုအင်ဂျင်နီယာ ကျောင်းသူကျောင်းသားများ၏ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စက်မှုအင်ဂျင်နီယာများအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**စက်မှုအင်ဂျင်နီယာများတွေ့ဆုံပွဲကျင်းပရေးကော်မတီ**

**(Organizing Committee of All MECHANICAL GATHERING-2016)**
**Myanmar Institution of Mechanical Engineers (MIMechE)**

**ကျင်းပမည့်နေ့ရက်** - ၃၀-၁၂-၂၀၁၆ ရက် (သောကြာနေ့)

**အချိန်** - မွန်းလွဲ ၂း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ

**နေရာ** - DOLPHIN Restaurant ကန်ရိပ်သာလမ်း၊ ကန်တော်ကြီး၊ (မိုးကုတ်ဝိပဿနာရိပ်သာ၏အရှေ့) ဗဟန်း၊ ရန်ကုန်မြို့

**ဆက်သွယ်စုံစမ်းရန်** - ဦးတင်ထွန်းအောင် ဖုန်း-၀၉-၅၀၂၃၃၀၉
ဦးဝင်းထိန်ဦး ဖုန်း-၀၉-၇၈၅၁၇၀၃၉၉
ဦးကျော်လှိုင် ဖုန်း-၀၉-၅၀၆၅၅၄၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၁)၊ ဆိုင်ခန်းအမှတ်(၀၁၁) အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကိုးရွာသပြေကုန်းကျေးရွာ ဦးအောင်မိုး ၉/ပမန(နိုင်)၂၀၀၂၀၉ အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ အမှတ်(၅/၅၅)၊ ဒေါ်သန်းသန်းမြင့် ၉/ပမန (နိုင်) ၂၇၆၁၇၁ သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ် ၁၊ ဆိုင်ခန်းအမှတ် ၀၀၉၊ ၀၁၀ နှစ်ခန်းအား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပေ ၈၀ လမ်းနေ ဒေါ်သိန်းသိန်းထွေး ၉/ပမန(နိုင်)၀၅၅၂၆၃ အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ အမှတ် ၅/၅၅နေ ဒေါ်သန်းသန်းမြင့် ၉/ပမန (နိုင်) ၂၇၆၁၇၁သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးခင်မောင်လေး + ဒေါ်မြဇာကျော် တို့၏ တစ်ဦးတည်းသောသား

**မောင်ဝေဖြိုးမောင်**

Master of Science in Mechanical Engineering (University of California, Los Angeles)

Mechanical Engineer (TK1SC Collaborative) နှင့်

ရန်ကုန်မြို့နေ ဦးဟန်လှ + ဒေါ်ဖြူဖြူခိုင် တို့၏ သမီးကြီး

**မမေသက်ဟန်**

Bachelor of Pharmacy (University of Pharmacy, Yangon)

Director (Htet Myat Han Trading Co.,Ltd) တို့ကို

(၇-၁၂-၂၀၁၆)နေ့တွင် Novotel Yangon Max Hotel (Eureka ခန်းမ) ၌ နှစ်ဘက်သောမိဘဆွေမျိုးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဘက်သောမိဘများနှင့်**
**မောင်ဝေဖြိုးမောင် + မမေသက်ဟန်**

## လူမှုရေးအသင်းဖျက်သိမ်းကြောင်း

မိတ္ထီလာမြို့နယ် ရှမ်းတဲ (စံပြ)ကျေးရွာတွင် ၁-၁၂-၂၀၁၄ရက်က စတင်တည်ထောင်ခဲ့သော ရှမ်းတဲမေတ္တာလူမှုကူညီရေးအသင်းအား ၁၀-၁၂-၂၀၁၆ ရက်တွင် ရှမ်းတဲမေတ္တာလူမှုရေးအသင်းကော်မတီဝင် ၁၆ဦး၏ သဘောတူဆွေးနွေးညှိနှိုင်းချက်အရ တရားဝင်ဖျက်သိမ်းလိုက်ပါသည်။

**ဥက္ကဋ္ဌ**
**ရှမ်းတဲမေတ္တာလူမှုကူညီရေးအသင်း**
**မိတ္ထီလာမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၁၇၄၈၊ ဧရိယာ ၀.၁၁၅ဧကရှိ ဒေါ်ကြည်ကြည်ဝင်းအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးပေးပါရန် နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၂၀/၂၅-၁၁-၂၀၁၆ ဖြင့် မြေကွက်အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်းမှ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံထားရသူ ဒေါ်စိုးစိုးယု ၉/မရမ (နိုင်) ၀၁၄၄၂၀ (ဘ) ဦးမောင်ကိုမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီအထောက်အထား၊ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စက်မှုလက်မှုအထက်တန်းကျောင်း အမှတ် (၂)၊ ရန်ကုန်(ဘောင်ဒရီ) ၂၀၁၇ခုနှစ် (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ် (၂)တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာကြီး ဆရာမကြီးများအား ဂါရဝပြု ပူဇော်ကန်တော့နိုင်ရန်နှင့် ကွဲကွာနေသော ဆရာတပည့်များ၊ သူငယ်ချင်းများခင်မင်ရင်းနှီးစွာ ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ရိုသေစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျောင်းသားများ သီးခြားဖိတ်စာမပို့ပါ။

**ကန်တော့ပွဲအခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့)

**အချိန်** - နံနက် ၈း၀၀ မှ ၁၁း၀၀ နာရီ
နံနက် ၈း၃၀နာရီတိတိတွင် ကန်တော့ပွဲအခမ်းအနားစတင်ပါမည်။

**နေရာ** - IBC (International Business Center)
အမှတ်(၈၈)၊ ပြည်လမ်း၊ (6½) မိုင်၊ အင်းလျားကန်ဘေး၊ လှိုင်မြို့နယ်၊ ရန်ကုန်

**ဆက်သွယ်ရန်ဖုန်း။** ။ ကိုခင်ဆွေ (R-73) 09-262748590၊ ကိုဇော်ဇော်ထွန်း(BC -94) 09-254043326 (နီးစပ်ရာ သူငယ်ချင်းများကို အကြောင်းကြားဖိတ်ပေးစေလိုပါသည်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ် ၇၊ ဆိုင်ခန်းအမှတ် ၀၇၄ အား ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ်(၄၀)နေ ဦးစိုးနိုင် ၁၂/မရက(နိုင်)၀၁၁၃၇၂ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ စည်ပင်ဝန်ထမ်းအိမ်ရာ တိုက် A-5၊ အခန်း 01 နေ ဒေါ်ခင်မာချို ၁၂/လကန(နိုင်)၀၀၄၁၉၈သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်း ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**






## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ လူနေရပ်ကွက် ရွှေနံ့သာရပ်ကွက်၊ မြေကွက်အမှတ်(ဥ-၁၁၇၃)၊ ဦးသိန်းမင်းဇော် (ဘ)ဦးသိန်းထွန်း ၉/ပမန(နိုင်)၂၅၀၆၈၁ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နှင်းနှင်းအေး (ဘ) ဦးအောင်သန်း ၆/ထဝန(နိုင်)၀၀၁၇၅၄ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၆၃ᵉ)၊ ဧရိယာ ၀ ဒသမ ၁၃၆ ဧကရှိ ဒေါ်ခင်ဝင်း (ညီမ)၊ ဒေါ်ညိုညို(ခ)ခင်ညိုညို အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ဝင်း၊ ဒေါ်ညိုညို(ခ)ခင်ညိုညို၊ ၉/ပမန(နိုင်)၀၀၇၃၈၈၊ ၉/ပမန(နိုင်)၀၀၇၃၈၇၊ (ဘ)ဦးလှဝေမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်မူရင်း၊ မှန်ကန်ကြောင်းသက်သေခံမြေပုံ၊ မြေရာဇဝင်မူရင်း၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# Fashion Euphoria ဆိုင်သစ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်နှင့် နှစ်သစ်ကူးအကြိုအထူးဈေးရောင်းပွဲ (၂၄-၁၂-၁၆ မှ ၂၆-၁၂-၁၆) အထိ

Fashion Euphoria အား ချစ်ခင်နှစ်သက်စွာဖြင့် အစဉ်တစိုက်အားပေးခဲ့ကြသော မိတ်ဆွေဟောင်းမိတ်ဆွေသစ်များအားလုံး နှစ်သစ်ကူးအခါသမယတွင် ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Fashion Euphoria ၏ အသစ်ဖွင့်လှစ်ထားသော ဆိုင်နေရာသစ်တွင် အသစ်ထပ်မံရောက်ရှိလာသော ပြင်သစ်ဇာ၊ ဘရိုကိတ်၊ ပိုးပျော့နှင့် အခြားသောအရည်အသွေးမြင့် ကုန်ပစ္စည်းအသစ်မျိုးစုံတို့ကို လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် နှစ်သစ်ကူးအကြိုဈေးရောင်းပွဲအဖြစ် (၂၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း)အထိလျှော့၍ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

နေရာ - No.631, စာဂလမ်းထိပ်၊ ဝေဇယန္တာလမ်းမကြီးပေါ်-တောင်ဥက္ကလာ

အချိန် - နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ

ဆက်သွယ်ရန် ဖုန်း-၀၉-၉၆၅၁၀၅၄၇၁၊ ၀၉-၅၁၀၅၄၇၁






Yadanar Hninsi
Residence




စင်္ကာပူနိုင်ငံ၏ Surbana Jurong မှ ဒီဇိုင်းရေးဆွဲပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းတွင် တည်ဆောက်ထားသော ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ၌ ဈေးနှုန်းသင့်တင့်မျှတ၍ စိတ်အေးချမ်းစွာနေထိုင်နိုင်ပြီး အပန်းဖြေအနားယူရန်နေရာများနှင့် ကျယ်ဝန်းသော ကားပါကင်နေရာများပါရှိသော ကွန်ဒိုတိုက်ခန်းများအား ကနဦးပေးချေငွေ ၃၀% ကို တစ်နှစ်အရစ်ကျပေးသွင်းပြီး ကျန်ငွေကို တစ်လလျှင် ကျပ်(၅-သိန်း)ဝန်းကျင်မှစ၍ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHD Bank )၏ Housing Loan System ဖြင့် (၈-နှစ် ၁၅-နှစ်အထိ) ကြိုက်နှစ်သက်ရာ အရစ်ကျပေးချေမှုစနစ်ဖြင့် စတင်ရွေးချယ်ဝယ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ အရောင်းပြခန်း**

နေရာ။ ။မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးပြခန်း၊ ရတနာလမ်း Parcel-G ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း။ ။၀၁ - ၈၁၀၀၇၁၅၊ ၀၉ - ၄၄၄၈၁၅၁၇၀ ၊ ၀၉ - ၄၄၄၈၁၅၁၇၁

**ရုံးချုပ် အရောင်းပြခန်း**

နေရာ။ ။အမှတ် (၂၂၈/၂၃၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဗိုလ်အောင်ကျော်လမ်းထိပ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း။ ။၀၁ - ၅၉၀၀၈၈၊ ၀၉ - ၄၅၂၃၀၀၅၅၃

Email - duhdit@gmail.com Website - www.construction.gov.mm


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၈၇၇၅၅ Yamaha DT-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကိုကို ၉/မတရ(နိုင်)၁၅၁၀၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/5086 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)

**Electrical Fire Safety: There's no second chance.**

APQ Asia Power Quality Electric Co., Ltd.

ABB Authorized Distributor

# Is Your home safe from electric shock?

## Check Your Home !

$1.3 billion in property loss each year

51,000 home electrical fires each year

To prevent it, use ABB MCCB, MCB Sticked with Halogram that there is a guarantee for your property against electric shock.

အရည်အသွေးပြည့်မှီပြီး Warranty ပါဝင်သော APQ Halogram ပါ ABB ပစ္စည်းအစစ်အမှန်များကို ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးနိုင်ပါသည်။ Halogram မပါရှိသောပစ္စည်းများအတွက် Warranty မရရှိနိုင်ပါ။





Made in Germany

Made in Italy

No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com, www.apq-electric.com

---

ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို . . .

## ချောင်းသာယာ အပျော်စီးသင်္ဘော

အထူးအစီအစဉ် – (ကြို/ပို့) ပါပြီး၊ တစ်ဦးလျှင် (5,000) ကျပ်

ခနေ (2:00)နာရီ ကြို၊ (3:30)နာရီကမ်းခြေ ပြန်ရောက် / တနင်္ဂနွေ (9:30)နာရီ ကြို (11:00)နာရီကမ်းခြေ ပြန်ရောက်

လက်မှတ်များကို ဥတိုတံတား (ရုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။

စုံတွဲများ၊ မိသားစုများနှင့် Group များအတွက် "Promotion Rate" ဖြင့် "မော်တော်အရှယ်စားစုံ" ငှားရမ်းနိုင်ပါသည်။ Tours Company များလည်းဆက်သွယ်နိုင်ပါသည်။ ရန်ကုန်ဖုန်း – 09 49709415

ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်) ချောင်းသာကမ်းခြေ။ ဆက်သွယ်ရန် – 09 452 955 661 မှ (5) အထိ။

---

## ပိုင်ရှင်ကိုယ်တိုင်ရောင်းရန်ရှိ

* ဘိုးဘွားပိုင်၊ မြံခတ်ပြီး၊ ရေမီးစုံရှိ (40'x60') =130 သိန်း၊ (25'x60') =95 သိန်း၊ (30'x60') =55 သိန်း၊

လှည်းကူးမြို့ ကျွန်းကလေး၊ ပဲခူး–ရန်ကုန်လမ်းမကြီးအနီး။

Ph:09-73006665,09-795518355,09-30281874

---

## ဒိုးလေး

အိမ်ပြောင်း/အိမ်ရွှေ့

မြို့တွင်း/နယ်ဝေး

09 425308777,09 960154777

---

FAME **Nature-A®** Carotenoid complex

သဘာဝ ဆေး

TMR 009439 (1014)

၂/၂၀၁၅ တဆထလ/တိုး(ဝ၆၅၇)

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

---

FAME **Phototec®** Natural antioxidant for eye

မျက်စိဆေး

TMR 008234 (1115)

၂/၂၀၁၅ တဆထလ/တိုး(ဝ၆၅၇)

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

---

ကွန်ကရစ် အုတ်ရိုက်စက်

ခေတ်မီမြေအုတ်ရိုက်စက် ရပြီ

09 4200 35882

09 4200 35884

(၆၀၄)အင်းလေး(၁)လမ်း၊ရပ်ကွက်(၂)တောင်ဒဂုံ။

---

## တက်နေဝန်း

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10'/14')Box ကားများဖြင့်

လုပ်သားအပြီးအစီး

ဝန်ဆောင်မှုပေးသည်။

09-442076599

09-400448695

09-33100721

---

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ–၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ

✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်–၂၀၁၁) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်–၂၀၁၃) နှင့် Certificate ရ

✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန်–၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(စနယ်ဇင်း) ၀၁၇/၀၃၁၄

## ဖျံ-၅-ကောင် အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၉၊ ၃၉၂၉၄၄

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ စားသောက်ဆိုင်ခန်းအမှတ် စ-၉(က၊ ခ) မောခမ်းနွံ စားသောက်ဆိုင်အား နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အိမ်အမှတ် ၂၇၃နေ ဦးအိုက်ပန် ၁၃/တကန(နိုင်)၀၄၆၁၅၃ အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးအိုက်ပန်ကွယ်လွန်သွားပါသဖြင့် နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ အိမ်အမှတ် ၂၇၃နေ ဇနီးဖြစ်သူ ဒေါ်ခမ်းငွေ၁၃/တကန(နိုင်)၀၄၆၁၅၄သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

၁၉၃၃ ခုနှစ် တည်ထောင်သည်

## ရွှေမုန်းတောင် အမှတ်တံဆိပ်



တိုင်းရင်းဆေးပါမှတ်ပုံတင်အမှတ် TMR-007525(0614)

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(စနယ်ဇင်း)၀၁/၀၂၁၃

## အကြောပြေ မျက်စိကြည်ဆေး

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

---

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၇ယ/၈၉၃၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သိန်း ၉/တသန(နိုင်)၀၉၈၇၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

---

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၁ယ/၆၃၃၈၃ Dayang 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းနဒီ ၉/ညဥန(နိုင်)၂၀၄၄၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## အထူးကျေးဇူးတင်ရှိခြင်း
# Pee Pee Vera (ခ) နော်ခင်ထွေး
### အသက်(၉၀)

၂၁-၁၂-၂၀၁၆ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားသော မိခင်ကြီး၏ ဈာပနဝတ်ပြုခြင်းအစီအစဉ်တွင် ဦးဆောင်ပေးခဲ့သော ပုသိမ်ကိုးဆူမှ မိခင်ကရင်နှစ်ခြင်းအသင်းတော်၊ ပုသိမ်ကိုသာဖြူနှစ်ခြင်းအသင်းတော်နှင့် အသင်းတော်အသီးသီးမှ ဆရာတော်ကြီးများ၊ ဆရာ/ဆရာမများ၊ အသင်းသူ/အသင်းသားများ လူကိုယ်တိုင်နှင့်အီးမေးလ်၊ တယ်လီဖုန်းတို့ဖြင့် နှစ်သိမ့်အားပေးခဲ့သော သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်တကွ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဘက်ဘက်မှလိုလေသေးမရှိကူညီပေးသော ရန်ကုန်နှင့် ပုသိမ်သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းမှ ဝန်ထမ်းမိသားစုများ၊ လုပ်ငန်းရှင်များ၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာ့စာတိုက်နှင့် MGL Co.,Ltd မှ Executive Director နှင့် ဝန်ထမ်းမိသားစုများ၊ Kings International School မှ Managing Director, Executive Director နှင့် လုပ်ဖော်ကိုင်ဖက်များ၊ ပန်းခြင်းများပို့ပေးသော အဖွဲ့အစည်းအသီးသီးနှင့် ရန်ကုန်တက္ကသိုလ်၊ သတ္တဗေဒ ကျောင်းသား/ကျောင်းသူဟောင်းများ၊ လူမှုရေးကူညီထောက်ပံ့မှုအသင်း၊ ပန်းအလှဆင်ပေးသူများ၊ ဧည့်ခံကျွေးမွေးရေးအတွက် မီးဖိုချောင်တွင် နေ့ညမပြတ်ချက်ပြုတ်ကျွေးမွေးပြုစုကြသော ဆွေမျိုးသားချင်းမိတ်ဆွေများ၊ ရပ်နီးရပ်ဝေးမှ အချိန်ပေးပြီး မိခင်ကြီး၏ နောက်ဆုံးဈာပနဝတ်ပြုအစီအစဉ်ကို လာရောက်ပါဝင်ကြသူများ၊ နည်းအမျိုးမျိုးနှင့် မေတ္တာပြကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံး၊ ပုသိမ်မြို့ရှိ Saw David နှင့် CSY အဖွဲ့တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

# ဆရာတော် ဘဒ္ဒန္တဓမ္မတိက္ခ
## သက်တော်(၁၀၈)နှစ်၊ သိက္ခာတော်(၈၈)ဝါ
## (ကျိုက္ခမီမြို့ ဝိဇယာရာမကျောင်းတိုက်ဆရာတော်)၏
## အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင်

ထားဝယ်မြို့၊ ဝဲကျွန်းဆင်ဆိပ်ရပ်နေ (ခမည်းတော် ဦးဒွေး-မယ်တော်ဒေါ်ကျီးရင်) တို့၏သားတော် ဦးဝါယမ(ဝိဇယာရာမကျောင်း-တိုက်အုပ်ဆရာတော်၊ ကျိုက္ခမီမြို့) နှင့် ဦးတေဇောသာရတို့၏အဘိုးတော်၊ ကျိုက္ခမီမြို့ ဝိဇယာရာမကျောင်းတိုက်ဆရာတော် (ဘဒ္ဒန္တဓမ္မတိက္ခ)သည် ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ ၁၄-၁၁-၂၀၁၆ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်ကို (၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) ၂၃-၁-၂၀၁၇ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်အတွင်း ကျင်းပ မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားပါသည်။

**တိုက်အုပ်ဆရာတော် ဦးဝါယမနှင့် ဈာပနကျင်းပရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### Pee Pee Vera (ခ) ဒေါ်ခင်ထွေး
### အသက်(၉၀)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ နေပြည်တော်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘ၏မိခင် Pee Pee Vera (ခ)ဒေါ်ခင်ထွေးသည် ၂၁-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### Pee Pee Vera (ခ) ဒေါ်ခင်ထွေး
### အသက်(၉၀)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ နေပြည်တော်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘ၏မိခင် Pee Pee Vera (ခ) ဒေါ်ခင်ထွေးသည် ၂၁-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်ထွန်းနှင့် ဇနီး ဒေါ်ချိုချို**
**နေပြည်တော်ကောင်စီဝင်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### Pee Pee Vera (ခ) နော်ခင်ထွေး
### အသက်(၉၀)

ဦးစောဂျွန်ရွှေဘ (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်နော်ဂျူးနီခိုင်တို့၏မိခင် Pee Pee Vera (ခ)နော်ခင်ထွေးသည် ၂၁-၁၂-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်ရုံတာဝန်ခံ(အင်ဂျင်နီယာ)များနှင့်ဝန်ထမ်းများ**
**အင်ဂျင်နီယာဌာန**
**မြန်မာ့သစ်လုပ်ငန်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ခင်လေးတင့် (၈၆)နှစ်

သူငယ်ချင်း ဦးဝင်းမင်းထွန်း-ဒေါ်ခိုင်ခိုင်ချိုတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်လေးတင့် (၈၆)နှစ်သည် ၂၁-၁၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) တွင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်အထူးကုဆေးရုံကြီး(SSC)၌ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**OTS(77)မှကျောင်းဆင်းဖက်သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

## ဒေါ်ကြည်ကြည်မြင့်
### အထပြ(ငြိမ်း)
### အသက်(၈၀)

ရန်ကုန်မြို့၊ 15/A ၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ လှိုင်မြို့နယ်နေ (ဒေါက်တာဦးခင်ဝင်း)၏ချစ်လှစွာသောဇနီး၊ သား ဒေါက်တာထွန်းမြင့်ဝင်း၊ (ဦးကျော်မြင့်ဝင်း)၊ ဦးမြတ်ထွန်း-ဒေါ်ချောစုဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မဝသုန်၊ မနဒီ၊ မမေသော်တာထွန်း(Grade-6, အထက-၂၊ ကမာရွတ်)၊ မနှင်းဝတ်ရည်ထွန်း(Grade-2 , အထက-၂၊ ကမာရွတ်)တို့၏ဘွားသည် ၂၄-၁၂-၂၀၁၆ရက် နံနက် ၅း၄၅နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မသက်စုမွန်
### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၃)၊ ကျောက်စိမ်းနှင်းဆီလမ်း၊ အမှတ် ၆၈/ဘီ (၂)နေ ဦးခိုင်အောင် [အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန]-ဒေါ်အေးသန်းတို့၏ သမီး၊ ကိုဝဏ္ဏဇော်-မဖြူဖြူဇင်တို့၏ညီမ၊ ဒေါက်တာနိုင်ဝင်းလတ်-မဟေသီဝင့်တို့၏အစ်မသည် ၂၄-၁၂-၂၀၁၆ရက် နံနက် ၁၀း၄၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်မောင်သောင်း
### အသက်(၉၀)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ဒေါက်တာတင့်လွင်သောင်း Executive Director (RECOFTC)/Country Director (The Nature Conservancy) ၏ဖခင် ဦးမောင်မောင်သောင်းသည် ၂၂-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၃ ခုနှစ် အင်းလေးခေါင်တိုင်သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်မောင်သောင်း
### အသက်(၉၀)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ဒေါက်တာတင့်လွင်သောင်း Executive Director (RECOFTC) / Country Director (The Nature Conservancy) ၏ဖခင် ဦးမောင်မောင်သောင်းသည် ၂၂-၁၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၅ ခုနှစ် သစ်တော(သိပ္ပံ)သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### Pee Pee Vera (ခ) ဒေါ်ခင်ထွေး
### အသက်(၉၀)

ပုသိမ်မြို့၊ အမှတ် ၉၅၊ ဆရာစံ ၁၁လမ်း၊ ယိုးဒယားကုန်းနေ ဦးစောဂျွန်ရွှေဘ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း၏မိခင်ဖြစ်သူ ဒေါ်ခင်ထွေးသည် ၂၁-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာဦးအောင်ထွဋ်နှင့် ဇနီး ဒေါက်တာဒေါ်သက်သက်ဇင်**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းထွန်း (မြစ်ကြီးနား)
### အသက်(၈၄)နှစ်

မွန်ပြည်နယ် ဥပဒေချုပ်ရုံး၊ ဒုတိယပြည်နယ် ဥပဒေအရာရှိ ဒေါ်ခိုင်ခိုင်စိုး၏ဖခင်ဖြစ်သူ ဦးသိန်းထွန်းသည် ၂၃-၁၂-၂၀၁၆ရက် နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်ဥပဒေအရာရှိနှင့်**
**ဒုတိယပြည်နယ်ဥပဒေအရာရှိများ၊**
**ခရိုင်နှင့် မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊**
**ရုံးဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမင်းဇော် (ဒါရိုက်တာ၊ အဖွဲ့ဝင်)
### ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
### အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ပုဂံလမ်း၊ ၂၁ ရပ်ကွက်၊ အမှတ် (၅)နေ (ဦးအောင်ရေး-ဒေါ်စန်းညွန့်)တို့၏သား၊ ဦးထွန်းဦး-ဒေါ်လှမြိုင်တို့၏သားသမက်၊ ဒေါက်တာကျော်သူရလင်း-မမြတ်သီတာထွန်းတို့၏ဖခင်၊ ဒေါ်မြင့်မြင့်ခိုင်၏ခင်ပွန်းဖြစ်သူ ဦးမင်းဇော် ဒါရိုက်တာ၊ အဖွဲ့ဝင်၊ ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်သည် ၂၃-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့ဝင်နှင့်ကုမ္ပဏီဝန်ထမ်းများ**
**ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမင်းဇော်
### ဥက္ကဋ္ဌ၊ မထသ (ရန်ကုန်တိုင်းဒေသကြီး)
### အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ပုဂံလမ်း၊ (၂၁)ရပ်ကွက်၊ အမှတ် (၅)နေ (ဦးအောင်ရေး-ဒေါ်စန်းညွန့်)တို့၏သား၊ ဦးထွန်းဦး-ဒေါ်လှမြိုင်တို့၏သားသမက်၊ ဒေါက်တာကျော်သူရလင်း-မမြတ်သီတာထွန်းတို့၏ဖခင်၊ ဒေါ်မြင့်မြင့်ခိုင်၏ ခင်ပွန်းဖြစ်သူ ဦးမင်းဇော် ဥက္ကဋ္ဌ၊ မထသ(ရန်ကုန်တိုင်းဒေသကြီး) သည် ၂၃-၁၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၀၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကော်မတီဝင်များနှင့်ဝန်ထမ်းများ**
**မထသ(ရန်ကုန်တိုင်းဒေသကြီး)**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်
### (ပုဇွန်တောင် မိုးကုတ်ယောဂီ)
### အသက်(၉၀)

(ဦးဘကြိုင် - ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးကိုကိုကြီး - ဒေါ်နု)တို့၏ သမီးချွေးမ၊(ဦးခင်မောင်)၏ဇနီး၊အမှတ် ၄၉၊သတိပဋ္ဌာန်လမ်း၊တာမွေနေ ဦးညွန့်ရွှေ-ဒေါ်မြမြအေး(ခေတ်ကြိုက်ပါတိတ်ဆိုင်၊ မင်္ဂလာဈေး)၊ သုဝဏ္ဏ၊ ဗိုလ်တေဇ ၃လမ်း၊ အမှတ် ၇နေ ဒုရဲမှူးဝင်းလွင် (ငြိမ်း)-ဒေါ်ခင်အုန်းမြင့်၊ တာမွေမြို့နယ်၊ အောင်ဘာလေလမ်း၊အမှတ် ၇နေ (ဦးတင်နိုင်)-ဒေါ်ခင်ခင်သန်း (မင်္ဂလာဈေး)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၁၂-၂၀၁၆ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ဗိုလ်တေဇ ၃လမ်း၊ အမှတ် (၇/A)ပထမထပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမဒေါ်ခတီဂျာဘီ(ခ)
## ဒေါ်သန်းရွှေ
### အသက်(၇၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်နေ(ဦးမောင်စိန်-ဒေါ်မေကြိုင်) တို့၏သမီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် ၂၆၈၊ ခြောက်လွှာနေ (ဟာဂျီ ဦးတင်ရွှေ)၏ ချစ်လှစွာသောဇနီး၊ (ဦးဝင်းတင်)-ဒေါ်နှင်းရီတို့၏ညီမ၊ ဦးဖေသန်း-ဒေါ်သိန်းမေ၊ ဦးကိုကိုကြီး(နာယက၊ အစ္စလာမ်ကောင်စီဌာနချုပ်) - ဒေါ်တင်တင်ရီ၊ (ဒေါ်လှလှကြည်)တို့၏ အစ်မသည် ၂၃-၁၂-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၄၅နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးကဘာရ်စတန်၌ဒါဖနာ ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မေနှင်းမှန်
### မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်
### အသက်(၅၉)နှစ်

လှိုင်မြို့နယ်၊ ဦးချိုလမ်း၊အမှတ် ၁၃၀ နေ (ဦးသာမှန်-ဒေါ်နှင်းယုံ)တို့၏မြေး၊ (ဦးမောင်မောင်မှန်)-ဒေါ်ရှုတို့၏ သမီး၊ (ဦးငွေလှိုင် - ဒေါ်သိန်းနွဲ့)တို့၏ သမီးချွေးမ၊ လှိုင်တက္ကသိုလ် ဝန်ထမ်းအိမ်ရာ၊ တိုက် ၂၊အခန်း ၂၂၁နေ ဦးကျော်သောင်း (စက်မှု-၁၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်အေးမီမီကျော် (ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း) - ဦးအေးမင်းမျိုးတို့၏မိခင်၊ မောင်ကောင်းသုတ၏အဘွား၊ ဒေါ်သီတာမှန် (ကျောင်းအုပ်၊ မ/၇၊ လှိုင်)၊ ဒေါ်နီလာမှန်(မ/၇၊ လှိုင်) - ဦးညီညီသိမ်း၊ (ဦးဝဏ္ဏထွန်းမှန်)၊ ဒေါ်စန္ဒာမှန် (ထ/၂၊ လှိုင်)၊ ဦးဂျွန်သိုက်ထွန်းမှန်-ဒေါ်နန့်သက်ခိုင်ဦးတို့၏အစ်မ၊ တူ၊တူမ ခြောက်ယောက်တို့၏ အဒေါ်သည် ၂၃-၁၂-၂၀၁၆ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဦးချိုလမ်း ဘုရားကျောင်းနှင့် အခန်း ၂၂၁၊ တိုက် ၂၊ လှိုင်တက္ကသိုလ် ဝန်ထမ်းအိမ်ရာတို့မှ ကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးစိန်ရှင်
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၂၀၂နေ (ဒေါ်ကျင်ဆိုင်)၏ခင်ပွန်း၊ ဒေါ်နီနီစိန်၊ ဦးခင်မောင်လတ်-ဒေါ်နီလာခင်၊ ဦးခင်မောင်အေး၊ ဦးခင်မောင်ဝင်း-ဒေါ်တင်အေးလှိုင်၊ ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်သီ အသက်(၉၄)နှစ်
### BA (Law), LL.B, LL.M
### ကထိက(ငြိမ်း)၊ ဥပဒေဌာန၊ သီရိဆောင် အဆောင်မှူး(ငြိမ်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၆၁၊ အခန်း ၁၅နေ (ဦးလှဒင်-ဒေါ်ဒေါ်ဝိ)တို့၏သမီး၊ (ဦးသန်း-ဒေါ်ခင်ခင်ကြည်)၊ (ဦးသိန်းမောင်-ဒေါ်ခင်ခင်စီ)တို့၏ညီမ၊ (ဦးကျော်သိန်းမောင်)-ဒေါ်စီစီဝေ၊ (ဦးထိန်ဝင်းအောင်)-ဒေါ်ခင်စိုးဝင်း၊ ဦးထိန်လင်းအောင်-ဒေါ်ရင်ရင်၊ ဒေါက်တာနှင်းဆီအောင်၊ ဦးတင်မောင်အေး-ဒေါ်သီတာအောင်၊ ဦးရဲမြင့်၊ ဦးဟန်တင်-ဒေါ်နုနုအောင်၊ ဦးတင့်လွင်-ဒေါ်ခင်အုန်းသန်း၊ ဦးညီညီ-ဒေါ်လဲ့လဲ့ခိုင်တို့၏ အဒေါ်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၃-၁၂-၂၀၁၆ ရက်(သောကြာနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၆ ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်မြင့် အသက်(၈၀)
### အထပြ(ငြိမ်း)

မိုးကုတ်မြို့နေ (ဦးဝ-ဒေါ်စောမယ်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးချောင်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ 15/A ၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ လှိုင်မြို့နယ်နေ (ဒေါက်တာဦးခင်ဝင်း)၏ချစ်လှစွာသောဇနီး၊ (ဦးနီ-ဒေါ်စိန်ရင်)၊ (ဦးထွန်းဝ-ဒေါ်အုံး)၊ ဦးထွန်းတင်-(ဒေါ်မြင့်မြင့်)၊ (ဦးစိုင်းဆိုင်ဆင်ဟာ)-ဒေါ်လှလှ၊ (ဗိုလ်မှူးကြီးထွန်းစိန်)-ဒေါ်ဖြူဖြူတို့၏ညီမ၊ (ဦးစံငွေး-ဒေါ်ခင်သိန်း)၊ ဦးကိုလေး-ဒေါ်ခင်စန်းရီ၊ ဦးစိန်မြင့်-(ဒေါ်ထွေးထွေး)၊ ဦးဖုန်းမြင့်သောင်း-(ဒေါ်ခင်ဝင်းရီ)တို့၏အစ်မ၊ (ဦးချစ်ဆွေ)-ဒေါ်ဝင်းဝင်း၊ ဦးအေးလွင်-ဒေါ်စန်းမြင့်၊ ဦးစိုးဝင်း-ဒေါ်ယဉ်ယဉ်တို့၏အစ်မသည် ၂၄-၁၂-၂၀၁၆ရက် နံနက် ၅း၄၅ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးမောင်နီ
### အသက်(၇၅)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့၊ မင်းတန်းရပ်၊ ဆုံဆည်းရာစတိုး(၁)၊ အမှတ် ၂၀၂နေ ဒေါ်တင်မြ၏ချစ်လှစွာသောခင်ပွန်း၊ (ကိုတင်ဇော်သန့်)၊ ဒေါက်တာတင်ဇော်မိုး-မလေးလေးနွယ်၊ မမြသန္တာ၊ ကိုဇော်မင်းစိုး-မညိုသဲလတ် (ဆုံဆည်းရာစတိုး၊ မော်လမြိုင်)၊ (ကိုသန့်ဇော်ဦး)-မခိုင်ဝါထွေး(ဆုဆည်းရာ-၂၊ စတိုး)တို့၏ဖခင်၊ မခင်မြတ်နိုးဦး၊ မောင်ခိုင်ခန့်၊ မသင်းစုဖြိုး၊ မောင်ရှိုင်းပြည့်အောင်၊ မောင်အာကာဖြိုးဦး၊ မောင်ညီခန့်ဇော်တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၆ရက် နံနက် ၁း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် မုဒုံကန်ကြီးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးစိုးမြင့် (ရမည်းသင်း)
### အလယ်တန်းပြ(ငြိမ်း)
### မြို့မအထက်တန်းကျောင်း
### အသက်(၈၀)

ရမည်းသင်းမြို့နေ (ဦးကိုလေး-ဒေါ်ကြင်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အောင်ရတနာအိမ်ရာ၊ အမှတ် ၇နေ ဒေါ်ကြည်၏ခင်ပွန်း၊ ဒေါ်တင်အေး၊(ဒေါ်ခင်ခင်လေး)၊ဒေါ်ရီရီလေး၊ ဒေါ်မြင့်မြင့်လေးတို့၏အစ်ကို၊ ဒေါ်မြတ်မြတ်စိုး-ဦးခင်မောင်ဇင်၊ ဒေါ်စိုးစိုးနွယ် (နွယ်ရတီ၊ ဗိုလ်ချုပ်ဈေး)၊ ဒေါက်တာစိုးသန့်(အရိုးအထူးကု၊YGH)-ဒေါက်တာနှင်းနှင်းအေး၊ ကိုကျော်ခိုင်စိုး၊ မသင်းသင်းစိုး (ကျန်းမာရေး၊ ကျောက်တန်း)၊ မအေးအေးစိုး-ကိုရန်နိုင်ဦးတို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁၂-၂၀၁၆ ရက် နံနက် ၄နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ နံနက် ၁၁း၃၀နာရီတွင် ရေဝေးကဗ္ဗာစတန်ဥယျာဉ်တော်၌ ဒါဖနာ ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်ကြည်
### (ဖျာပုံ၊ သမိတ်ထော)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ ကျွန်းရွှေမြိုင်လမ်း၊ (၂၃) ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးသက်ရှည်-ဒေါ်တင်)တို့၏သမီး၊ ဦးသောင်း၏ဇနီး၊ ဦးခင်မောင်ဦး၊ (ဦးငွေလွင်ဦး)၊ ဒေါ်သက်ဦးမာ-ဦးထွန်းအောင်၊ [ဦးတင်ထွဋ်ဦး(ခ)မောင်တင်အောင်]တို့၏ချစ်လှစွာသောမိခင်၊ မနှင်းအိဖြူ၊ မောင်မင်းနိုင်ထွန်းတို့၏အဘွား၊ မခင်စစ်ဇာနည်အောင်၊ မမေမြင့်မြတ်သွေး(ခ)ဖွေးဖွေး၊ လင်းလက်လမင်း (ခ) မင်းမင်းတို့၏ ဘွားဘွားကြီးသည် ၂၂-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပ

စာ » ၄


ယနေ့ မာတိကာ

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ စာ » ၄

ပြည်တွင်း ပြည်ပမီဒီယာများ သတင်းရယူစဉ် ဒေသခံနှင့်တာဝန်ရှိသူတို့ ပြောကြားခဲ့သည့်စကားသံများ စာ » ၈

ပွဲတော်ကာလတွင် ဘုရားကျောင်းများကို အိုင်အက်စ်တို့ ပစ်မှတ်ထားတိုက်ခိုက်နိုင် စာ » ၁၀

မြေကျင်းတူးရာမှ ဒုတိယကမ္ဘာစစ် လက်ကျန် ဗုံးဟောင်းကြီးတစ်လုံး တွေ့ရှိ စာ » ၁၃




## တာချီလိတ်၌ အာခါ ခါးထောင်းဖားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**မြင့်မိုရ်(တာချီလိတ်)**

**တာချီလိတ် ဒီဇင်ဘာ ၂၄**

တာချီလိတ်မြို့နယ် အာခါတိုင်းရင်းသားရိုးရာ ထိန်းသိမ်းရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အာခါတိုင်းရင်းသားများစုပေါင်း၍ နဝမအကြိမ်မြောက် အာခါ ခါးထောင်းဖားပွဲတော် အခမ်းအနားနှင့် ညှိခံပွဲကို တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘေးတို့၏အိမ်တော်၌ ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားကို စစ်ဗျူဟာအဖွဲ့(အခြေချ)တာချီလိတ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ကိုထိုက်က နဝမအကြိမ်မြောက် အာခါရိုးရာ ခါးထောင်းဖားပွဲတော် အဖွင့်မိန့်ခွန်း ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## အိမ်ရှင်မြန်မာယူ-၁၉ အသင်းအာရှခြေစစ်ပွဲမအောင်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၇ အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအုပ်စု(ဂ)နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ အိမ်ရှင်မြန်မာအသင်းသည် ထိုင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး ခြေစစ်ပွဲမအောင်ခဲ့ပေ။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ယခုပွဲအနိုင်ရမှ ခြေစစ်ပွဲအောင်မည်ဖြစ်၍ ကြိုးစားကစားခဲ့သော်လည်း ထိုင်းအသင်းကို ရှုံးနိမ့်ကာ ခြေစစ်ပွဲမအောင်ခဲ့ပေ။ ထိုင်းအသင်းသည် မြန်မာအသင်းထက် ကစားပုံပိုကောင်းခဲ့ပြီး သုံးပွဲစလုံးအနိုင်ယူကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် အမာခံကစားသမားအစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး မြန်မာအသင်းသည် ပထမနှစ်ပွဲတွင် ကစားခဲ့သည့် လူစာရင်းအတိုင်း ပွဲထွက်လာခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ထိုင်းအသင်းကို ဖိကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးအချို့ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ သို့သော်မိနစ် ၂၀ ကျော်တွင် မြန်မာအသင်းကစားကွက်ပျက်သွားပြီး အမှားများလာသောကြောင့် ထိုင်းအသင်းဖိကစားလာနိုင်ခဲ့သည်။ အပေးအယူများပင် မှားနေသောကြောင့် ထိုင်းအသင်းအခွင့်အရေးပိုရခဲ့ပြီး

*စာမျက်နှာ ၁၄ ကော်လံ ၅* ❖



**မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်**